



Scanned by CamScanner

စာမူခွင့်ပြုချက်အမှတ်

၂၆၁/၂၀၀၃ (၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၇၇၇/၂၀၀၃ (၇)

ထုတ်ဝေသူ

ဒေါ်ဆွေဆွေအောင်

ဆွေဆွေအောင်စာပေ

၁၅၀၊ ဘိုလိမ်းလမ်း၊ မင်္ဂလာတောင်ညွန့်

ပုံနှိပ်သူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း

ပထမအကြိမ် ၂၀၀၃ ခုနှစ် အောက်တိုဘာလ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

Book Sharing

Scanned by CamScanner

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါး ဖြစ်သော ဖေဖေနှင့်မေမေအား ရုပ်နဲ့နာမ်တည်ပြီသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမှ မရည်ရွယ်ပါ။
တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

ဆွေဆွေအောင်





၁

" 'ရှောက်သီး' "
" 'ရှောက်သီး' "

'ရှောက်သီး' ဆိုသော အော်သံကြောင် 'နနွ' က အသံလာရာဆီသို့ လည်ပင်းလိမ်၍ကြည့်လိုက်ပါသည်။

ပြီးတော့ ဆက်လျှောက်ပါသည်။

အော်သံထပ်ကြားသဖြင့် လည်ပင်းလိမ်၍ ကြည့်ပြန်သည်။

'နနွ' နှင့်အတူ တွဲလျှောက်လာသော 'မေဝင်းနွယ်' က မျက်စောင်းလေးထိုးရင်း ...

" 'ရှောက်သီး' လို့အော်တာ... သူ့နဲ့ဘာဆိုင်လို့ လှည့်လှည့်ကြည့်နေတာလဲ... သူက 'ရှောက်သီး' ကြနေတာပဲ... ဟွန်း"

"ဟော့ကောင်... မင်း 'ရှောက်သီး' မဟုတ်လား"

အဲသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ဆံပင်တွန့်တွန့်နှင့် လူရွယ်

တစ်ယောက်ပြေးလိုက်လာရင်း လက်ကိုလည်း လှမ်းဆွဲထားရင်း အမောတကြီး မေးနေခြင်းဖြစ်သည်။

'နှင်း' က ထိုလူရွယ်ကို မြင်လိုက်ရသောအခါ ဝမ်းသာအားရ ပြေးဖက်ပြီး ပါးတစ်ဖက်ကို လှမ်းနမ်းလိုက်ရင်း ....

"ဟာ.. ဟော့ကောင် 'မုန်လာဥ' မင်းကတော့ အရင်ကလိုပဲ ပြုံးနေတာပဲ... တကယ်ပြောတာ 'မုန်လာဥ' မြင်တိုင်းမင်းကို သတိရတယ်ကွာ... အခု မင်းဘာလုပ်နေလဲ... ဘယ်မှာနေလဲ"

"ငါကျောင်းပြီးတာနဲ့ ဆိုင်းတန်းထိုင်တာပဲပေါ့ကွာ... သိတဲ့အတိုင်း ငါတို့အသိုင်းအဝိုင်းက အရောင်းအဝယ်သမားတွေဆိုတော့ မင်းဆေးကျောင်းတက်ရတယ်လို့ ကြားမိသား... အခုဆို ဆရာဝန် ဖြစ်လောက်ပြီပေါ့"

"ဖြစ်ပြီပေါ့... ဒါက 'ဒေါက်တာမေဝင်းနွယ်'... ငါနဲ့မကြာခင် လက်ထပ်တော့မယ့် သတို့သမီးလောင်းဆိုပါတော့ကွာ"

'မေဝင်းနွယ်' က လှမ်းပြုံးပြပြီး မျက်လွှာချထားသည်။

"'သံပုရာသီး' ရော ဒီမှာပဲလား"

"ဒီကောင်က သစ်တောအရာရှိဖြစ်နေတယ်... လောလော ဆယ်တော့ ကျောက်ပန်းတောင်းမှာ မကြာခင်ပြောင်းရမယ်ပြောတာပဲ"

"မင်းရဲ့အချစ်တုံးကြီးကိုရော သတိရသေးလား"

ထိုစကားကြောင့် 'မေဝင်းနွယ်' က မျက်လုံးလှန်ကြည့်သလို 'နှင်း' ကလည်း မျက်လုံးပြူးကြီးဖြင့် အလန့်တကြား ပြန်မေးပါတော့သည်။

"ငါ့အချစ်တုံးကြီး ဟုတ်လား... ဘယ်သူ့ကိုပြောတာလဲကွ"

"ဟား... ဟား.. တွေ့လိုက်တာနဲ့ ကိုက်နေခဲ့ရတဲ့ 'မရမ်းသီး' လေ"





"အော်... သူ့ကိုလား... ငယ်ငယ်တုန်းကတော့ သူ့ကို တကယ် မုန်းတာကွ... သူ့မျက်နှာကိုမြင်လိုက်ရတာနဲ့ အကုသိုလ်စိတ်တွေ လှုပ်ကိုစိတ်တွေ... ချက်ချင်းဝင်လာအောင်ကို သူ့ပုံစံက ဆွဲဆောင်မှုရှိလွန်းတာ... လက်သီးနဲ့ဆွဲထိုးချင်လွန်းလို့ အံကြိတ်ပြီး နံရံကို ပိတ်ပိတ်ထိုးခဲ့ရတာ အကြိမ်ပေါင်းမနည်းဘူး... သူ့အကြောင်း စဉ်းစားမိရင် ခုထိနှာခေါင်းရှုံ့ချင်တယ်... တစ်ခါတစ်ခါ သွားရင်း လာရင်း ကားပေါ်ကဆင်းတဲ့ ကောင်မလေးတွေ... ဆိုင်ကယ်စီး သွားတဲ့ ကောင်မလေးတွေ... ရုတ်တရက် စကတ်တို့ ထမိတို့ လန် သွားတာမြင်ရင် ကိုယ်ဟန်မဆောင်နိုင်အောင် ပြုံးမိရယ်မိလို့ ခဏ ခဏ မျက်စောင်းထိုးခံရတယ်... အမှန်တော့ ကိုယ့်မျက်လုံးထဲမှာ 'မရမ်းသီး' ကားပေါ်က ခုန်ဆင်းလိုက်တုန်းက စကတ်ကြီးလန့်သွား ပြီး သူ့ခေါင်းပေါ်မှာ သွားအုပ်နေတာ... ဘောင်းဘီတိုကြီးနဲ့ ပုံဆိုး ပန်းဆိုးဖြစ်သွားတာကို ငါတို့အုပ်စုများ မြင်သွားသလားလို့ အိမ်ထဲ လှမ်းကြည့်ပြီး ငါတို့ဝိုင်းဟားတာလည်းခံရရော ခွက်ထိုးခွက် လှန်ရယ် သံလည်းကြားရော သူ့မျက်နှာကြီး မဲပုတ်သွားပြီး ငါတို့ကို ဆဲဆိုကြိမ်း မောင်းပြီး အပေါ်ထပ်ကို လေကားပြုတ်ထွက်မတတ် ပြေးတက်သွား သံတွေကို ပြန်သတိရရင်း သတိလက်လွတ်ဖြစ်သွား မိတာ သုံးလေးခါမကဘူးကွ"

ထိုစကားကိုပြောင်း 'နှင်း' အားရပါးရ ရယ်မောနေသလို 'မုန်လာဥ' ဆိုသူကလည်း မျက်ရည်ထွက်မတတ်ရယ်နေပါသည်။

သူတို့ ယခုလို ဟားတိုက်ရယ်မောနေတာကို 'မရမ်းသီး' ဆို သူ ကောင်မလေးများ မြင်ရကြားရမည်ဆိုလျှင် အဘယ်မျှဒေါပွလေ မည်မသိ။

'မေဝင်းနွယ်' ကိုယ်တိုင်လည်း ရယ်နေမိပါသည်။

"လာလေကွာ... ငါတို့အိမ်ကိုလိုက်ခဲ့အုန်းလေ... အေးအေး



Scanned by CamScanner

ဆေးဆေး စကားပြောရအောင် စားသောက်ပြီးမှ မင်းတို့သွားချင်တဲ့နေရာလိုက်ပို့ပေးမယ်"

"အခုလောလောဆယ်တော့ လိုက်လို့မဖြစ်သေးဘူး၊ သူငယ်ချင်းရာ... 'မေဝင်း' အမျိုးတွေနဲ့ 'ဝယ်ဒင်' ကိစ္စ ဝယ်ဖို့ခြမ်းဖို့ 'ပိုး' တိုက်မှာ ချိန်းထားပြီးသားဖြစ်နေလို့... မင်းလိပ်စာပေးခဲ့လေ... ငါမနက်ဖြန်လာခဲ့မယ်... ဘယ်အချိန်လာရမလဲ"

"မင်းတို့က ဝန်ထမ်းတွေဆိုတော့ အချိန်နဲ့သွားလာရနေတာမဟုတ်လား... မင်းလာနိုင်မယ့်အချိန်သာ ဖုန်းဆက် ငါစောင့်နေမယ်"

"အိုကေ... အိုကေ"





'ပိုးထည်' ဆိုင်တွင် ဝယ်ခြမ်းပြီးနောက် 'နှင့်' က မကြာခင် ဖရီးတော်ရတော့မည့် သူများကိုရော ခယ်မတော်ရမည့် သူများကိုရော နံနက်စာ ကျွေးရန် " Feel " သို့ ပို့ပေးရန် ကားရှိရာသို့ခေါ်ခဲ့ပါသည်။

"ဟာ... ဟော့ကောင်... မင်း 'ချဉ်ပတ်' မဟုတ်လား"

ချစ်သူ၏ ကျယ်လောင်သောအသံနှင့် ဖရိုဖရဲဟန်ပန်ကြောင့် 'မေဝင်းနွယ်' မျက်မှောင်ကြုတ်ရပြန်သည်။

မိမိတို့နှစ်ယောက်ထဲ လျှောက်သွားနေစဉ်တုန်းက သူဘာပြောပြော၊ ဘာအော်အော် 'မေဝင်းနွယ်' ဘာမှ မပြောလိုပါ။

ယခု အစ်မနှင့် ညီမ ပါနေချိန်တွင် စောစောကလို ဖက်နမ်းတာမျိုး၊ တဝါးဝါးတဟားဟား ပေါကြောင်ကြောင် လုပ်တာမျိုး မလုပ်စေချင်ပါ။

'မေဝင်းနွယ်' ၏ အစ်မကြီးသည် မိဘချမ်းသာတာကြောင့်

Scanned by CamScanner

မာနကြီးသလို သူ့အလှ၊ သူ့ဓနအပြင် သူ၏ ခင်ပွန်းသည်၏ ဂုဏ်အရှိန်အဝါ၊ ငွေအရှိန်ဝါတွေကြောင့်ပါ မာန်မာနထောင်လွှားချင်သူဖြစ်သည်။

မိမိကို ပြောမရ၍ ဆွယ်မရ၍သာ 'နန္ဒ' နှင့် သဘောတူလိုက်ရခြင်းဖြစ်သည်။

'မမသွယ်' သဘောတူသူက စီးပွားရေးသမားကြီး တစ်ယောက်၏ သားတော်မောင်နှင့်ဖြစ်သည်။

အငယ်မ 'ရွှယ်' ကတော့ မိဘနှင့် 'မမသွယ်' တို့၏ အမိန့်နှင့်အရိပ်အောက်မှာ ထိုးမထွက်ဝံ့သူ။

ထို့ကြောင့် သူ့ရည်းစားကို စွန့်လွှတ်လိုက်ရပြီး ဆွေးနေသူ။

မိမိချစ်သူ 'ကိုနန္ဒ' ကတော့ ယနေ့မနက်ကျမှ ဘာဖြစ်နေသည်မသိ။

'ရောက်သီး' ဘဝရောက်သွားပြီး၊ သံပုရားသီး၊ မုန်လာဉ ကနေ ယခု 'ချဉ်ပေါင်' လို့အော်နေပြန်ပြီ။

သူတို့ပြောသမျှခေါ်သမျှကလည်း ကြားရယုံဖြင့် အကောင်းတစ်လုံးမျှမပါ။

ယခုလည်း 'ချဉ်ပေါင်' ဆိုသူလက်ကိုဆွဲ၍ ....

"ဟေ့ကောင်... တွေ့ရတာဝမ်းသာလိုက်တာကွာ... တွေ့ချင်နေတာလဲကြာပြီ"

"တော်စမ်းပါကွာ... တွေ့ချင်လာမှာပေါ့... လာချင်ရင် အနီးလေးပါ"

"မနီးဘူးဗျ... ပြောင်းသွားပြီးထဲက ငါတို့က မန္တလေးမှာနေတာ... ဒါက ငါ့သတို့သမီး 'မေဝင်းနွယ်'... ဟိုနှစ်ယောက်က မရိုးလောင်း... ခယ်မလောင်း... ရေ့လလယ် 'ကုန်သည်ကြီးဖျားဟိုတယ်' မှာ ညည်ခံပွဲရှိတယ်... အတော်ပဲ မင်းတို့ကိုလည်း ဖိတ်ရမယ်"





"ကြုံလို့ဖိတ်တာကြီးဖျားကွာ... မလာပါဘူး"

ထိုစကားကြောင့် 'မမသွယ်' မျက်ခုံးတစ်ဖက်မြင့်တက်သွားကြောင်း တွေ့လိုက်ရသည်။

"မင်းမလာလည်း ငါလာမှာပါကွာ... တိုက်တိုက်ဆိုင်ဆိုင် လွန်ခဲ့တဲ့ တစ်နာရီလောက်ကပဲ 'မုန်လာဉ' နဲ့တွေ့လိုက်သေးတယ်... ဒီကောင်က မင်းပြောသလိုမို့ထင်တယ်... ခုထိ နနုဖတ်ဖတ် ဖြူဖြူချောချောဗျ"

ထိုစကားကြောင့် 'ချဉ်ပေါင်' ၏မျက်နှာမှာ ညိုမဲပုပ်သိုးသွားပြီး ...

"ဘာလဲ... ဒီကောင်လူပုံကြည့်တော့ ဖြူဖျော့ဖျော့နဲ့ လူတွေရှေ့မှာ မျော့နွဲ့နွဲ့လုပ်နေပေမယ့် အတွင်းစိတ်က သိပ်ကြောက်စရာကောင်းတာ... အငြိုးသိပ်ကြီးတာ... ကလဲ့စားသိပ်ခြေတတ်တာ... သူ့ကို လှောင်ပြောင်ခဲ့တဲ့ ငါ့ကို လက်စားချေချင်လွန်းလို့ ငါ့နမကိုရအောင် ယူခဲ့တာတဲ့လေ"

'ချဉ်ပေါင်' က အံကြိတ်ပြီး ဒေါသတကြီးပြောနေသော်လည်း 'နန္ဒ' က အံ့သြဝမ်းသာသောပုံစံဖြင့် လက်ခုပ်လက်ဝါးတီးပြီး အားရအောင် ရယ်မောပြီးမှ ....

"ဟား... ဟား... ဟား 'အာလူး' ကို 'မုန်လာဉ' ကယူတယ် ဟုတ်လား... ဒါဆိုလည်း 'ကုလားဟင်း' ချက်ပြီး ငါးပိရည်နဲ့ ချဉ်ပေါင်တို့စားကွာ... ဟား... ဟား... ဟား ငယ်ငယ်ထဲက အပေါင်းဘူကြီး ပြင်းလာတဲ့ သူတွေဆိုတော့လည်း သံယောဇဉ်ရှိသွားလို့ နေမှာပေါ့ကွာ"

"ဘာသံယောဇဉ်မှရှိလို့မဟုတ်ဘူး... သူသံယောဇဉ်ရှိတာက 'ဘူးသီး' ကို... သူနဲ့အရင်ကြိုက်တာအရင်ရည်းစားဖြစ်တာက 'ဘူးသီး' နဲ့... 'ဘူးသီး' တို့ပြောင်းသွားရတာကို အခဲမကျေလို့



Scanned by CamScanner

မကျေနပ်လို့ အငြိုးဖွဲ့ပြီး 'အာလူး' ကိုချိုးတာ"

"ဒီကောင်လွှန်တာတော့ လွှန်တာပေါ့... ဒါပေမယ့် 'ဘူးသီး' နဲ့ကြိုက်နေမှန်းသိရင် 'အာလူး' က ဆင်ခြင်ရမှာပေါ့... ပြီးတော့ သူစိမ်းတွေလည်းမဟုတ်ဘူး... သွေးသားတော်စပ်နေတဲ့သူတွေပဲ ဟာ"

'မမသွယ်' ပုံစံက ဆက်မစောင့်ချင်တော့သလို မှန်ကုတ်ကုတ် လုပ်ပြနေပါပြီ။

မိမိချစ်သော 'ကိုနန္ဒ' က သစ်သီးတန်းထဲရောက်နေသလို 'မုန်လာဥ' ကနေစလိုက်တာ မရမ်းသီး၊ သံပုရာသီး၊ ဘူးသီး၊ အာလူး၊ စုံနေပြီ 'ချဉ်ပေါင်' လည်းပါသည်။ ကြာကြာဆက်နေလျှင် ဘာအသီး အနံ့တွေ ဆက်ပြောအုန်းမည်မသိ။

"'ကိုနန္ဒ' ရေ... သူငယ်ချင်းနဲ့တွေ့တုန်း အေးအေးဆေးဆေး စကားပြောချင်ပြောလေ... 'နွယ်' တို့သွားနှင့်မယ် ညနေကြမှ အိမ် ကိုလာခဲ့လေ"

"ဟာ... ခဏလေးနေပါအုန်းလား 'နွယ်' ရာ... ကိုယ် 'မမသွယ်' တို့ကို ထမင်းကျွေးချင်လို့ပါ... ကဲ 'ချဉ်ပေါင်' ကိုယ် နက်ဖြန် လာခဲ့မယ်...
အေးအေးဆေးဆေးစကားပြောချင်သေးတယ်ကွာ... အရင် အိမ်မှာပဲ မဟုတ်လား"

"ဟုတ်တယ်... ခုတော့တိုက်ဖြစ်သွားပြီ သုံးလွှာမှာနေတယ်"

"ဟုတ်ပြီ... ကိုယ်လာဖြစ်အောင်လာခဲ့မယ်"

'မမသွယ်' ၏ ဇင်ယော်တောင်မျက်ခုံးက အတွန့်မပြေသေးသလို မျက်ဆံနက်နက်နှစ်ခုက သူပန်ထားသော စိန်နားကပ်နှစ်ဖက်နှင့် အပြိုင်တဖျတ်ဖျတ်လက်နေပါသည်။ နောက်ကြည့်မှန်ထဲမှတဆင့် 'ကိုနန္ဒ' ကို မကြာခဏ လှမ်းကြည့်နေကြောင်းလည်း





တွေ့ရသည်။

"ဒီကောင်ပြောတာ ကိုယ်တော့သိပ်မယုံချင်ပါဘူး... ဒီကောင် က နာမည်နဲ့လိုက်အောင် တကယ်စိတ်ပုပ်ရှိတယ်... ငယ်ငယ်ထဲ က တစ်ဖွဲ့လုံးကို အနိုင်ကျင့်ချင်တယ်... အိမ်ရှင်သားဆိုပြီး ဗိုလ်ကျ နိုးမိုးချင်တယ်... 'မုန်လာဥ' လည်း သည်းမခံနိုင်လို့ ပြန်အရွဲ့တိုက် တာနေမှာပေါ့... ငယ်ငယ်တုန်းကတော့ သူသည်းခံချင်ခံမှာပေါ့... ဘာပဲဖြစ်ဖြစ် 'ချဉ်ပေါင်' လိုကောင်ကို ပြန်ပြီး ပညာပေးဆုံးမပြတာ တော့ တကယ်မှန်တယ်"

'မေဝင်းနွယ်' က မသိမသာ ပေါင်ကို လှမ်းဆိတ်ရင်း ...

"သူ မကောင်းမှန်းသိရင်လဲ ဘာဖြစ်လို့ ဝမ်းသာအားရလှမ်း ခေါ်ပြီး နှုတ်ဆက်နေသေးလဲ... မခေါ်မပြောနဲ့တော့ပေါ့"

"ငယ်ပေါင်းတွေကို ရုတ်တရက်တွေ့လိုက်ရတော့ ဝမ်းသာ လုံးဆို့ပြီး ခေါ်လိုက်မိတာလေ... ဒီကောင်မကောင်းပေမယ့် တ ကယ့်ငယ်ပေါင်းအစစ်လေ... မနက်မိုးလင်းလို့ မျက်လုံးနှစ်လုံးဖွင့် တာနဲ့ မျက်နှာတောင်မသစ်ရသေးဘူး ဝရံတာမှာ ပဲပြုတ်သည် ထွက်စောင့်ရင်း ဂေါ်လီရိုက်ချင်ရိုက်နေကြတာ... ဘယ်လောက် ဆော့သလဲဆိုရင် ပဲပြုတ်သည်အိမ်ရှေ့က အော်ပြီးထွက်သွားတာ တောင် မသိလိုက်ကြဘူးလေ... ငြင်းနေခုန်နေကြလို့ ဟား...ဟား ဟား... တကယ်ပြန်တွေးကြည့်တော့ ဘယ်သူမှ မကောင်းသလိုဘဲ အားလုံးညစ်နေ့ ငြင်းနေကြတာကြီးပဲ"

"'မောင်နန္ဒ' တို့က အိမ်ငှားတွေပေါ့"

"ဟုတ်တယ် 'မမသွယ်'... 'ချဉ်ပေါင်' တို့အဘွားက နှစ်ထပ် တိုက် ပိုင်ရှင်လေ... တစ်ခြမ်းကို ငှားထားတာ... တစ်ခြမ်းရဲ့ အပေါ်ထပ်မှာ 'မုန်လာဥ' တို့မိသားစု... အောက်ထပ်မှာ ကျွန်တော်တို့ မိသားစု... ဟိုဘက်ခြမ်းရဲ့အပေါ်ထပ်မှာ 'ချဉ်ပေါင်' ရဲ့အဒေါ်နေ



Book Sharing

Scanned by CamScanner

တယ် 'ချဉ်ပတ်' တို့ကအောက်ထပ်လေ"

"ကျဉ်းကျဉ်းလေးတွေပေါ့"

"ဟာ... ကျဉ်းတာပေါ့... စာကလေးအိမ်လေးတွေမြင်ဖူးတယ် မဟုတ်လား... တစ်ပုံစံတည်းပဲ... ထပ်ခိုးလေးတွေ ထပ်ထည့်လိုက်တော့ အောက်ထပ်လည်း နိမ့်သွားတယ်... ထပ်ခိုးပေါ်မှာဆို ခါးကုန်းပြီး လျှောက်ရတာ"

ကြွားလုံးထုတ်နေသော ချစ်သူကို 'မေဝင်းနွယ်' အံကြိတ်ပြီး ဆွဲဆိတ်နေပြန်ပါပြီ။ 'နန္ဒ' နာသွားသဖြင့် လက်ဝါးနှင့်ပွတ်ခြေရင်း 'မေဝင်းနွယ်' ကိုကြည့်သည်။ 'မေဝင်းနွယ်' က မျက်မှောင်ကြုတ်၊ အံကြိတ်ပြီး လျှာမရှည်ရန် လက်ဟန်ခြေဟန်နှင့် လုပ်ပြသည်။ ထို့ကြောင့် 'နန္ဒ' ပါးစပ်ပိတ်သွားပါသည်။

"ငယ်ငယ်တုန်းက အိမ်ငှားနေတယ်ဆိုတော့ အခုရော"

"ကိုယ်ပိုင်အိမ်နဲ့ နေနိုင်ဖို့ဆိုတာကလည်း ကုသိုလ်ကံပါလာအုံးမှလေ...ကျွန်တော့်မိဘနှစ်ယောက်လုံးက ဝန်ထမ်းတွေဆိုတော့ အပိုအလျှံသိပ်မရှိပါဘူး...သားသမီးတွေကို ပညာတတ်ဘွဲ့ရတဲ့အထိထားနိုင်အောင် ကြိုးစားနေကြရတာလေ... ကံကောင်းချင်တော့ 'ချဉ်ပတ်' တို့ မိသားစုက သူတို့အိမ်ခန်းကို ပြန်လိုချင်လို့ ကျွန်တော့်တို့အိမ်ငှားတွေကို နေရှိသရွေ့ နှင်ထုတ်နေကြတာ... ပတ်ဝန်းကျင်ကလဲမြှောက်ပေးကြတယ်... ဆင်းမပေးနဲ့ အိမ်စဆောက်တုန်းကတည်းကနေလာကြတာ... ဘိုးဘွားစဉ်ဆက်နေလာကြတာ... ဆင်း ချေချင်ရင် ငွေဘယ်လောက်တောင်း... ဘယ်မျှတောင်းနဲ့... ကျွန်တော် လေးငါးနှစ်ထဲက ဒီကိစ္စဖြစ်ပြီး တစောင်းစေးနဲ့မျက်ခြေးဖြစ်နေကြတာလေ... ကျွန်တော် ဆယ်တန်းရောက်တဲ့နှစ်မှာ ပြောင်းဖြစ်သွားတာ... ကျွန်တော့်မိဘတွေကံကောင်းတယ် ပြောရမလားမသိဘူး... ကိုယ့်ဘိုးဘွားပိုင်အိမ်မဟုတ်ဘဲ ဆွေမတော်မျိုးမတော်ဘဲ





အမွေရသလိုကိုရတာ... အဲဒီငွေရတုန်းက ကျွန်တော်ရက်ပြီး မပြောင်းမချင်း အိမ်ပြင်တောင်မထွက်ဘူး"

'မေဝင်းနွယ်' စိတ်ပျက်ပြီး ပါးစပ်ပိတ်၍ ထိုင်နေပါတော့သည်။ 'မမသွယ်' ကတော့ ခေါင်းတညိမ့်ညိမ့်ဖြင့် ခေတ်သစ်မိလျှံနာကြီးပြောတာတွေကို နှုတ်ခမ်းလေးမဲ့၍ နားထောင်နေရာမှ...

"မင်းနဲ့ 'နွယ်' လက်ထပ်ပြီးရင် နေဖို့အိမ်စီစဉ်ပြီးပြီလား"

"မန္တလေးက နှစ်ထပ်အိမ်ကို လေးခန်းလုပ်လိုက်တယ်လေ... အဖေအမေတစ်ခန်း... သားသမီးတွေ အိမ်ထောင်ကျပြီးရင်နေဖို့ တစ်ခန်းစီပေးလိုက်တယ်... ကျွန်တော်တို့ ငယ်ငယ်ကနေခဲ့တဲ့ စာကလေးအိမ်ထက်ကျယ်ပါတယ်... ကိုယ့်အခန်းမှာကိုယ် လွတ်လွတ်လပ်လပ်နေထိုင် ချက်ပြုတ်စားလို့ရအောင် အားလုံးလုပ်ထားပြီးပြီ... တကယ်စဉ်းစားကြည့်တော့လည်း နေဖြစ်ကြမှာမဟုတ်ပါဘူးလေ... တာဝန်ကျတဲ့ဆီ နှစ်ယောက်လုံးသွားနေကြရမှာဆိုတော့ ပင်စင်ယူမှပဲ သွားနေဖြစ်ကြမှာပါ...ကျွန်တော်တို့ခြံနဲ့တိုက်တောင်ဘာလိုလိုနဲ့ သိန်းတစ်ရာကျော်တန်နေပြီတဲ့ဗျာ"

"ခြံကကျယ်လို့လား"

"သိပ်မကျယ်လှပါဘူး...ဘေးပတ်လည်မှာ လေးငါးပေလောက်ပဲ မြေပိုရှိတာ"

"ခြံထဲကားဝင်လို့မရဘူးပေါ့"

"ဘယ်ရမလဲ"

"ဒါဆိုကားဘယ်သွားထားလဲ"

"ဘယ်မှာမှ မထားရပါဘူး 'မမသွယ်' ရာ ကားမှမရှိတာ"

'မမသွယ်' မျက်နှာက လှောင်ရာမှ ရယ်ချင်သလိုဖြစ်နေမှန်းသိသာသည်။ 'မမသွယ်' နှိမ်ချင်လို့ လျှောက်မေးနေမှန်းသိရက်တမင်ကိုယ့်ပေါင်ကိုယ်လှန်ထောင်နေတာလား။ ဒါမှမဟုတ်



Scanned by CamScanner

'မမသွယ်' နိမ်နေမှန်းမသိလို့ သူ့ကိုယ်သူ ချမ်းသာလှပြီထင်ပြီး ကြွားနေတာလားမသိပါ။

'မေဝင်းနွယ်' ကတော့ နံလွှန်းအလွှန်းသော ချစ်သူကို လက်ဇော့တိုးသလိုသာ လေးငါးချက်ပိတ်ထိုးပြီး ပါးစပ်ပိတ်အောင် လုပ်ပစ်ချင်နေပါတော့သည်။

"ကားမရှိဘဲ မန္တလေးလိုနေရာမျိုးမှာ နေရသွားရတာ မခက်ဘူးလား... သူတို့တစ်ပြည်ဆိုတာ မျက်စေ့တဆုံးပဲ"

"ဆိုက်ကားစီးမလား... စက်ဘီးဆီးမလား.... ကြိုက်သလိုစီးသွားနေကြတာပဲ... လေကောင်းလေသန့်တောင် ရှူရလို့ ကျန်းမာရေးနဲ့တောင် ညီညွတ်နေသေးတယ်... ကျွန်တော့်မိဘတွေကတော့ တစ်ယောက်စက်ဘီးတစ်ဘီးစီနဲ့ သွားလိုရာခရီးအစဉ်ပြေနေကြတာ... အခုတစ်ခေါက်ကျွန်တော်ပြန်ရောက်တော့ တရုတ်မော်တော်ဆိုင်ကယ်အသစ်ချပ်ချွတ်တစ်စီးဝယ်ထားတယ်... 'မေဝင်းနွယ်' နဲ့ လက်ထပ်ပြီးရင် စီးဖို့လက်ဖွဲ့တာတဲ့"

"ဘယ်လောက်ပေးလိုက်ရလဲ"

"နှစ်သိန်းခွဲထင်တယ်"

"ဟင်... ပေါလှချည်လား... အဲသလောက်ပေါတယ်လို့ တစ်ခါမှ မကြားဖူးပါဘူး"

'မမသွယ်' မျက်လုံးရော နီရဲနေအောင်ဆိုးထားသော နှုတ်ခမ်းနှစ်လွှာပါ အပြင်သို့ ရှထွက်လာသည်အထိအံ့ဩနေခြင်းဖြစ်သည်။

"ပေါ်ဆို တရုတ်ကဆိုင်ကယ်တွေ အရမ်းဝင်တာ... ရပ်ကွက်ထဲမှာ မှိုလိုပေါက်အောင်စီးနေကြတာ"

"အန္တရာယ်များပါတယ်ကွယ်... ငါ့ညီမလေး နေဒဏ်လေဒဏ်တွေခံရတဲ့အပြင် ခြေတွေလက်တွေ ကျိုးကုန်ပါ့မယ်... ဆိုင်ကယ်စီးတဲ့လူတွေ ခဏခဏတွေ့ဖူးတယ်... ခဏခဏမှောက်တာလဲတာ



တွေအပြင် ကိုယ်ကဝင်မတိုက်ဘဲ ကားကဝင်တိုက်ရင် လွင့်ထွက်သွားတတ်တာ... တစ်ခါလေ ကားအောက်မှာ ပြားနေတာ... ဘုရား... ဘုရား အဲဒါတော့ စီးပြီးမသွားခိုင်းပါနဲ့... 'နွယ်' အတွက် 'မမသွယ်' အခုစီးနေတဲ့ "MARK-2" ကို လက်ဖွဲ့မှာပါ... သိန်းရာကျော်တန်တယ်နော်... မေမေနဲ့မေမေက 'နွယ်'အတွက် ခြံနဲ့တိုက်ကလေး လက်ဖွဲ့အုန်းမှာ အခုခေတ်ကာလပေါက်ဈေးနဲ့ဆိုရင် သိန်းလေးငါးရာတော့တန်တယ်"

'နံ့နံ့' တစ်ယောက် စောစောကလို အာဘောင်အာရင်းသန်သန် မပြောတော့။ လက်သီးလက်မောင်းတန်းပြီး ဖင်တကြွကြွမဖြစ်တော့။ ကားကူရှင်ကိုမှီပြီး ပါးစပ်ပိတ်ထိုင်ပြီး မျက်မှောင်ကြုတ်၍ စဉ်းစားသလိုလုပ်နေတော့သည်။



၂

"'နွယ်' တစ်ယောက်တော့ခက်တာပဲ... ကိုယ်ယှမယ့် ယောကျ်ားရဲ့ နောက်ခံသမိုင်းကို လေ့လာခဲ့ပုံမပေါ်ဘူး... ရုပ်ကလေး ကြိုက်တာနဲ့ လက်ခံလိုက်တာထင်တယ်"

'နွယ်' နားရွက်နှစ်ဖက်ကားတက်သွားသလို မျက်ခုံးနှစ်ဖက် လည်း မြင့်တက်သွားပါသည်။

သို့သော် နှုတ်ကတော့ပိတ်နေပါသည်။

ဟုတ်ပါသည်။

ဆေးကျောင်းတက်နေသမျှကာလများတွင် 'နွယ့်' ကို ချစ်ရေး ဆိုသူသုံးလေးဦးရှိပါသည်။ ထိုသူတွေထဲတွင် 'နန္ဒ' က ကိုယ်ပိုင် ကားမရှိ။ ရှိုးခမိုးမရှိ။

သို့သော် 'နန္ဒ' ၏ အရုပ်အမောင်း၊ ကိုယ်နေဟန်ထား၊ ဆံပင် ပုံစံ၊ ပြောပုံဆိုပုံ၊ မျက်လုံးဌွေကြည့်တတ်ပုံ၊ မျက်စပစ်တတ်ပုံ၊





လေချွန်ပုံ၊ တစ်ခါတစ်ရံ အရူးထပြီး စီးကရက်ကိုဟန်ပါပါသောက် တတ်ပုံ၊ အပျော်လွန်သွားချိန်တွင် 'ဘရိတ်ဒန့်စ်' ကသလို ကိုယ့် ကားယားလုပ်တတ်ပုံ၊ သူ့ဖရိုဖရဲနှင့် ဟာသလုပ်သမျှကို 'နွယ်' တို့ ကျောင်းသူတစ်ချို့ တိတ်တခိုးကြည့်နူးနေခဲ့ကြပါသည်။ သူတို့ ယောကျ်ားလေးအချင်းချင်းပင် 'နန္ဒ' ၏ စတိုင်များကို ငေးကြည့်နေ တတ်ကြပါသည်။

ဆံပင်ခပ်တိုတို၊ မျက်ခုံးမျက်လုံးကောင်းပြီး နှာတံပေါ်သော 'နန္ဒ' သည် "နိုင်ငံခြားရုပ်ရှင်မင်းသား ဘရတ်ပစ် (တ်)" နှင့်တူ သည်ဟု ထင်မိသည်။

ကျောင်းစာအုပ်လေး ခါးကြားထိုး၍ လာလျှင်လည်း ကြည့် ၍ကောင်းသည်။ လွယ်အိတ်နှင့်လာလျှင်လည်း ကြည့်၍ကောင်း သည်။ 'နန္ဒ' က ရုပ်ချော၊ ခဏ့်ကိုင်ကောင်းပြီး၊ လမ်းလျှောက်သည့် ပုံစံလှသဖြင့် ကားနှင့်ကျောင်းတက်နိုင်သူများကို စိတ်မဝင်စားမိ တာအမှန်ပါ။ သူလမ်းလျှောက်ပြီး မိမိမြင်ကွင်းထဲရောက်လာမည့် အချိန်ကိုသာ မျက်လုံးဒေါက်ထောက်ပြီး ကြည့်နေခဲ့သည် မဟုတ် လား။

"ဖြစ်နိုင်ရင် ဒီကောင်လေးနဲ့ ယှမယ့်အစီအစဉ်ကို ဖျက်ပစ် လိုက်ရင်ကောင်းမယ်ထင်တယ်"

"ဟင်... ဘာဖြစ်လို့လဲ 'မမသွယ်' ရယ်"

'နွယ်' က တင်ပါးကို ပြွေပေါက်လိုက်သလို တွန့်ကနဲဖြစ် သွားပြီး မတ်တတ်ပင်ရပ်ရက်သားဖြစ်သွားတော့သည်။ မျက်ရည် များချက်ချင်းဝဲတက်လာပြီး စိုးရိမ်တကြီးလေး မေးလိုက်ခြင်းဖြစ် သည်။

"မကြိုက်ဖူးကွာ... ပုံစံကို လုံးဝမကြိုက်ဘူး... သိပ်အောက် တန်းကျတယ်... ပြောတာဆိုတာကလည်း အောက်တန်းစားလိုပဲ...

ဆရာဝန်ဆို တဲ့အလုပ်အကိုင်နဲ့ သူ့ပုံစံနဲ့ တန်တောင်မတန်ဘူး"

"ဟာ... 'မမသွယ်' အထင်လွဲနေတာပါ... သူကပျော်တတ်နောက်တတ်လွန်းတယ်"

"အိုအေ... ဘာပဲဖြစ်ဖြစ် ဒီကနေ့ဟာ သူ့အတွက်အရေးကြီးတဲ့ နေ့တစ်နေ့မဟုတ်ဘူးလား... သတို့သမီးဘက်က သူ့ကို အကဲခတ်နေမယ်ဆိုတာ သတိထားဖို့သင့်တာပေါ့... ဖိတ်စာအပ်ပြီးပြီ အဝတ်အထည်အပ်ပြီးပြီ... ငါပိုင်ပြီဆိုပြီး ဘဝင်မြင့်နေတာလား... ဒါမှမဟုတ် 'နွယ့်' မိသားစုဟာ သိပ်ပိုက်ဆံချမ်းသာပြီး သိပ်ဂုဏ်မောက်နေတဲ့လူတွေလို့ သတ်မှတ်ထားပြီး လှောင်သလိုလို ပြောင်သလိုလို လုပ်နေတာလား မသိဘူး... သူပြောသမျှစကားတွေကို 'မမသွယ်' လုံးဝ နားဝင်ပီယံမဖြစ်ဘူးကွယ်"

'မမသွယ်' က လက်ပိုက်၍ လမ်းလျှောက်ရင်း ပြောနေခြင်းဖြစ်သည်။

ကိုယ်လုံးအလွန်လှသူ၊ ရုပ်အလွန်လှသူဖြစ်၍ ကလေးသုံးယောက်မွေးထားသော်လည်း မိန်းမလှစာရင်းဝင်နေဆဲ။ မျက်လုံးကြီးတွေကအရည်လဲ့ပြီး တဖိတ်ဖိတ်တဖျတ်ဖျတ်လက်နေဆဲ။ သူ့အလှ နှင့်အပြိုင် သူ့ဓနကလည်း တရှိန်ရှိန်တက်နေပါသည်။ သူမနား ပေါ်မှ စိန်နားကပ်ကြီးက တဖြိုးဖြိုး တဖျတ်ဖျတ်လက်နေသည်။ သူ များတွေ စိတ်လော်ကတ်တစ်ခုဝယ်ဘို့ အများကြီးကြိုးစားနေချိန်တွင် သူ့လည်ပင်းတွင် စိန်လော်ကတ်ပုံစံမျိုးစုံ၊ စိန်ကြိုးပုံစံမျိုးစုံကို မရိုးရအောင်ဝတ်နိုင်သူ။ သူနေ့စဉ် အပျော်ဝတ်နေသည့် ထသွားထလာဝတ်နေသော စိန်ထည်များကပင်မှန်ဗီရိုအံဆွဲထဲတွင်မနည်း။ ဒီလို သူဝတ်နိုင်အောင်လည်း ဦးနောက်ကောင်းခဲ့ပါသည်။

သူ့ချစ်သူ လူချောလူလှ လူ့ဘောကျော့ကို စွန့်လွှတ်ခဲ့ပြီး မိ





ဘ ပေးစားသော ရုပ်မချောသောသူ့ထက်အသက် (၁၀) နှစ်ကြီးသော စိန်ကုန်သည်၊ စိန်တိုက်ပိုင်ရှင်ကို ယူခဲ့သူဖြစ်သည်။

"သူ့အသိုင်းအဝိုင်းအကြောင်းမေးတော့လည်း ကပျက်ကချော်တွေလျှောက်ပြောနေတယ်... ဘာတစ်ခုမှ အထင်ကြီးစရာမရှိဘူး... တကလေးအိမ်နဲ့နေခဲ့တဲ့လူကိုများ မင်းမို့ လက်ထပ်ဖို့ စဉ်းစားတယ် 'နွယ်' ရယ်... မင်းနဲ့သူနဲ့ မတန်ဘူးနော်... စဉ်းစဉ်းစားစားလုပ်အုံး 'မိနွယ်' "

'နွယ်' က သက်ပြင်းရှည်ကြီးချရင်း ...

"ခုမှတော့ နောက်မဆုတ်နိုင်းပါနဲ့တော့ 'မမသွယ်' ရယ်... ဖေတို့မေတို့လည်း ခွင့်ပြုထားခဲ့တာကြာပြီပဲ"

ထိုစကားကြောင့် 'သွယ်' ဒေါသထွက်သွားပြီး ...

"လူကြီးတွေကို နင်လှည့်လို့ရချင်ရမှာပေါ့ 'နွယ်'... သူတို့က နင်ငယ်ငယ်ထဲက အရှုံးပေးပြီးရင်း ပေးခဲ့ကြရတာကိုး... စာတော်တာလေးတစ်ခုနဲ့ ထေခဲ့ကြတာ... မသွားနဲ့ဆိုရအောင်သွားတယ်... မလုပ်နဲ့ဆို ရအောင်လုပ်တယ်... ဆယ်တန်းတစ်နှစ်ကျလို့ဆိုပြီး မန္တလေးမှာသွားဖြေတယ်... မန္တလေးမှာအောင်လို့ဆိုပြီး နင်ဟိုမှာ ဆေးကျောင်းတက်ဖို့ပူစာတယ်... မိဘဆွေမျိုးသားချင်းကွယ်ရာမှာ နေပြီး နင်ထင်ရာလုပ်တယ်... ဒီကောင်နဲ့တစ်မြို့တည်းနေပြီး ကျောင်းတက်ခဲ့တာ... နင် သူ့အသိုင်းအဝိုင်းကို မစုံစမ်းခဲ့ဘူးလား"

"သူ့ မိဘတွေက ဝန်ထမ်းတွေပဲ... သူလည်း အဆောင်ကနေတက်တာပဲ"

"လူမှာအမျိုး ကြက်မှာအရိုးတဲ့... မျိုးရိုးမကောင်း စရိုက်မကောင်းတဲ့ထဲကဆိုရင် ဒုက္ခပဲ... မယုံကြည့်နေ ယူပြီးရင် နင်ဒူးနဲ့မျက်ရည်သုတ်ရမှာပဲ"

"ဘာဖြစ်လို့လဲ... 'နွယ့်' ကို ချစ်လို့ယူတာပဲ"



Scanned by CamScanner

"တွေ့သမျှမိန်းကလေးတွေကို လိုက်မချစ်ဘူးပြောနိုင်မလား သူ့ပုံစံက ဟန်တွေဆိုက်တွေ အရမ်းများလွန်းတယ်... ပွေမယ့်ပုံကြီး"

"သူ့ကို 'နွယ်' တို့အဖွဲ့ထဲက ကောင်မလေးတွေရော...ဆေးရုံ ကနာ့ခ်မလေးတွေရော..ဆရာဝန်ဖြစ်ကာစ ကောင်မလေးတွေရော မဆွတ်ခင်ထဲက ညွှတ်နေကြတာပဲ... ဒါပေမယ့် သူက 'နွယ့်' ကိုနှစ် ပေါင်းများစွာ ချဉ်းကပ်ခဲ့တာ... ကျောင်းပြီးမှ 'နွယ်' အဖြေပေးတာ မေမေတို့ကိုဖွင့်ပြောတာ"

"အေးလေ... နင့်လူက လူပါးပဲလေ... နင့်အသိုင်းအဝိုင်း တောင့်မှန်းသိလို့နေမှာပေါ့"

"ဒီစကားသူကြားရင် စိတ်ဆိုးလိမ့်မယ်... သူနဲ့တွေ့ပြီး 'မမသွယ်' ဂျိုကြသလို သူကလည်း 'မမသွယ်' ပြောတဲ့စကားတွေကို ဘာဝေဖန်အုန်းမလဲမသိဘူး"

"အလိုတော်... သူ့အတွက် ဒီကစေတနာနဲ့လည်းပြောနေ ရသေးတယ်... သူက သူ့လူ့ဘက်ကနာ့နေလိုက်တာ"

"သည်သဘောနဲ့ပြောတာမဟုတ်ပါဘူး 'မမသွယ်' ရယ်... သူက ငွေတွေ ဂုဏ်တွေမက်လို့ ချစ်ခဲ့ယူခဲ့တဲ့လူမှ မဟုတ်တာ"

"အေးဒါဆိုလည်း... ကားတို့ တိုက်တို့ လက်မဖွဲ့တော့ဘူးလို့ ပြောလိုက်"

'နွယ်' စိတ်ကိုမချုပ်တီးနိုင်တော့ပါ။

"အဲဒီစကားတွေ 'မမသွယ်' ပဲထပ်တလဲလဲပြောနေတာပါ နော် ဘယ်သူကမှလည်း အဲဒါတွေပေးပါ လက်ဖွဲ့ပါလို့ ပူဆာနေတာ တောင်းနေတာမဟုတ်ဖူးလေ... 'မမသွယ်' ဒါတွေပြောမယ်ဆိုတာ သိလို့လည်း သူက မမက်တဲ့သဘောနဲ့ သူဆင်းရဲပါတယ်... သူ့အသိုင်း အဝိုင်း မကြီးကျယ်ပါဘူးလို့ ဖြောင်ဖွင့်ပြောတာနေမှာ



ပေါ့ အိမ်မှာ နေတုန်းက 'မမသွယ်' ကားလက်ဖွဲ့မယ်လို့ တစ်ခါမှ မပြောဖူးပါဘူး သိန်းငါးရာလောက်တန်တဲ့ ခြံနဲ့တိုက်လက်ဖွဲ့မယ် လို့ မေမေတို့ကလည်း တစ်ခါမှ မပြောဖူးပါဘူး... ဘာလို့သူ့ရှေ့ကြမှ ဒါတွေလျှောက် ပြောသေးလဲ"

"နင့်အကောင်က အရင်စပြီး ငါ့ကိုချတ်တာ... ခင်ဗျားကြီး ချမ်းသာတာ အထင်မကြီးဘူး... ဂရုမစိုက်ဘူးဆိုတဲ့သဘောနဲ့ သူများအိမ်မှာငှားနေတဲ့အကြောင်း သူများမပေးချင်တဲ့ ငွေနဲ့ခြံ ဝင်းဝယ်တဲ့အကြောင်း ဆိုက်ကားပဲစီးရတဲ့အကြောင်းတွေ ပြော နေတာဟာ ငါ့ကို စော်ကားတာမဟုတ်ဘူးလား... လှောင်တာ ပြောင်တာ မဟုတ်ဘူးလား"

"အို... မသိဘူး... မသိဘူး... 'နွယ်' အရမ်းစိတ်ရှုပ်တယ်... စိတ်ညစ်တယ်... နက်ဖြန်သဘက် လက်ထပ်ပြီး ဆွေမျိုးတော်ရ တော့မယ့် အရေးမှာ ဒါတွေပြိုင်နေစရာ ပြောနေစရာမလိုတော့ဘူး ထင်တာပဲ"

'ဒေါ်အေးဝင်းသွယ်' ခါးနှစ်ဖက်ပေါ်လက်ထောက်ပြီး ...

"အော်... ညည်းတယ်စွာနေပါလား... ဘယ်တုန်းက ဒါမျိုးပြန် ခံပက်ဖူးလို့လဲ... လူရမ်းကားနဲ့တွဲတော့ ရိုင်းစိုင်းလာပြီပေါ့ ဟုတ် လား... ဒါတောင်မယူရသေးဘူး... အတူမနေရသေးဘူး... အတူနေ ရရင်ဘယ်လောက်ပွေမယ်မသိဘူး"

"ယူပြီးရင် ဆွေမျိုးသားချင်းနဲ့ အတူတူနေနိုင်ဖို့ထားအုံး 'နွယ်' တို့ ရိုတဲ့ဘောင် အတူတူနေဖို့ အချိန်အများကြီးရမှာမဟုတ် ဘူး... အလုပ်ကိုယ်စီနဲ့ တာဝန်ကျတဲ့ နေရာသွားနေကြရမှာ 'မမသွယ်' သူ့ကိုကြည့်မရဘူးဆိုရင်လည်း မျက်စေ့နောက်အောင် မနေဖို့ သတိပေးထားမှာပါ"

မိခင်ဖြစ်သူ 'ဒေါ်အမာကြည်' က သမီးနှစ်ယောက်ကြားဝင်



Book Sharing

Scanned by CamScanner

တိုင်ပြီး …

"အေးအေးဆေးဆေး ဆွေးနွေးကြစမ်းပါကွယ်… သမီးကြီးက စေတနာနဲ့ပြောပေမယ့် သမီးငယ် သဘောမပေါက်တော့ ဝေဒနာဖြစ်ကုန်ရော"

" 'သွယ်' စေတနာကို သူတစ်နေ့နားလည်လာလိမ့်မယ် မေမေသူတို့ချစ်ခြင်းကို မခွဲချင်လို့ 'သွယ်' ဝင်မဖျက်တာ… အိမ်ကလူကြီးတွေမသိအောင် နှစ်ပေါင်းများစွာ ရည်းစားထားလာခဲ့တယ်၊တတွဲတွဲနေလာခဲ့တယ်… 'သွယ်' တို့သာမသိတာ သူတို့စုံတွဲကို သူတို့ပတ်ဝန်းကျင်မှာ မသိချင်အဆုံး မမြင်ချင်အဆုံးပဲ… ဟိုကောင်ကဘယ်လက်လွှတ်ခံပါတော့မလဲ"

"အိမ်ထောင်ပြုတယ်ဆိုတာလည်း ကံနဲ့ဆိုင်တာပဲလေ… ကိုယ့်လက်ထဲကျမှ ကောင်းချင်လဲကောင်းလာမှာပေါ့ သမီးကြီးရယ် 'မောင်နန္ဒ' ဟာ လူချမ်းသာအသိုင်းအဝိုင်းက မဟုတ်ပေမယ့် လူမျိုးလည်းဖြစ်တယ်… သမီးလတ်ကိုလည်း နှစ်ရှည်လများချစ်ခဲ့တယ်… လက်ထပ်ဖို့အထိလည်း တန်ဖိုးထားခဲ့တယ်… ဘာသာလည်းတူတယ်… မိန်းမတစ်ယောက်ကို တင့်တောင်တင့်တယ် ဂုဏ်ရှိရှိထားနိုင်တဲ့ ပညာအရည်အချင်း အလုပ်အကိုင်လည်းရှိနေတဲ့အပြင်ကိုယ့်သမီးကလည်း ဒီလူ့ကိုပဲ ချစ်မြတ်နိုးနေတယ်ဆိုတော့ မိဘတို့ဝတ္တရားရှိတဲ့အတိုင်း ခွင့်ပြုရတော့မှာပေါ့"

"ဒါဆို မေမေဘယ်တရားမလဲ… 'သွယ့်' တုန်းကကျတော့ 'သွယ့်' ချစ်သူနဲ့အတင်းခွဲတယ်… 'ရွယ့်' ကိုလည်းအတင်းခွဲတယ်"

" 'သွယ့်' တုန်းက အတင်းခွဲရတာက 'သွယ့်' ရည်းစားကမုးယစ်ဆေးစွဲနေလို့ပါကွယ်… အခုမေမေက ပေးစားတာကိုယူတော့ 'သွယ်' ရွှေဘုံပေါ်တင်မဟုတ်ဘူး စိန်ပုံပေါ်မှာ စံနေရတယ်မဟုတ်လား… သမီးလေး 'ရွယ်' ကိုခွဲရတာလည်း စိတ်တော့မကောင်းဘူး…





ကောင်လေးက ရှစ်နှစ်တောင်ငယ်တယ်… ဆယ်တန်းလည်းမအောင်ဘူး… မိဘအသိုင်းအဝိုင်းကလည်း တောင့်တောင့်တင်းတင်းမရှိတဲ့အပြင် အရက်သမား ဖဲသမား လောင်းကစားသမားတွေလို့အနိုင်အမာသိရသလို… 'ရွယ်' နဲ့ယောင်းမတော်ရမယ့် ကောင်မလေးတွေကလည်း အကျင့်စာရိတ္တသိပ်မကောင်းဘူးလို့ ပြောကြလို့ပါ… မေမေကိုယ်တိုင်လည်း စုံစမ်းခဲ့ပါတယ်… 'မောင်နန္ဒ' ကို လက်ခံခဲ့တာကမချမ်းသာပေမယ့် 'မောင်နန္ဒ' တို့မိဘတွေရောမောင်နှမတွေရောဟန်ပန် မရှိဘူး… ဇာတ်ရှုပ်မရှိဘူး… ပွင့်လင်းလွန်းပြီး မဟုတ်မခံပြန်ပက် တတ်တယ်လို့တော့ ပြောကြတယ်"

"မေမေကိုယ်တိုင်က ဘက်လိုက်နေမှန်းသိသာလွန်းတယ်… 'သွယ်' ကတော့ မိဘတွေမျက်နှာကိုထောက်ပြီး မင်္ဂလာပွဲပြီးအောင်သည်းခံဆက်ဆံပေးသွားယုံပဲ… ပွဲပြီးရင် ကိုယ့်လမ်းကိုယ်လျှောက်ကြယုံ…"

"ရေကိုသာဖြတ်လို့ရတာပါ 'သွယ်' ရယ်… မင်းညီမကို မတွေ့ဘဲနေနိုင်တာကြလို့… အရေးကြီးတော့ သွေးနီးတယ်ဆိုတဲ့ စကားကို ဘယ်သွားထားမှာတဲ့လဲ"

"လာချင်ရင် 'နွယ်' တစ်ယောက်တည်းလာ…ဟိုကောင်ကိုအချိန်ကုန်ခံပြီး စကားကိုမပြောချင်တာ မျက်စေ့လည်းနောက်တယ်… နားလဲ ကလောတယ်"

'နွယ်' အိပ်ရာထက်တွင် လူးလိမ့်ရင်း အချိန်တွေကုန်နေခဲ့သည်၊၊ 'မမသွယ်' ကို နာကျည်းမိသလို လျှာအရိုးမရှိတိုင်းရေ့နောက်မချင့်ချိန်ဘဲ ပြောချင်ရာလျှောက်ပြောတတ်သော 'နန္ဒ' ကိုလည်းစိတ်ခုနေမိသည်။

တကယ်ဆိုလျှင် 'မမသွယ်' ရေ့မှာ သူအိနြေ့ရရသိက္ခာရှိရှိနေသင့်သည်မဟုတ်လား။လေးလေးစားစား ရိုရိုသေသေဆက်ဆံ



Scanned by CamScanner

သင့်သည်မဟုတ်လား။ ယခုတော့ သူကပျက်ကချော်လုပ်လို့ ပမာမခန့်လုပ်လို့ 'နွယ်' စိတ်ညစ်ရပြီ။ ပွဲပျက်မသွားတာကိုပဲ ကျေးဇူးတင်နေရသည်။နက်ဖြန်တွေ့ဖြစ်မှ သူ့ကိုကောင်းကောင်းပြောပစ်အုန်းမည်။





" 'မနွယ်' ဖုန်းလာနေတယ်"

"ဘယ်ကလဲမသိဘူး"

" 'ကိုနှနှ' ဆက်တာ"

နာရီကိုကြည့်တော့ ငါးနာရီခွဲသာရှိသေးသည်။

"စောလှချည်လား မောင်"

"ဟင်... စောစောဆက်တာမကြိုက်ဘူးလား"

"ဟာ... အတွေးမချော်စမ်းပါနဲ့ တစ်ခါမှ မဆက်ဘူးလို့ စိတ်ပူပြီးမေးမိတာပါ"

"စောစောမဆက်ဖူးဘူးဟုတ်လား... မေ့ကုန်ပြီးလား 'နွယ်' ညသန်းခေါင်လည်းဆက်ဖူးတယ်...အာရုဏ်တက်လည်းဆက်ဖူးတယ်"

"အဲဒါတွေက အဖြေမရခင်ကပဲလေ... ရည်းစားဖြစ်ပြီးနောက်ပိုင်းမဆက်တော့ပါဘူး... သုံးနှစ်လောက်ရှိပြီပဲ"

"အော်... ဒါကတော့ ကျောင်းမှာ နောက်တစ်နေ့အစီအစဉ်



Scanned by CamScanner

ဆွဲခဲ့ပြီးသားကိုး"

"မောင် ပြောပုံအရဆိုရင် ခုလိုအစောကြီးဆက်တာ နောက်တစ်နေ့အစီအစဉ်မသိရသေးဘူးဆိုတဲ့ သဘောဖြစ်နေပြီပေါ့"

"ဟုတ်တယ်လေ... မနေ့က 'ဒေါ်ဘီလျှံနာ' ကြီးကို အမြင်ကပ်တာနဲ့ အရွဲ့တိုက်ပြီး လျှောက်ရှိုးနေလိုက်တာ နောက်တစ်နေ့ အစီအစဉ်ကို ကြိုတင်မပြင်ဆင်လိုက်ရဘူး"

အင်း... တစ်ယောက်ကစလာပြန်ပါပြီ။

"အိမ်ကြတော့ဘာပြောသေးလဲ... သူ့မျက်လုံးကြီးတွေကို မောင်သိပ်မကြိုက်ဘူး... သူပြုံးပုံကလှောင်ပြုံးဗျ"

"ဒီကနေ့အစီအစဉ်ထဲမှာ သူကအဓိကလား 'နွယ်' ကအဓိကလား"

"သူပါမယ်ဆိုရင် မောင်မလိုက်ဘူး"

"ဟင်... မောင်က သဘောထားမကြီးလိုက်တာ 'နွယ်' နဲ့ယူပြီးရင်သူနဲ့လည်းအမျိုးတော်ရပြီလေ...မောင် ဘယ်လောက်ရှောင်လွှဲနေနိုင်မှာကြလို့ တစ်နေ့မဟုတ်တစ်နေ့ တစ်ကွေ့မဟုတ်တစ်ကွေ့ ကွေ့ တွေ့ကြရမှာပဲ... ခေါ်ကြရမှာပဲ... ပြီးတော့ မနေ့ကစကားအများ ကြီးပြောတာ မောင်ပဲ... ဘာတွေလျှောက်ပြောနေမှန်း မသိဘူး... ပေါင်ကိုဆွဲဆိတ်လည်းမရပ်ဘူး... ကျောကုန်းကို တို့လည်းမရဘူး... မျက်လုံးပြူးပြလည်းမရဘူး... သူ့အထင်မသေး သေးအောင်လျှောက်ပြောနေတာကိုး"

"ဘာလဲ 'နွယ်' က မကျေနပ်ဘူးလား"

"ဟင်... မောင့်အသံက မာလှချည်လား... 'နွယ်' ကမကျေနပ်ဖူးဆိုရင် မောင်ကပြဿနာရှာပြီး ဇာတ်သိမ်းချင်လို့လား"

"ဟာ... ငါးကြော်မကြိုက် ကြောင်မိုက်ဖြစ်သွားမှာပေါ့... စိန်နားကပ်ရောင်နဲ့ ပါးပြောင်ချင်သေးတယ်လေ...ဘယ်ဇာတ်သိမ်း





ပါ့မလဲ... ရုပ်ချောတဲ့ဆရာဝန်မလေးကို ရတဲ့အပြင် သိန်းငါးရာတန်တိုက်နဲ့ခြံ... သိန်းငါးဆယ်တန်ကားတစ်စီးကလည်း ထပ်ရအုန်းမှာ... မရှယ်ဘဲနဲ့ ဇော်ကဲမင်းဖြစ်တဲ့ကိန်းပဲ... 'နွယ်' ပြောသလို တကွေ့ လေးတွေ့တဲ့အချိန် တနေ့တလေတွေ့တဲ့အချိန်လေးတွေကျရင် သည်းခံပြီး နေလိုက်ပါ့မယ်... ဒါပေမယ့် ဒီနေ့တော့ သူ့ကို ချန်ထားခဲ့ကွာ... မောင်တို့နှစ်ယောက်ပဲ လွတ်လွတ်လပ်လပ် လျှောက်သွားချင်တယ်"

ရင်ထဲတွင် တင်းကျပ်သလိုကြီး ခံစားလိုက်ရပါသည်။

ကိုယ့်အစ်မအရင်းခေါက်ခေါက်ကို စော်ကားလိုက်ခြင်းပါလား ဆိုသည့်အသိစိတ်က ခံပြင်းမိတာအမှန်။ သို့သော် ပေါင်းရမှာ ကမိမိတို့နှစ်ဦး။ မိမိကရော သူ့ကိုလုံးဝအဆက်အသွယ်ဖြတ်နိုင်မလား။ မဖြတ်နိုင်ပါ။ ဒါဆိုလျှင် အဓိကမကျတာကို ဘေးဖယ်ထားယုံသာရှိသည်။

တစ်ခုတော့ရှိသည်။ မိမိကချစ်၍ သည်းခံခြင်းကိုဒင်းကဆက်၍ စော်ကားနေမည်ဆိုလျှင် ဆက်၍သည်းခံနိုင်ပါ့မလား။

'မမသွယ်' ပြောသလို သူတကယ်အောက်တန်းကျသလား။ ကလေကချေနိုင်သလား။ မိမိကွယ်ရာတွင် ပွေသလားဆိုတာ စုံစမ်းဖို့အချိန်တော့ တစ်လကျော်ကျော်ကျန်ပါသေးသည်။

မကြာခင် ဆွေမျိုးတော်ရတော့မည် မရီးတစ်ယောက်ကို သူစော်ကားပုံခြင်းသည် ရိုင်းစိုင်းသည့်စိတ်ဓါတ်ကအခြေခံ၍သာ ဖြစ်သည်။ မယူခင် လေးလေးစားစား ရိုရိုသေသေဆက်ဆံဖို့ သင့်ပါလျက် မလေးမစားလုပ်ခဲ့လျှင် နောင်သူပိုင်ဆိုင်သွားလျှင် ပိုဆိုးလာဖို့သာရှိသည်။ မိမိကိုလည်း သူ့အနိုင်ကျင့်လာနိုင်သည်။ မိမိဘက်က သူ့ကို အလိုလိုက်လွန်း... အလျှော့ပေးလွန်း၍ လွယ်သည်ဟု ထင်နေသလားမသိ။ ဘာပဲဖြစ်ဖြစ် ကျန်ရှိသေးသည့် ဖိတ်စာမဝေ



Scanned by CamScanner

ခင် တစ်လကျော်အတွင်း သူ့နောက်ကြောင်းလေး၊ သူ့စရိုက်လေး လိုက်စုံစမ်းဖို့အတွက် သူနှင့်လိုက်လည်ပတ်မည်။ ပြီးတော့ မိမိကို အညှာလွယ်သူဟု မထင်အောင်နေပြမည်။ မိမိကိုရော မိမိမိသားစု ကိုပါ တန်ဖိုးထားတတ်အောင်တော့ ကြိုးစားရအုံးမည်။

"ဟော့... 'နွယ်' ဘာလဲ 'မမသွယ်' အကြောင်းပြောလို့ စိတ် ကောက်နေတာလား"

"ဟုတ်တယ်လေ... 'မမသွယ်' ရေ့မှာ ဗလွတ်ရွတ်တတ်နေ တာ ပြောတာတွေဟာ 'နွယ့်' ကိုစော်ကားလိုက်သလိုပဲ... 'နွယ်' ကို တန်ဖိုးထားရင်သည်လို ဘယ်လုပ်ပါ့မလဲ... 'နွယ်' ကဖြင့် သူ့ကိုချစ် လို့ တခြားလူတွေကို အနားတောင်အကပ်ခံတာမဟုတ်ဘူး..လူကြီး မိဘတွေ ပေးစားတဲ့လူတွေကိုလည်း နည်းမျိုးစုံနဲ့ ငြင်းခဲ့ရတာ... ခုတော့ 'နွယ်' ရွေးခဲ့တဲ့လူက 'နွယ့်' အတွက် ရယ်မဖြစ်ဘဲ 'အပယ်' ခံရမယ့်ပုံပဲ"

"ဘာပြဿနာမှ မဖြစ်ဘဲ သူတို့ပယ်တော့ရော 'နွယ်' က မကာယ်တော့ဘူးလား"

"ကိုယ့်အစ်မကို စော်ကားရာကနေ မိဘတွေကိုပါ မရိုမသေ လုပ်လာရင်ရော... ပြီးတော့ 'နွယ့်' ကိုပါ အလေးမထားရင်ရော"

"ဟာ... ပြဿနာပါပဲလား... ဒါကြောင့်မင်္ဂလာဆောင် နတ် ကြီးတယ်ပြောကြတာကိုး... ယူခါနီးမှ ဘယ်လိုဖြစ်တာလဲ 'နွယ်' ရာ... အပြောင်းအလဲမြန်လှချည်လား... ဒါဆိုလဲ ဖိတ်စာရိုက်ဖြစ်တဲ့ အထိဘာလို့ လက်ခံခဲ့သေးသလဲ"

"'နွယ့်'ဘက်က စဉ်းစားကြည့်အုန်းလေ... ဖိတ်စာသာ အပ် ဖြစ်သွားတယ် မောင့်မိဘတွေကို 'နွယ်' မြင်ခွင့်ရခဲ့ပြီးလား... မောင့် မိဘတွေကရော 'နွယ်' တို့အိမ်ကို ဝင်ထွက်ပြီးပြီလား... ပြန်တွေးမိ တိုင်း 'နွယ်' အရမ်းဈေးပေါနေပါလားလို့တွေးပြီး ရှက်နေမိတယ်"





'နု့' လည်း အရမ်းစိတ်ညစ်သွားပါသည်။

'နွယ့်' ကို စကြိုက်တုန်းက 'မန္တလေးသူ' ဟုသာထင်ခဲ့မိသည်။ နောက်မှ ရန်ကုန်ကလာတက်မှန်းသိရသည်။

မန္တလေးရှိ သူမ၏ ဆွေမျိုးများကို ကြောက်ရသဖြင့် ရည်းစား သာဖြစ်ခဲ့သည် တွဲသွားတွဲလာသိပ်မရှိခဲ့။ ကျောင်းပတ်ဝန်းကျင်မှာ သာ အတွဲများခဲ့ခြင်းဖြစ်သည်။

ကျောင်းပြီးတော့ တစ်ယောက် တစ်နေရာစီ တာဝန်ကျခဲ့ သည်။ 'နွယ်' မန္တလေးမှာရှိနေစဉ်က မိမိ၏ မိဘများက အလုပ် တာဝန်ရှိရာ မော်လမြိုင်ဘက်ရောက်နေခဲ့သည်။ မိမိတို့မိသားစုဆုံဖို့ မိမိကသာ ကျောင်းပိတ်ရက်များတွင် သွားတွေ့ရသည်။

မန္တလေးအိမ်ကိုလည်း ဆောက်ပြီး အိမ်စောင့်ဖြစ်အောင် တစ်ခြမ်းငှားစားထားခြင်းဖြစ်သည်။ မိမိက အဆောင်မှာနေပြီး တစ် ပတ်တစ်ခါ တစ်လတစ်ခါလောက်သာ အိမ်ကိုသွားရှင်းလင်းပေး ယုံရှိသည်။

ထို့ကြောင့် သူ့မိဘနှင့်ကိုယ်နီးစပ်မှုမရှိသလို ကိုယ့်မိဘနှင့် သူနှင့်လည်း နီးစပ်မှုမရှိသလို ဖြစ်နေကြသည်။

အမှန်အတိုင်းဝန်ခံရလျှင် မိမိကလက်ထပ်ဖို့အထိ မရည်ရွယ် သေးပါ။ 'နွယ်' တို့အသိုင်းအဝိုင်းက ငွေစကားပြောလွန်းမှန်း အ ဖြင့်ကိုမှန်းလွန်းမှန်းသိသဖြင့် မိမိတို့မိသားစုကို နှိမ်မည်ဆိုး၍ ချစ်သူများအဖြစ် စာရေးခြင်း၊ တယ်လီဖုန်းနှင့်ဆက်သွယ်ခြင်း၊ လက်ဆောင်ပေးပို့ခြင်းဖြင့် ရောင့်ရဲနေခဲ့ပါသည်။တစ်နှစ်ကိုနှစ် ခေါက်ခန့် ရန်ကုန်ရောက်ဖြစ်ချိန်တွင် နှစ်ရက်ခန့်တွေ့ခြင်းဖြင့် ကျေနပ်နေခဲ့ပါသည်။

သို့သော် ယခုနောက်ပိုင်း 'နွယ်' က လက်ထပ်ဖို့ဂျိကြနေခဲ့ သည်။ မိမိကအချိန်ဆွဲသောအခါ မွေးချင်ရှပ်ချင်၍ဟု ပြဿနာလုပ်



Scanned by CamScanner

လာခဲ့သည်။ ခွင့်ရလျှင် လက်ထပ်ဖို့ပူဆာနေသည်။

ယခုမိမိခွင့်ရ၍ ရန်ကုန်ခေတ္တဆင်းလာချိန်တွင် အတင်းအကြပ်ပြောနေသဖြင့် လက်ခံလိုက်ရသည်။ လက်မခံ၍ပဖြစ်တော့။ သူမကို 'မမသွယ်' က တခြားလူတစ်ယောက်နှင့် အတင်းလော်နေပြီ။ တကယ်တန်းကျတော့ 'နွယ်' လို အဖက်ဖက်က ပြည့်စုံပြီး မိမိတို့ထက်အဆင့်အတန်းမြင့်မားသူ မိန်းကလေးတစ်ယောက်ကို မိမိလက်လွှတ်မခံနိုင်ပါ။ အဆုံးရှုံးမခံနိုင်ပါ။

ထို့ကြောင့် 'နွယ်' ကျေနပ်ရန် မင်္ဂလာပွဲအစီအစဉ်ကို အကောင်အထည်ဖော်ရတော့သည်။

ရပ်ဝေးရောက်နေသော မိဘများခွင့်ရမည့်အချိန်၊ ညီငယ် 'သီဟ' ခွင့်ရမည့်အချိန်တို့ကို တယ်လီဖုန်းဖြင့် အကြိမ်ပေါင်းများစွာ ညှိနှိုင်းယူခဲ့ရခြင်း ဖြစ်သည်။

အစိုးရဝန်ထမ်းများဖြစ်၍ မင်္ဂလာပွဲအတွက် အဝတ်အစားဝယ်ဖို့ပင်လျှင် ထင်တိုင်းမဖြုန်းနိုင်ကြ။

မိမိမိဘများခမြာ ချွေးမကို လက်ဖွဲ့ကောင်းကောင်းပေးဖို့ပင် တွက်ချက်နေကြရရှာပေမည်။

ဒါတွေတွေးမိတိုင်း သက်ပြင်းရှည်ကြီး ချမိစမြဲ။

"မောင်"

"ဟင် 'နွယ်'"

"သက်ပြင်းရှည်ကြီးချလို့ပါလား... 'နွယ်' ကိုယူရဖို့အတွက် မောင့်မှာ အရမ်းခက်ခဲနေတာလား... မောင့်သဘောထားကို ပွင့်ပွင့်လင်းလင်းပြောစမ်းပါကွာ"

'နွယ်' အသံကစိတ်တိုပြီး မာနေသော်လည်း ငိုသံကပါနေပြီ။

" 'နွယ်' က အပြစ်တွေအရမ်းမြင်နေလို့ပါ... မောင့်သဘောထားကိုပြောရရင်တော့ 'နွယ်' သဘောအတိုင်းပါပဲ... 'နွယ်' ထားရင်





လည်းနေမှာပဲ... 'နွယ်' သတ်ရင်လည်း သေရမှာပဲ"

"အပြောကတော့ သိပ်ကောင်းနော်... ရှင်ဒီလိုစကားလုံးတွေနဲ့ 'နွယ်' ကို လှည့်စားခဲ့တာမဟုတ်လား"

"အလှည့်စားခံရတာက မောင်ပါ... လက်ထပ်ဖို့အတင်းပူဆာပြီး လက်ထပ်ဖို့ရက် သတ်မှတ်ပြီးမှ အေးကတွန်းထိုးမှုတွေကြောင့် မထင်မှတ်လောက်အောင် စိတ်ထားပြောင်းလဲသွားတာက 'နွယ်' ပါ... ဘာပဲဖြစ်ဖြစ်လေ စောင့်ရမှာကကိုယ့်တာဝန်ပါ... ခါတိုင်းနေရာမှာစောင့်နေမယ်... အခ်မတင်မဟုတ်ဘူး ညီမရော... အမေအခမ်းဆွေ တစ်ဆွေလုံးတစ်မျိုးလုံးခေါ်လာခဲ့ပါ... အားလုံးကိုစလံ ပေးပါတယ်... ရှိသေပါတယ်... ပါးစပ်ပိတ်... လက်ပိုက်ပြီး ခေါင်းငုံ့နေပါ့မယ်"

" 'နွယ်' စိတ်ညစ်အောင် လျှောက်မပြောနဲ့ကွာ"

"အော်... ဒီစကားပြောတော့လည်း စိတ်ညစ်ပြန်ပြီတဲ့လား... ဒါဆိုလည်း ဘာမှမပြောတော့ဘူးနော်... 'ကိုင်ဇာ' သီချင်းထဲကလို သူလာလာ မလာလာ ကိုယ်ကစောင့်နေမှ × × ဂျူဇာမျိုးရဲ့ဟာ ဂျူတီပါ ဝတ္တရားမပျက်ကွက်ပါ × × တဲ့ဗျာ"

'နွယ်' ကျေနပ်ပြီး ရယ်နေပါပြီ။

ကြောင်နှစ်ကောင်စာအုပ်တိုက်

BookSharing

Scanned by CamScanner



၃

" 'နွယ်' ဘယ်သွားချင်လဲ"

"မောင့်သူငယ်ချင်းတွေနဲ့ ချိန်းထားတယ်လေ... 'ချဉ်ပတ်' က ဒီနေ့ 'မုန်လာဥ' ကနက်ဖြန်"

"ဟား... ဟား... ဟား 'နွယ်' တောင် မောင်နဲ့ပေါင်းပြီး ပျက်ချင်လာပြီ"

"စကားပုံရှိသားပဲ... တံငါနားနီးတံငါ... မုဆိုးနားနီးမုဆိုးတဲ့"

"မသွားတော့ပါဘူးကွာ... ဒီကောင်တွေနဲ့တွေ့ရင် ငယ်ရုပ်တွေပြန်ပေါ်လာမှာ ဇာတိရုပ်တွေပေါ်လာမှာ 'နွယ့်' အတွက် အနောက်အယှက်တွေ ထပ်ဖြစ်မှာစိုးတယ်"

"ဘာတတ်နိုင်မှာလဲ... ဒီလူ့ကိုချစ်မိပြီး ယူဖို့တောင်သေချာနေမှတော့ အကောင်းပေးလည်းကံပဲ... အဆိုးပေးလည်းကံပဲ"



" 'နွယ်' ဒုက္ခရောက်အောင် မလုပ်ဖူးဆိုတာယုံပါကွာ... 'ချဉ်ပတ်' တို့ဆီသွားရင် 'နွယ်' စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ... 'နွယ်' တို့အသိုင်းအဝိုင်းမျိုး မဟုတ်ဘူးလေ"

"ခဏတဖြုတ်သွားတာပဲလေ... 'မမသွယ်' လို ခွဲခြားတတ်တဲ့စိတ်မျိုး 'နွယ့်' မှာမရှိပါဘူး... တစ်သက်လုံးအတူနေရမယ့် လူနှစ်ယောက်ပဲ... သူ့ဘက်ကိုယ့်ဘက် မျှမျှတတ ကူးလူးဆက်ဆံတတ်ရမှာ 'နွယ်'နားလည်ပါတယ်"

"အမယ်မယ်... အလယ်လယ်... ချစ်ချစ်က အရမ်းတိုးတက်ပြောင်းလဲနေပါလား"

"အတို့အလှည့်နော်... 'နွယ့်' ကိုလည်း နားလည်ပေးနိုင်ရမယ်"

"ကောင်းပါပြီဗျာ... နောက်ကို 'နွယ်' တို့အိမ်က မိသားစုရေ့မှာ 'ပန်ဒါ' လေးလိုနေပါမယ့်... ကဲမောင်တို့နှစ်ယောက် တစ်ခုခုစားပြီးမှ 'ချဉ်ပတ်' ဆီသွားမယ်"

စားသောက်ပြီး 'နန္ဒ' က တက္ကစီငှားသည်။ ခရီးသည်ပါလာ၍ လက်ခါသွားသလို၊ ခရီးသည်ပါပလာဘဲ လက်ခါပြသွားသဖြင့်ရယ်ရင်း ...

"ကိုယ်ပိုင်ကားမရှိတဲ့လူကို ချစ်မိတာနောင်တများ ရနေမလားမသိဘူး... နေပူထဲရပ်နေရလို့ စိတ်တိုနေပြီလား"

"မတိုပါဘူး... စကြိုက်ထဲက ကားမရှိမှန်းသိသားပဲ... ကိုယ်ချစ်တဲ့သူ တစ်သက်လုံးပေါင်းရမယ့်သူနဲ့ နေပူထဲမကလို့ ငရဲအိုးထဲပဲ အတူတူဆင်းရဆင်းရ"

"အောင်မယ်လေးဗျာ... ငရဲအိုးထဲအထိတော့ မခေါ်ရက်ပါဗျာ... စိတ်မကောင်းတကယ်ဖြစ်လို့ ပြောမိတာပါ"

"မဖြစ်ပါနဲ့... လမ်းလျှောက်သွားလည်းဖြစ်တယ်... ဘတ်စ်ကားစီးသွားလည်းဖြစ်တယ်... မောင်အနားမှာရှိနေရင် ပြီးတာပဲ"

Scanned by CamScanner

"'နွယ်' က အရမ်းစကားတတ်နေပါလား... မောင်ကြီးမပြန်နိုင်တယ် ဖြစ်နေပါ့မယ်"

"လက်ထပ်ပြီးရင် တစ်မြို့တည်း အလုပ်ရအောင်ကြိုးစားရမှာပေါ့... ဟောဟိုမှာ ဟိုးနီးတစ်စီးလာပြီ... မောင်သွားချင်တဲ့နေရာရောက်မလားမေးကြည့်ပေါ့"

"ဟုတ်ပြီ... ဟုတ်ပြီ"

သွားလိုရာခရီးရောက်သဖြင့် 'နွယ်' ကိုတွန်းတင်ပြီး 'နန္ဒ' လည်း တိုးခွေ့တက်သွားခဲ့သည်။

နှစ်ယောက်သားလုံးထွေးနေယုံတင်မဟုတ်၊ ကားထဲတွင် မတ်တပ်ရပ်စီးရသူအားလုံး တစ်ယောက်ရင်ခွင်ထဲ တစ်ယောက်ရောက်နေကြလောက်အောင် ကားကကြပ်သည်။

ကားဗရိတ်အုပ်လိုက်လျှင် ပိုဆိုးသေးသည်။

'နွယ်' ကို လိုတာထက်ပို၍ ဖက်ထားသဖြင့် 'နွယ်' ကမသိမသာဆွဲဆိတ်ပြီး ရယ်နေသည်။ သူမပျော်နေသည်။ ကားဂိတ် (၁၀) ခု ခန့်ကိုကျော်ခဲ့ပြီ။

"ဟာ... ဟောကောင် မင်း...မင်း 'ရောက်သီး' မဟုတ်လား"

အောက်ဘက်နားတွင် ထိုင်စီးလာသော ခရီးသည်တစ်ဦးက မတ်တက်ရပ်ရင်း ဝမ်းသာအားရမေးခြင်းဖြစ်သည်။

"မဟုတ်ဘူး ခင်ဗျ... ကျွန်တော့်နာမည် 'နန္ဒမောင်မောင်' ပါ... နောင်ကြီးနာမည်က 'သီဟိုဠ်ဇေ' မဟုတ်လား"

"ဟာကွာ... မင်းခုချိန်ထိ ခပ်တည်တည်နောက်တတ်တုန်းပဲလား... မင်းဆရာဝန်ဖြစ်နေပြီဆို ထောနေပြီမဟုတ်လား... မင်းဒီရက်ပိုင်းအတွင်း ငါတို့လမ်းထဲလာမယ်ကြားလို့ အကြွေးရှင်တွေစောင့်နေတယ်ကိုယ့်လူ... လောလောဆယ် စာမေးပွဲဖြေခါနီး ငါ့ဆီက ချေးထားတဲ့ ငွေတစ်ရာပြန်ဆပ်ကွာ... အခုကာလပေါက်ဈေးနဲ့





ဆို တစ်သောင်းလောက်တောင်တန်နေပြီထင်တယ်"

"အေးဗျ... ငါကလည်း အရင်ကစိတ်မျိုးနဲ့ဆို မင်းကို လေးငါးဆယ်ချက်ဆင့်ထိုးပြစ်မိမှာ သေချာတယ်... ဘယ်နှယ့်ဘဝဟောင်းကအကြွေးကို ဇာတ်စင်ပေါ်တက်တောင်းနေတာလဲ"

"ဝမ်းသာပြီး မတ်ဝန်းကျင်ကိုမေ့သွားတာပါကွာ... ငါတကယ်မွဲနေတာပါကွာ... ယူမိတဲ့မိန်းမကလဲ ဖြဖြပါးရောဂါထက်တောင်ပိုများနေသလိုပဲ... မင်းထောနေရင် ငါ့ကိုနည်းနည်းပါးပါးပေးသွားပါကွာ"

"မင်းပြောသလိုဆို ငါ့ကိုလမ်းထဲကလူတွေ အကြွေးတောင်းဖို့စောင့်နေတယ်ဆို ပါလာသမျှအားလုံး ခွဲတမ်းချပြီးမှ ပေးလို့ဖြစ်တော့မပေါ့... မလောက်ရင် ဟော့ဒီ ငါ့'ချစ်ချစ်' ကိုဘဏ်မှာသွားပေါင်ပေးမယ်"

စိန်နားကပ်၊ စိန်လော်ကက်၊ စိန်လက်စွပ်တွေနှင့်အပြိုင် 'နွယ်' မျက်လုံးများက တဖျတ်ဖျတ်လက်နေပြီး ချစ်စဖွယ်ပြုံးနေသဖြင့် 'သီဟိုဠ်ဇေ' ဆိုသူအံ့သြသွားပြီး....

"ဟာ... ဒါ မင်း...မင်းရဲ့"

"ဟုတ်တယ်... ငါ သတို့သမီး"

"တော်တော်လှတာပဲ... ငါ့စကားတွေကြောင့်များ မင်းတို့ပြဿနာတက်ကြမှာလားကွာ"

ပြောချင်ရာပြောပြီးမှ 'သီဟိုဠ်ဇေ' အားနာနေပုံရသည်။ 'နွယ်' ကိုရှိသမျှ သွားအကုန်ဖြဲရယ်ပြရင်း ...

"ဟိုလေ... လမ်းထဲက အကြွေးဆိုတာ 'ရောက်သီး' ယူထားတာမဟုတ်ဘူးနော်"

"ဟောကောင်... မင်းဆက်ရှင်းမှ ပိုဆိုးနေမယ်... ပါးစပ်ပိတ်ပြီး စီးစမ်းပါကွာ... မင်းအကြွေးရော... မင်းတို့လမ်းထဲက အကြွေး



Scanned by CamScanner

ရော... အကုန်လုံးဆပ်ယုံတင်မဟုတ်ဘူး... မင်းတို့တစ်လမ်းလုံးကို ဝယ်ပြစ်လိုက်မယ်သိလား"

"အေးပါကွာ... အေးပါ... ကောင်းပါပြီ"

'နှံ့'တို့သုံးယောက် ကားပေါ်မှ ဆင်းသွားသည်ကို ကားပေါ်မှ ခရီးသည်အားလုံးက ပြုးစေ့စေ့မျက်နှာများဖြင့်လည်ပင်း အပြင်ထုတ်ကြည့်ရင်း ပါသွားကြသည်။

လမ်းမကြီးပေါ်မှ 'နှံ့' တို့နေထိုင်ခဲ့သည့် လမ်းရောက်ရန် လမ်းသွယ်ရှစ်ခုခန့်ဖြတ်လျှောက်ခဲ့ရသည်။

လမ်းထိပ်တိုင်းတွင် ကွမ်းယာဆိုင်၊ မုန့်ဆိုင်၊ စတိုးဆိုင်၊ ကုန်စုံဆိုင်၊ ဆံပင်ညှပ်ဆိုင်၊ အပ်ချုပ်ဆို တစ်ခုမှမဟုတ်တော့ တစ်ခု ရှိနေတတ်သည်။

"ဒါ ဟောင်တို့နေခဲ့တဲ့လမ်းပဲ... အတော်ကိုပြောင်းလွဲကုန်ပြီ... တိုက်တွေမြင့်ကုန်ပြီ... ခြောက်ထပ်... ရှစ်ထပ်တွေဖြစ်ကုန်ပြီ... အင်းတစ်ချို့အိမ်တွေကြတော့ စုတ်ခြာပြီ ယိုင်ရွဲ့နေပြီ"

အတူလိုက်လာသော 'သိဟိုဠ်စေ့' က...

"စုတ်ခြာတဲ့အိမ်တို့... ယိုင်နေတဲ့အိမ်တို့... နှစ်ထပ်အိမ်တို့က ပြဿနာဖြစ်နေကြလို့ မဆောက်ဖြစ်တာ... မင်းတို့ ငယ်ငယ်တုန်းက နေခဲ့သလို အိမ်ငှားမဖယ်တဲ့ ပြဿနာ... မယားကြီးမယားငယ် ပြဿနာ... ဆွေမျိုးသားချင်းအဝေမတည့်တဲ့ ပြဿနာတွေကြောင့် ရှစ်လွှာတွေဖြစ်မလာသေးတာ"

"ဟဲ့... 'သိဟိုဠ်စေ့' နင်နဲ့ပါလာတာ... ဆရာဝန်ဖြစ်နေပြီဆိုတဲ့... 'ရောက်သီး' မဟုတ်လား... လာပါအုန်း... ကြွပါအုန်း... ရှင့်မျက်နှာကို ဖူးချင်လွန်းလို့ပါ"

ကုန်စုံဆိုင်မှ လှမ်းအော်ခြင်းဖြစ်သည်။ ဆိုင်က ခပ်စုတ်စုတ် ပစ္စည်းကမပြည့်စုံ၊ ပုလင်းထဲတွင်ဟောင်းလောင်း၊ ခွက်ထဲတွင်



ဟောက်ပက်၊ အရင်းပြုတ်နေမှန်းသိသာသည်။ ဆိုင်ရှင်မိန်းမကြီးမှ အသက်ခြောက်ဆယ်ကျော်ခန့်ရှိပြီး၊ တစ်ခေါင်းလုံးဆံပင်တွေဖွေးနေသည်။ သွားတွေလည်း ကျိုးနေသည်။

'သိဟိုဠ်စေ့' က ခေါင်းကလေးကုတ်ရင်း...

"ငါသွားနှင့်မယ် 'ရောက်သီး'... ငါ့အိမ်ကို ဝင်ပြစ်အောင်ဝင်ခဲ့နော်... ငါစောင့်နေမှာ"

"အေးပါ"

'သိဟိုဠ်စေ့' က 'နှံ့' ကို ခါးလေးညွတ်၍ ပြုးပြပြီး ရှေ့ဆက်သွားပါသည်။ သူ့လမ်းလျှောက်ပုံနှင့် သူ့ပုံစံကိုကြည့်ပြီး ရယ်ချင်ပါသည်။ ပုတုတု၊ ကွတတ၊ ဗိုက်ကလေးပူပူ၊ ဖင်ကလေးကောက်ကောက်နှင့် ဒါကြောင့် 'သိဟိုဠ်စေ့' ဟုခေါ်ပုံရသည်။

" 'ကြီးဒေါ်အုံး' နေကောင်းတယ်နော်"

"မကောင်းဘူး... မကောင်းဘူး... နေမကောင်းပေမယ့် ဆေးလည်းကုစရာပိုက်ဆံမရှိဘူး... မင်းတို့ကောင်တွေ အလကားပဲ... ငယ်ငယ်တုန်းကကျတော့ ငါ့ဆိုင်မှာလာပြီး ဝယ်တာနည်းနည်း ခိုးတာများများ... အကြွေးယူပြီး တစ်ယောက်မှ ပြန်မဆပ်ကြဘူး... ဟောဒီမှာ အကြွေးစာအုပ်သိမ်းထားတယ်နော်... ဒီလမ်းထဲကကောင်တွေဆိုမှာတော့ နေ့တိုင်းသွားတောင်းလို့ရပြီးပြီ... မင်းနဲ့သံပုရာသီးပဲကျန်တော့တယ်... 'ဘူးသီး' တို့ညီအစ်မတွေ့ရင် ပြောလိုက်စမ်း... ငါအခုအရမ်းဆင်းရဲနေပြီ... အကြွေးကို အတိုးနဲ့ပေါင်းပေးရမယ်လို့"

"ပေးမှာပါ 'ကြီးအုံး' ရယ်... ကဲကျွန်တော့်ကြွေးစာရင်းလေးပြပါအုန်း"

'ကြီးအုန်း' က ဝါကျင့်ကျင့် ကတ္တူစာအုပ်ကို ရှေ့လှန်နောက်လှန် လှပ်နေသည်။ 'ကြီးအုံး' ၏ လက်ရေးများမှာ 'ပဲကြီးစေ့' ခန့်

လော်က်ကိုကြီးသည်။

"ဟောတွေ့ပြီ.... မမှတ်မိတာတွေကခပ်များများ... ဖရောင်းတိုင်ဖိုးက စုစုပေါင်းငါးထုတ်... ဖါတ်ခဲ... သွားတိုက်ဆေး... ဆပ်ပြာ...ခြင်ဆေး... ဗလာစာအုပ်ကနှစ်ဒါဇင် အားလုံးထောင်ကျော်ပဲ... ခုကာလပေါက်ဈေးနဲ့ဆို တစ်သိန်း... အဲလေ... တစ်သောင်းမကဘူးထင်တယ်"

'နွယ်' က မွဲခြာနေသော 'ကြီးကြီးအုံး' ကို သနားသဖြင့် မျက်ရိပ်မျက်ကဲပြပြီး ပေးခိုင်းလိုက်သည်။

"နောက်တော့ပေးပါ့မယ် 'နွယ်' ရယ်... လောလောဆယ် ဟိုကိစ္စကရှိနေတော့ ငွေကို ရှော့အင့် ရှော့အင့် လုပ်လို့မဖြစ်ဘူးလေ... 'ကြီးအုံး' ကို အကြွေးလည်းဆပ်မယ်... သီးသန့်လည်းကန်တော့မယ်...,ဆေးလည်းကုပေးသွားအုံးမယ်ဗျာ... ကျွန်တော်မရှိတဲ့အချိန် ကျွန်တော့် သူငယ်ချင်းဆရာဝန်တစ်ယောက်ဆီမှာလည်း အပ်သွားပေးမယ်... ဆေးအလကားကုပေးဖို့... ကျသင့်ငွေကို လူကြုံနဲ့ ထည့်ပေးမယ်... 'ကြီးအုံး' က မိဘပြီးရင် တကယ့်ကျေးဇူးရှိတဲ့သူပါဗျာ... ဟုတ်တယ် 'ကြီးအုံး'.... ကျွန်တော်တို့တစ်ဖွဲ့လုံး သီးတင်းကျွတ်ည... တန်ဆောင်တိုင်ညဆို 'ကြီးအုံး' ဆိုင်ထဲက မုန့်တွေ လာလာခိုးစားတာသိလား"

"အေးပါ... ငါကလည်း နင်တို့အုပ်စုကိုပဲထင်ပြီး ခေါ်ခေါ်ပြီး ကျိန်ဆိုင်းတုန်းက ဘာလို့မခိုးဘူးလို့ လိမ်သေးလဲ"

"ငယ်တုန်းကတော့ ခိုးတယ်ပြောရင် အိမ်ကလူကြီးတွေ ရိုက်မှာကြောက်တာရယ်... 'ကြီးအုံး' ဂတ်ထဲသွားအပ်မှာ ကြောက်တာကိုး"

"ဟဲ့... ဒါနဲ့ နင်တို့အဒေါ် 'မြတ်မွန်ခင်' တစ်ယောက်ရော"

"ခုထိ အဆက်အသွယ်မရှိသေးဘူး 'ကြီးအုံး' ... ဘာလဲ...





'အန်တီလေး' လည်း အကြွေးယူသွားလို့လား"

"ဟယ်... ပေါက်တီးပေါက်ရှာ... သူက ငါ့ကိုလခထုတ်ပြီး ပြန်လာတိုင်း မြို့ထဲက သရက်သီးတို့... စပျစ်သီးတို့ ကျွဲကောသီးတို့ ဝယ်ဝယ်တောင်ပေးသွားသေးတာ.... နင်တို့စိတ်နဲ့မှားနိုင်းလို့ ဟွန်း"

'နွယ်' က လက်ပွေ့အိတ်ထဲမှ ငွေတစ်သောင်းထုတ်ပြီး 'နန္ဒ' လက်ထဲ ထည့်သည်။ 'ကြီးကြီးအုံး' ကိုပေးခိုင်းသည်။

"ရတယ် 'နွယ်' နောက်မှ လာပေးပါ့မယ်"

"ပေးတဲ့သူကပေးနေတာတောင် သူက မပေးစေချင်ဘူး အံ့ရော"

"မပေးချင်လို့ မဟုတ်ပါဘူး 'ကြီးအုံး' ရယ်... ဟောဒီ 'နွယ်' က ကျွန်တော့်ချစ်သူ... မကြာခင်လက်ထပ်တော့မှာလေ... ကျွန်တော့်ကိစ္စကြောင့် သူ့ပိုက်ဆံမကုန်စေချင်လို့ပါ... ပြီးတော့ ဒီလမ်းထဲက အကြွေးက 'ကြီးအုံး' တစ်နေရာတည်းနဲ့ ပြီးအုံးမှာ မဟုတ်ဘူးလေ... ဟိုကတောင်း ဒီကတောင်းနဲ့ဆို သူလည်းစေတနာရှိမှာ မဟုတ်ဘူး ပါလာသမျှလည်း ပေးလို့လောက်မှာ မဟုတ်တော့ဘူး... တော်ကြာ 'သော်တာဆွေ' နဲ့ 'ဒန့်ဒလွန်သီး' ဇာတ်လမ်းပမာလို 'ကြီးကြီးအုံး' ကိုတော့ ဆပ်ပြီး ကျန်တဲ့လူတွေကို မဆပ်ရင် ဝိုင်းရိုက်နေကြအုန်းမယ်"

'ကြီးကြီးအုံး' ခမြာ ပိုက်ဆံကို လိုချင်လွန်းသဖြင့် 'နွယ့်' ကို အားကိုးသလို လှမ်းကြည့်ပါသည်။

"ကဲ...ကဲ တခြားလူတွေကို မောင်ပဲဆပ်လိုက်... 'ကြီးကြီးအုံး' အတွက် 'နွယ်' ပဲပေးသွားလိုက်မယ်... 'နွယ့်' ကိုနောက်မှ ပြန်ပေးတော့"

'ကြီးကြီးအုံး' ထဲမှ ထွက်လာကြပြီးသောအခါ 'နန္ဒ' က...



Scanned by CamScanner

" 'နွယ်' ကို မပေးစေချင်လို့ လုပ်တားတဲ့ကြားကကွာ... ခုတော့ မောင်မှာနေရင်းထိုင်ရင်း အကြွေးတစ်သောင်းတင်ပြီ"

"ပေးမနေနဲ့တော့... အဘွားကြီးကို သနားလို့ တမင်ပေးခဲ့တာ"

" 'နွယ်' ဘာမှမသိဘူး... 'ကြီးအုံး' အကျင့်ကိုက ငယ်ငယ်ထဲကမကောင်းတာ... မောင်တို့ယူတဲ့အကြွေးက နည်းနည်း... လူသူရှေ့... မောင့်မိဘတွေရှေ့ဆို အကြွေးတွေ ပိုပိုပြောတာ... သူ့ပိုက်ဆံ ပိုရလို့ ကျေနပ်ပေမယ့် မောင်တို့က အိမ်ကျရင် အဆော်ခံရတာ မဟုတ်ဘူး"

"အဟင်း...ဟင်း... ဘာဖြစ်လို့ သူများဆီက အကြွေးယူသေးလဲ... မရှိရင်မသုံးနဲ့ပေါ့"

" 'နွယ်' ကို မောင်ကတိပေးခဲ့တယ်နော်.... 'ပန်ဒါ' လေးလို နေပါ့မယ်... ပါးစပ်ပိတ်... လက်ပိုက်ပြီး ခေါင်းငုံ့နေပါ့မယ်လို့"

"အင်းလေ...."

" 'နွယ်' လည်း ကတိပေးရမယ်... ဒီလမ်းထဲက ပြန်မထွက်မချင်း ဘယ်သူတွေ ဘာပြောပြော... ဘာနှောက်နှောက်... တကယ် မယုံပါဘူး... စိတ်မကောက်ပါဘူး... ပိုက်ဆံလည်း ထပ်မထုတ်တော့ပါဘူးလို့"

'နွယ်' က မျက်ခောင်းထိုးရင်း မကျေမနပ်ကြည့်ပါသည်။ ပြီးတော့ ...

"မောင့်အကြွေးတွေက မကုန်သေးဘူးလား"

"နည်းနည်းပါးပါးပဲ ကျန်တာပါ... လက်ဖက်ရည်ဆိုင်မှာရယ်... စာအုပ်အငှားဆိုင်မှာရယ်... ဖိနပ်ဆိုင်မှာရယ်... သူတို့က 'နွယ်' ရှေ့မှာရှိတာထက် ပိုပြောကြမှာသေချာတယ်... အကျင့်တွေက သိပ်ကောင်းကြတာမဟုတ်ဘူး"



"ဟွန်း... သူကရော ကောင်းတာကြလို့ သူများအကြွေးယူပြီး ပြန်မဆပ်ချင်ဘူး... နေပါအုံး ဘာလို့လက်ငင်းမဝယ်ခဲ့တာလဲ"

"ဟောဗျာ... ပိုက်ဆံမရှိလို့ပေါ့"

"မရှိရင်မဝယ်နဲ့ပေါ့"

"မဝယ်လို့မဖြစ်လို့ပေါ့"

"မောင့်မိဘတွေက ပိုက်ဆံမပေးဘူးလား"

"အော်... သူတို့က လခထုတ်မှဝယ် ဘာညာကွိကွလုပ်နေတာက ခပ်များများ... ဒီကောင်တွေမှာက ဖိနပ်ကပြတ်လို့ ဂျိတ်ထိုးစီးနေရပြီ... စာအုပ်ဆိုင်ကကြတော့ တမင်မပေးတာ... ငှားထားတဲ့ စာအုပ်ပျောက်သွားလို့ အလျှော်သွားပေးတော့ စာအုပ်ဖိုးတင်မဟုတ်ဘူး... ငှားခ (၁၀) ရက်စာပါတောင်းလို့ အမြင်ကပ်ပြီး မပေးတာ"

"သူတို့လည်း ငှားစားဖို့ ဝယ်ထားတာဆိုတော့ ငှားခမရရင် မကိုက်လို့နေမှာပေါ့... ကိုယ်ကမှားတာပဲ မောင်ရယ်"

'နွယ်' တစ်သက်တာတွင် ဒီလိုကိစ္စမျိုးတွေ ယခုမှ ကြားဖူးခြင်းဖြစ်သည်။

"ဟော့ကောင်.... ဟော့ကောင်... ငါ့အိမ်ကဒီမှာကွ"

"အပြန်ကြမှ ဝင်မယ်လေ... 'ချဉ်ပတ်' တို့ဆီ သွားလိုက်အုန်းမယ်"

"သူတို့ဆီသွားရင် ငါ့ဆီရောက်မှာ မဟုတ်တော့ဘူး... သိတဲ့အတိုင်း သူတို့တစ်တိုက်လုံး မင်းမိတ်ဆွေကြွေကြီးပဲလေ... ဘာလဲကွ... ငါကမွဲလို့လား... ငါ့မိန်းမကိုတောင် လက်ဖက်သုတ် သုတ်ခိုင်းထားပြီးပြီ လာပါကွ"

'သိပ်ဂိုဠ်ဒေ့' ပုံစံက ခင်စရာကောင်းပါသည်။

နဖူးလေးမောက်မောက်၊ နှာခေါင်းလေးကောက်ကောက်နှင့် နှုတ်ခမ်းလေးတွေ၊ သွားလေးတွေက ရယ်ပြုံးနေပါသည်။ မျက်လုံး

Book Sharing

Scanned by CamScanner

နှစ်လုံးက ရိုးသားဖြူစင်ပုံရပါသည်။

"လာ... သူငယ်ချင်း ဒီမှာထိုင်... ဟိုဘက်မှာ မထိုင်နဲ့... ကြိမ်တွေပေါက်နေလို့ ဖျာနဲ့အုပ်ထားတာ... 'နွယ်' က ဒီမှာထိုင်"

ဧည့်ခန်းကျဉ်းကျဉ်းလေးထဲတွင် ကုလားထိုင် လေးလုံးရှိပါသည်။ နှစ်လုံးက ကြိမ်ခုံ၊ နှစ်လုံးက သစ်သားခုံ၊ ကောင်းသော ခုံနှစ်လုံးတွင် 'နွယ်' တို့ကို ထိုင်ခိုင်းပြီး 'သီဟိုဠ်ဓေ' ကတော့ ပေါက်နေသော ခုံ၏အဖျားစွန်းတွင် ခပ်ဖွဖွလေး ထိုင်နေခြင်း ဖြစ်သည်။

"မိန်းမရေ... လက်ဖက်သုတ်နဲ့ ရေနွေးကြမ်းယူခဲ့တော့ဟေ့"

"လာပြီ 'ကိုအောင်ကို' "

အခန်းထဲမှ လူထွက်မလာခင် 'ပရုတ်ဆီ' နံ့က အရင်ထွက်လာပါသည်။ ပြီးတော့ လင်ပန်းတစ်ခုကို ကိုင်၍ထွက်လာသော ထန်းပင်လိုပြင့်သည့် မိန်းမတစ်ယောက်ကို တွေ့လိုက်ရသည်။

နားထင်နှင့်လည်ဂုတ်တွင် ပလာစတာတွေ ကပ်ထားသေးသည်။ မျက်ကွင်းတွေလည်း ညိုနေသည်။

ယောကျ်ားက ပုပု၊ မိန်းမကမြင့်မြင့် ဘယ်လိုမှ မလိုက်ဖက်ပါလား။

"ဒါ 'အောင့်' သူငယ်ချင်း ဆရာဝန်ကြီးဗျ... ဒါကဇနီးလောင်း 'နွယ်' "

"ဟုတ်ကဲ့... တွေ့ရတာဝမ်းသာပါတယ်ရှင်... 'မြင့်' တို့အိမ်က ကျဉ်းလည်းကျဉ်း... ညစ်လည်းညစ်ပတ်လို့ ဧည့်သည်တွေကို အားနာလိုက်တာရှင် လက်ဖက်သုတ်လေး သုံးဆောင်ပါအုံးရှင်"

"စားပါကွ"

"ရတယ် သူငယ်ချင်း... ကိုယ်တို့နှစ်ယောက် လမ်းမှာဝယ်စားခဲ့ကြလို့ပါ"

"ဘာလဲကွ... ဆင်းရဲသားအိမ်ကမို့လား... ဒါမှမဟုတ်ရွံ့လို့





လား... ငါ့မိန်းမသုတ်တာမဟုတ်ဘူး... ဟောဟိုရှေ့ဆိုင်က ဝယ်ထားတာ... စိတ်သန့်သန့်စားကြပါ"

မစားလျှင် တမျိုးတမည်ထင်မည်ဆိုး၍ 'နွယ်' တို့ခုံတွဲ ယူစားလိုက်ရသည်။

"မင်းတို့ခုံတွဲကိုကြည့်ရတာ သိပ်လိုက်တာပဲ... မင်းသား... မင်းသမီးတွေကျနေတာပဲ... လူကြီးတွေပေးစားလို့ ယူမှာလား... ကိုယ့်ဖာကိုယ်ကြိုက်ပြီး ယူကြမှာလား"

"ကျောင်းမှာတုန်းထဲက ကြိုက်ကြတာပါကွာ... မင်းတို့ခုံတွဲကရော"

'မြင့်' ကို တစ်ချက်မော့ကြည့်ရင်း ...

"ဟဲ... ဟဲ... ငါတို့က နတ်ဖက်တဲ့ခုံတွဲလေ... ရုံးတစ်ရုံးလုံးသူ့ကိုလည်း မျက်စေ့မကျဘူး... ငါ့ကိုလည်း ဘယ်သူမှမသုံးဘူး... ရောင်း မစွံတဲ့ ကုန်ပစ္စည်းနှစ်ခုဆိုပါတော့ကွာ... ငါတို့အချင်းချင်းတော့ ချစ်ကြတာပဲ... ဟောဟိုမှာ ငါ့သားနဲ့သမီးတောင် ကျောင်းကပြန်လာကြပြီ"

အဖေတူသည့် သမီးက ပုပုဝဝလေး၊ အမေတူသူ သားက ဝါးခြမ်းပြားလို ပါးလှပ်နေသည်။ မိဘတွေ အစဥ်မပြေသဖြင့် ကလေးနှစ်ယောက်လုံး၏ ကျောင်းအဝတ်အစားများမှာ ညစ်နွမ်းပြီး ချုပ်ရာ၊ ဖာရာတွေနှင့်

"သားတို့ သမီးတို့က ဘယ်နှစ်တန်းရောက်ပြီလဲကွ"

"ကျွန်တော်က လေးတန်း... ညီမလေးက နှစ်တန်းပါ"

"ဟုတ်လား... စာကြိုးစားကြ... လိမ္မာကြနော်... ဖေကြီးတို့ မေကြီးတို့ကိုလည်း ကြီးလာရင် ပြန်စောင့်ရှောက်ကြ ကြားလား"

"ဟုတ်"

နှစ်ယောက်လုံး ပြိုင်တူခေါင်းငြိမ့်နေသော ကလေးနှစ်



Scanned by CamScanner

ယောက်ကို 'နန္ဒ' က တစ်ယောက်တစ်ထောင်စီ ပေးသဖြင့် 'နွယ်' ပီတိဖြစ်သွားရပါသည်။





၄

"ဒေါက်... ဒေါက်... ဒေါက်"

သုံးလွှာ၏ ညာဘက်ခန်းကို 'တင်လတ်' ဟုဆိုင်းဘုတ် တတ်ထားသလို၊ ဘယ်ဘက်ခန်းတွဲ 'စွဲမြတ်' ဟု ဆိုင်းဘုတ်တတ် ထားကြောင်း တွေ့ရသည်။

" 'တင်လတ်' ဆိုတာ ချဥ်ပတ်လေ... 'စွဲမြတ်' ဆိုတာ 'ချဥ်ပတ်' ရဲ့ ညီမ 'အာလူး' ပဲ..."

'စွဲမြတ်' တို့အခန်းတွင်းမှ ကလေးအော်သံ ငိုသံများ ကြားနေရသည်။

" ကျွီး "

'တင်လတ်' တို့အခန်းဘက်မှ တံခါးလာဖွင့်ပေးပါသည်။ ဖြူဖွေးစွတ်နေသော အသားအရည်နှင့် အမျိုးသမီးတစ်ယောက် ဖြစ်နေ၍ 'ပိုးဟပ်ဖြူ' ဆိုတာ တန်းသိလိုက်သည်။

"ဟယ်... 'ကိုနန္ဒ' 'ကိုနန္ဒ' မဟုတ်လားဟင်"



Scanned by CamScanner

"ဟုတ်ပါ့ဗျာ... 'ချဉ်ပတ်' ပြောပြထားတယ် မဟုတ်လား"

"ပြောပြထားတယ်... 'ကိုနန္ဒ' ဒီနေ့လာချင်လာမယ်တဲ့... လာရင် သူ့ကိုဖုန်းဆက်ခေါ်ဖို့ မှာထားတယ်... ထိုင်ပါရင် အထဲကို ဝင်ပါ"

'ပိုးဟပ်ဖြူ' ၏ပုံစံမှာ 'ဘိုမ' တစ်ယောက်နှင့် တူနေပါသည်။ ဆံပင်က ညိုပြီးဖွာနေသည်။ မျက်ခုံးမွေးကိုလည်း အညိုရောင်ခွဲထားသည်။ စပို့ရှပ်ကိုယ်ကပ်ကြောင့် သူမ၏ ကိုယ်လုံးလှလှကို မြင်နေရသည်။

" 'ကိုနန္ဒ' က ပိုချောလာတယ်"

"ငါ့ငယ်ငယ်က တော်တော်ရုပ်ဆိုးပုံရတယ်... ပြန်တွေ့တဲ့ လူတိုင်းက နင့်လိုပဲ ပြောကြတယ်"

" 'ကိုသီဟ' ရော"

"နယ်မှာကွ... မကြာခင် သူရန်ကုန်လာမှာပဲ... ရောက်ရင် ခေါ်ခဲ့ပေးမယ်... ကဲ...ကဲ... 'တင်လတ်' ကိုဖုန်းဆက်ခေါ်လိုက်လေ... 'အာလူး' ရောရှိလား... ဒီဘက်ကိုပဲ ခေါ်လိုက်ပါလား... စုစုဝေးဝေး ဖြစ်သွားတာပေါ့"

'ပိုးဟပ်ဖြူ' မျက်နှာက စဉ်းစားသလိုလုပ်ရင်း ပြီးမှခေါင်းငြိမ့်ပါသည်။ 'ခွဲမြတ်ခေါ် အာလူး' ၏ အခန်းတံခါးဝတွင် ရပ်၍ လူခေါ်ခေါင်းလောင်းကို နှိပ်နေပါသည်။

တံခါးပွင့်လာပြီးနောက် ...

"အော်... ဖြူဖွေး' ကို ဘာလဲဟ"

" 'ကိုလင်း' ရှိလား"

"ဟင့်အင်း... သူ့အခန်းမှာ"

"ဒီနေ့ အထူးဧည့်သည်လာမယ်ဆိုတာ ပြောထားသေးလား"

"ဟင့်အင်း... သူဒီအခန်းမလာတာ တစ်ပါတ်လောက်ရှိနေ





ပြန်ပြီ... ကြည့်ရတာ 'ဘူးသီး' နဲ့များ ပြန်ချိတ်မိနေလားမသိဘူး"

ထိုစကားကြောင့် 'နန္ဒ' ၏မျက်ခုံးကြီးများတွန့်သွားသလို 'နွယ်' လည်း မနေ့က ဈေးရေ့တွင် 'ချဉ်ပတ်' ပြောသွားသော စကားကို ပြန်သတိရမိပါသည်။

'ဘူးသီး' နှင့် 'မုန်လာဥ' တို့ငယ်ရည်းစား။

'ခွဲမြတ်' ကိုချစ်၍ ယူခဲ့ခြင်းမဟုတ်။ အရွဲ့တိုက်ချင်စိတ်ဖြင့် ယူခဲ့သည်။

'မုန်လာဥ' နှင့် 'ဘူးသီး' ပြန်ချိတ်မိနေလားမသိဘူးဆိုသည့် 'အာလူး' ၏ စိုးရိမ်စကားကြောင့် 'နန္ဒ' လည်း စိုးရိမ်သွားမိပါသည်။

ဖြစ်မှမဖြစ်နိုင်တော့တာ။

'ဘူးသီး' နှင့် 'အာလူး' က တစ်ဝမ်းကွဲညီအစ်မတွေ။

'တင်လတ်' ကရော ဒီကိစ္စသေချာလျှင် ခွင့်လွှတ်မှာတဲ့လား။ 'ချဉ်ပတ်' ဆိုပြီး လူတကာအမြင်ကပ်အောင် ကပ်တီးကပ်ဖဲ့နေလာခဲ့တဲ့လူ။ ရန်လိုနေတတ်သူ။ ခွင့်မလွှတ်တတ်သူ။

သူ့နှစ်မကိုပစ်ပြီး 'အာလူး' ကိုထားသွားခဲ့လျှင် ဘာတွေဖြစ်လာမည်နည်း။

နဂိုထဲက 'အာလူး' တို့မိသားစုနှင့် 'တင်လတ်' တို့မိသားစုက အမွေကိစ္စနှင့် ရန်လုပ်နေသော မိသားစုနှစ်စု။

" 'ကိုလင်း' တစ်ယောက်နဲ့လည်းခက်ပါတယ်နော်... လူပုံကြည့်တော့သာ ပျော့စိစိနော်... စိတ်ဝါတ်ကသိပ်မာတာ"

"နင့်အစ်ကိုကို နည်းနည်းပါးပါး ဆုံးမအုံးလေဟာ"

" 'ဘူးသီး' နဲ့ပြန်ဆက်သွယ်တာသေချာလို့လား... နင့်ဘယ်လိုလုပ်သိတာလဲ"

"သေချာတာပေါ့... တလောက အပေါ်ထပ်က သူ့အခန်းထဲသော့အပိုနဲ့ ခိုးဝင်ပြီး ဟိုရှာဒီရှာလုပ်တော့ 'ဘူးသီး' ရဲ့လိပ်စာကို



Scanned by CamScanner

သွားတွေ့တယ်... ဖုန်းနံပါတ်လည်းရှိတယ်"

"ဟုတ်လား... ကူးထားသေးလား"

"ကူးထားတာပေါ့... ဒါကြောင့် ခုနောက်ပိုင်း 'ကိုလင်း' အဲ့ဒီမြို့ဘက်ကိုပဲ ကုန်ရောင်းကုန်ဝယ်ထွက်နေတာ"

"ဒုက္ခပါပဲ... ငါ့ကို ဖုန်းနံပါတ်ပေးလေ... ငါဆက်ပြီး မဖြစ်သင့်တာ မဖြစ်အောင်ဆုံးမပေးမယ်... နောက်ထပ်ဗိုင်းပြီး ဆုံးမပေးမယ့်သူလည်း ထပ်တိုးလာပါပြီဟယ်... လာ...လာ... ဘယ်ကဧည့်သည်လည်းဆိုတာ လာကြည့်ပါအုံး"

'စွဲမြတ် ခေါ် အာလူး' ရောက်ရှိလာပါသည်။ 'နှင်း' ကိုမြင်သောအခါ ဝမ်းသာလုံးဆို့သွားပြီး ဖက်၍ငိုပါတော့သည်။ 'နွယ်' တစ်ယောက်မျက်ရေမျက်နှာပျက်နေရှာပါပြီ။

"နင်တို့ ညီအစ်ကိုကိုရော 'ဘူးသီး' တို့ ညီအစ်မကိုရော ငါတို့အားလုံးသတိရနေကြတယ်ဆိုတာ ယုံပါ 'နှင်း' ရယ်... ငယ်ငယ်တုန်းက တစ်အိမ်ထဲလို အတူနေခဲ့ကြပြီး တစ်နေ့တစ်ရက်လေးမှ မတည့်ခဲ့ကြပေမယ့် တကယ်တန်း ဝေးကွာသွားကြတဲ့အခါကျတော့လည်း တစ်နေ့တစ်ရက်လေးမှ မမေ့ကြတာအမှန်ပါပဲဟာ... တကယ်ပြောတာပါ"

ထိုစဉ် 'စွဲမြတ်' တို့အခန်းထဲမှ ပန်းကန်ခွက်ယောက်များပြုတ်ကျသံတွေ ဆူညံစွာ ထွက်ပေါ်လာသဖြင့် ...

"ဒုက္ခပဲ... အငယ်မလေးက မျောက်ရှုံးအောင်ဆော့လွန်းတယ် ငြိမ်ငြိမ်လေးကို ထိုင်မနေဘူး... ခုလည်း မီးဖိုထဲ ရောက်သွားပြီး အိုးခွက်တွေ တွန်းချပြီထင်တယ်"

'အာလူး' က တတွတ်တွတ်ပြောရင်း သူ့အခန်းထဲ ပြေးဝင်သွားပြီး ချက်ချင်းကလေးတစ်ယောက်ပွေ့၍ ပြန်ထွက်လာပါသည်။ ကြည့်လိုက်သည်နှင့် 'မုန်လာဥ' ၏သွေးမှန်သိသာသည်။ ဖြူဖွေး



ချောမွတ်နေသည်။

" 'မုန်လာဥ' အပေါ်မှာရှိလား"

"ရှိဖို့များတယ်... ဒီနေ့သူအပြင်ထွက်တာမတွေ့သေးဘူး"

"ဒါဆို ငါသွားတွေ့လိုက်အုန်းမယ်... 'ချဉ်ပတ်' ကိုလည်းဖုန်းဆက်ခေါ်ထားလိုက်အုံး... 'နွယ်' လည်း 'စွဲမြတ်' တို့သမီးယောင်းမနဲ့ ခဏနေလိုက်အုန်း... ဟိုကောင့်ကို သွားဆုံးမလိုက်အုံးမယ်"

'စွဲမြတ်' က လက်ကိုလှမ်းဆွဲထားရင်း ...

"ဟေ့... နင်ဟိုကိစ္စတွေကို အရမ်းလျှောက်ပြောမနေနဲ့အုန်း... သူ့အခန်းထဲ ငါခိုးဝင်ပြီး မွှေတာသိသွားရင် ပြဿနာလုပ်နေအုန်းမယ်... ပြီးတော့ အားလုံးသိနေပြီဆိုပြီး မထူးတော့ဘူးဆိုပြီး သူတို့နှစ်ယောက်ယူလိုက်မှ ငါတို့သားအမိတတွေ ခွေးဖြစ်မှာ"

"အေးပါဟာ... ငါအခြေအနေကြည့်ပြီး ပြောသင့်မှ ပြောမှာပါ"

'ဝေလင်း' ဟု နာမည်ရိုက်ထားသော အခန်းကို ထုလိုက်ပါသည်။

"ဟာ... ဟေ့ကောင်ကြီး ဖြေးဖြေးထုပါဟ... လန့်သွားတာပဲ"

'မုန်လာဥ' က ဝမ်းသာအားရ တံခါးဖွင့်ပေးပါသည်။

"မင်းတို့လင်မယားက တယ်ထောပါလား... တစ်ယောက်တစ်ခန်းငြိမ့်နေလိုက်ကြတာ"

"ဟုတ်တယ်... သူ့မိဘဘက်က သူတစ်ခန်းရတယ်... ငါ့မိဘဘက်က ငါတစ်ခန်းရတယ်... လာသူငယ်ချင်း အထဲဝင်"

"မင်းညီမအခန်းမှာ စုကြရအောင်လေ တကွဲစီမဖြစ်အောင်"

"မသွားချင်ဘူးကွာ... 'ချဉ်ပတ်' မျက်နှာကို ငါမကြည့်ချင်ဘူး"

"အမျိုးတော်နေမှတော့ မကြည့်ချင်လို့ရမလားကွာ"

"ဒါကြောင့် အမျိုးကို မတော်ချင်တော့တာ"



Scanned by CamScanner

"အပျိုးမတော်လို့ကတော့ မရတော့ဘူးကိုယ့်လူ... မင်းနှမရဲ့ ယောကျ်ားမင်းယောက်ဖ... မင်းတို့လင်မယားကွဲသွားလို့ ယောက်ဖ မတော်ချင်လို့ရပေမယ့် မင်းနှမနဲ့ 'ချဉ်ပတ်' ကွဲသွားလို့ ယောက်ဖ မတော်တော့ပေမယ့် မင်းကလေးတွေရဲ့ ဘကြီးဆိုတာကတော့ တစ်သက်လုံး ဆက်ကိုတော်နေရအုန်းမှာလေ... သူရဲ့ကိုယ်ရဲ့ နှစ်ယောက်လုံးရဲ့ပြီး ဒီအခြေအနေတွေရောက်ခဲ့ပြီးမှတော့ ကလေးတွေ မျက်နှာကိုငဲ့ပြီး 'အာလူး' ကို ကြင်နာသင့်တယ်"

"ဟင်... မင်းစကားက တစ်ခုခုကိုသိလို့ ငါ့ကိုဆုံးမနေသလိုပါပဲလား... 'အာလူး' ဘာတွေပြောလွှတ်လိုက်လဲ"

"ငါရောက်နေမှန်းမသိဘဲ... သူတို့သမီးယောင်းမနှစ်ယောက် ခိုးရိမ်တကြီးပြောနေသံကို ကြားလိုက်ရတာ... မင်းက အဆက်ဟောင်းနဲ့ ပြန်ချိတ်နေတယ်ဆို"

"ဒီမိန်းမ ဒီကိစ္စဘယ်ကသိသလဲ... ငါ့အခန်းထဲလာမွှေတာပဲဖြစ်ရမယ်... ပစ္စည်းတွေ လက်ရာခြေရာပျက်နေထဲက ငါရိပ်မိတယ်"

"မင်းကလဲကွာ... လင်နဲ့မယားပဲ မင်းအခန်းထဲ သူဝင်ခွင့်မရှိတော့ဘူးလား"

"မဝင်ရဘူးလို့ပြောထားတယ်"

"မင်းရော သူ့အခန်းထဲမသွားဘူးလား"

"မသွားဘူး"

ထိုစကားကြောင့် 'နန္ဒ' ကရယ်ပါတော့သည်။

"ဘာရယ်တာလဲကွ"

"ဟား...ဟား...ဟား မင်းကလည်းမသွားဘူး... သူ့ကိုလည်း ပေးမလာဘူးဆိုတော့... ဟိုလေ ပြောရမှာတောင်ခက်တယ်ကွာ... ကလေးတွေက ဘယ်ကရောက်လာတာလဲ"

'မှန်လာဥ' မျက်နှာကြီးနီမြန်းသွားပြီး ပြုံးစေ့စေ့ဖြစ်လာပါ



သည်။

"မင်းတော်တော်ရှုတ်တဲ့ကောင်ပဲ... အတူမနေတာ လေးနှစ်ကျော်ပြီ... ကလေးများရင် ရှာကျွေးရတာပင်ပန်းတယ်"

"မင်းမိန်းမက တခြားတစ်ယောက်နဲ့ ဖောက်ပြန်နေတယ်လို့ ထင်နေတာနော်"

"ထင်ချင်သလိုထင်ပစေကွာ"

"မင်းသူ့ကို နည်းနည်းလေးမှ မချစ်ဘူးလား"

ခေါင်းခါနေသဖြင့် 'စွဲမြတ်' ကို သနားသွားမိသည်။

"မချစ်ဘဲနဲ့တော့ မင်းမယူပါဘူးကွာ"

"ဘုရားစူး မချစ်ဘူးကွာ... မိုးကြိုးပစ်မချစ်ဘူးကွာ... မြေကိုက်မချစ်ဘူးကွာ"

'ဝေလင်း' ပုံခံက ငယ်ငယ်တုန်းကအတိုင်း အနိုင်လိုချင်သည့်ပုံစံဖြင့် ကြမ်းလာပါသည်။

"ဒါဖြင့်လည်း ဘာလို့ယူသေးလဲကွာ... 'စွဲမြတ်' ကတော့ မင်းကို ချစ်ပုံရတယ်နော်... သူများနှမကိုယူပြီး မကြင်နာရင် မင်းနှမဝဋ်လည်မှာမကြောက်ဘူးလား"

"ဒီမှာ 'နန္ဒ'... ငါသူ့ကို မချစ်ဘဲယူခဲ့ပေမယ့် ဒီကနေ့အထိ ပါးတစ်ချက်မရိုက်ဖူးဘူး... လက်သီးနဲ့မထိုးဖူးဘူး... 'ချဉ်ပတ်' ဆိုတဲ့ ကောင်က ငါ့နှမကို ပါးရိုက်တယ်ကွာ... လက်သီးနဲ့ထိုးတယ်ကွာ.. လှေကားပေါ်က တွန်းချတယ်ကွာ... ဒီမှာကြာကြာဆက်နေရင် ငါလူသတ်မှုဖြစ်ကာနီးနေပြီကွ နားလည်လား... သည်းမခံနိုင်တဲ့တနေ့ ငါလက်လွန်ခြေလွန်လုပ်မိတော့မှာကွ"

'မှန်လာဥ' က အသားတွေ တဆတ်ဆတ်တုန်လာပြီး မျက်နှာနီနီကြီးဖြင့် အံကြိတ်၍ ပြောနေခြင်းဖြစ်သည်။

"မလုပ်ပါနဲ့ကွာ... စိတ်ကိုထိန်းစမ်းပါ... မင်းလုပ်ရင် မင်းပဲ



Book Sharing

Scanned by CamScanner

ထောင်ကျမှာပေါ့... ကဲ... တစ်သက်တာကျွန်းကျရင်ရော... သေဒဏ်အပေးခံရရင်ရော... မင်းနဲ့မလည်း စိတ်ဆင်းရဲပြီး ကျန်ခဲ့မယ်... မင်းမိန်းမနဲ့ကလေးတွေလည်း မုဆိုးမဖြစ် ဖတဆိုးလေးတွေဖြစ်ပြီး ကျန်ခဲ့မှာပေါ့ကွာ... စိတ်ကိုထိန်းပါသူငယ်ချင်းရာ... ငါတောင်းပန်ပါတယ်"

"ငါထိန်းပါတယ် သူငယ်ချင်း... ဒါကြောင့် ဒီကနေ့အထိ ငါ့ကို ခုလိုတွေ့နေရတာပေါ့"

"ကောင်းပါတယ်ကွာ... 'ဇွဲမြတ်' ကို မညှာတောင် သားသမီးတွေကိုတော့ ညှာပေါ့ကွာနော်"

ထိုသို့ပြောရင်းက အိမ်ခန်းနံရံမှ ဓါတ်ပုံနှစ်ပုံကို ကြည့်ပြီး အံ့သြသွားသည်။ နှစ်ပုံစလုံး 'ချဉ်ပတ်' ၏ပုံ။

(၁၀) နှစ်အရွယ်တုန်းကပုံနှင့် ယခုလက်ရှိသုံးဆယ်ဝန်းကျင်ရိုက်ထားသောပုံ။

ဓါတ်ပုံနှစ်ပုံလုံးကို ဓါးမြှောင်နှင့်စိုက်ထားခြင်းဖြစ်သည်။

"ဘာလို့ အဲ့သလိုလုပ်ထားတာလဲကွာ... တော်ကြာ သူများသတ်သွားရင်တောင် မင်းသတ်တယ်လို့ ထင်နေမှာပေါ့"

"ငါကိုယ်တိုင်သတ်ချင်နေတာ... မသတ်ဝံ့လို့ကွ... ထောင်ကျမှာကြောက်လို့ သူ့ကို ငါသိပ်သေစေချင်တာပဲ"

"မင်းတို့ကလည်း အငြိုးကြီးလိုက်ကြတာကွာ"

"ဒီကောင် ငါ့ဘဝကို သိပ်နှောက်ယှက်... သိပ်ဖျက်ဆီးပြီး သိပ်အရှက်ခွဲတယ်ကွာ... ကောင်မလေးတွေနဲ့ ငါနဲ့ကြိုက်တော့မလိုလုပ်ရင် သူကမယူနဲ့ မကြိုက်နဲ့ မိန်းမရှာကြီးလို့ လျှောက်ပြောတာကွ... ကျောင်းမှာခင်ချင်တဲ့ကောင်မလေးတွေတောင် ငါ့ကိုရှောင်ကုန်တာ... 'ဘူးသီး' နဲ့ 'အာလူး' တို့ကတော့ တအိမ်ထဲနေတဲ့လူတွေဆိုတော့ မပါဘူးပေါ့ကွာ... ဒါကြောင့် 'ဘူးသီး' ကို ငါအရမ်း





ချွဲလမ်းတာ... 'ဘူးသီး' တို့မိသားစုကိုလည်း ဒီကောင်တွေမိသားစုအမွေတွေ လက်ဝါးကြီးအုပ်ပြီး မနေနိုင်အောင်လုပ်လွှတ်တာ... အင်မတန် ယုတ်မာတဲ့မိသားစုကွ"

"မင်းနဲ့ 'ဘူးသီး' အဆက်အသွယ်ရှိတယ်ဆို"

မျက်ကနဲလှမ်းကြည့်ပြီး ...

"ဟုတ်တယ်... ပြန်ဆက်သွယ်မိတာ မကြာသေးဘူး..."

"လိပ်စာရှိလား... မင်္ဂလာဆောင်လာဖို့ဖိတ်ချင်လို့... အဲဒီပွဲကြရင် ငါတို့သူငယ်ချင်းတွေအားလုံး ဆုံဖြစ်အောင် ကြိုးစားရမယ်"

"အရမ်းဝေးတယ်... လာနိုင်မယ်မထင်ဘူး... မြိတ်မြို့ကနေ တဆင့်သွားရတဲ့မြို့နယ်ဆေးရုံရဲ့ သူနာပြုဆရာမလုပ်နေတာ... သူမြို့ပေါ်ရောက်ရင်တော့ သူ့အစ်မဆီ ဖုန်းဆက်တတ်တယ်"

"'မရမ်းသီး' ဆီလား"

"အေးပေါ့"

"'မရမ်းသီး' ဆီ ဆက်လို့လွယ်လား"

"ကျောင်းဖုန်းလေ... ကျောင်းချိန်ဆို ခေါ်လို့ရတာပေါ့"

"ခုကျောင်းချိန်ပဲ ခေါ်ကြည့်ရအောင်... ငါ့အသံကြားရင် မှတ်မိမလားမသိဘူး... အရမ်းအံ့သြသွားမှာပဲ"

"မင်းနဲ့သူနဲ့ ခေါ်မှမခေါ်တာ"

"ဟာကွာ... ငယ်ငယ်တုန်းက မခေါ်ပေမယ့် ခုချိန်ထိတော့ သူအငြိုးကြီးမယ်မထင်ပါဘူး... သူကျောင်းမှာ ဘာလုပ်တာလဲ"

"ဟာ... ဆရာမပေါ့"

"အမယ်... သူကဆရာမလုပ်တယ်ဟုတ်လား... ဟား...ဟား ဟား အဲဒါဝင့်လည်တာ... 'အန်တီလေး' ကို သူစော်ကားသလို အစော်ကားခံရမှာ မြင်ယောင်သေးတယ်"

"မင်းတို့ 'အန်တီလေး' က ဘယ်ရောက်နေတာလဲ"

"မသိဘူး... လုံးဝအဆက်အသွယ်ပြတ်သွားတာ... ဘွားတော်က လှုပုံကြည့်တော့ အေးစက်စက်... ပြုံးစေ့စေ့နဲ့ စိတ်ကတော့ ဟသလားမပြောနဲ့ မာနကလည်း ကြီးမှကြီး"

"မင်းတို့ကလည်း အရမ်းဆိုးတာကိုး"

"ကဲပါ... 'မရမ်းသီး' ရဲ့ဖုန်းနံပါတ်ပေးစမ်းပါကွာ... သူ့အုံ့သြသွားအောင် ဆက်ကြည့်ချင်လွန်းလို့"

"ကဲ... လာ... လာ"

ဧည့်ခန်းထဲတွင် ဖုန်းဆက်နေကြချိန် တံခါးလာခေါက်သဖြင့် 'ဝေလင်း' သွားဖွင့်သောအခါ 'နွယ်' နှင့် 'ပိုးဟပ်ဖြူ' တို့ဖြစ်နေသဖြင့် ...

"ဘာလဲ 'ဖြူဖွေး'"

"'မနွယ်' လာချင်တယ်ဆိုလို့ လာပို့တာ"

"ထားခဲ့လေ...လာ'မနွယ်' နင်ရောဝင်အုန်းမလား 'ဖြူဖွေး'"

"ဟင့်အင်း... ခဏနေ 'ကိုတင်လတ်' လာမှာ... အားလုံးအတွက် စားဖို့သောက်ဖို့ သွားလုပ်လိုက်အုန်းမယ်"

"အေး... အေး ဟိုကောင်လာမှ သူတို့စုံတွဲကို လာခေါ်လိုက်"

'နွယ်' ရောက်လာသဖြင့် 'နန္ဒ' မျက်နှာပျက်သွားကြောင်း တွေ့လိုက်ရသည်။ 'နွယ်' ကို အောက်ထပ်မှာ နေခဲ့ဖို့ သေချာမှာခဲ့ပြီးသား။ စပ်စုချင်၍ မယုံသလိုပုံစံဖြင့် လာခြောင်းတာမျိုးတော့ မကြိုက်ပါ။

"'ခေါ်ပေဖုန်းနွယ်' လားခင်ဗျ"

"ဟုတ်ပါတယ်ရှင်... အခုပြောနေတာရော ဘယ်သူပါလဲ... ဘယ်ကဆက်နေတာပါလဲ"

"ကျွန်တော် 'နန္ဒမောင်မောင်' ပါခင်ဗျ... ရန်ကုန်ကဆက်



နေတာပါ"

"ဘယ်သူ"

သူမအသံက ချင်ချင်းမာသွားသဖြင့် ...

"ဟိတ်... နင်အခုထိ စွာတုန်းပဲလား... 'မရမ်းသီး' ရ"

"ဖုန်းနံပါတ် ဘယ်ကရတာလဲ"

"'မှန်လာဥ' ဆီက နင်ယောကျ်ားရပြီလား"

"နင့်အပူလား"

"အော်... ငယ်သူငယ်ချင်းဆိုတော့လည်း ပူရတာပေါ့ဟာ... တော် ကြာ အပျိုကြီးဘဝနဲ့ အရိုးထုတ်ပြီး အထီးကျန်ဖြစ်နေမှာဆိုးလို့ပါ"

'မရမ်းသီး' ထံမှ အသံထွက်မလာသဖြင့်

"နင်အရင်ကလို ဆင်ဖင် လိပ်ခါးပုံစံအတိုင်းပဲလား... ဝိတ်လျှော့ပေါ့ဟာ... နင့်မျက်နှာက လှချင်ရက်နဲ့ ကိုယ်လုံးကဖျက်နေတာ"

"ဒီမှာ... နင်အားပေးမယ့် ငါမအားဘူး... ကျောင်းချိန်ကြီး... ဖုန်းနံပါတ်ရတိုင်း လျှောက်နှောက်မနေနဲ့"

"ဆရာမကြီးကလည်း ငါသကြီးတာကိုး... နင်ခွင့်ရရင် ရန်ကုန် လာခဲ့ပါလား"

"အံမာ... ဘာလုပ်ဖို့လဲ"

"မင်္ဂလာဆောင်မလို့လေ"

"ဘာပြောတယ်... နင်ပါးချခံချင်လို့လား"

"ဟား....ဟား...ဟား ချလေကွာ... ဖွီး... ဖွီး... ဖွီး"

မျက်နှာကြီး အပြုံးသား၊ သွားကြီးအဖြဲသားနှင့် အကြီးအကျယ် အူမြူးနေသော 'နန္ဒ' ကို 'နွယ်' က မျက်မှောင်ကြုတ်၍ ကြည့်နေပါသည်။

Scanned by CamScanner

"'မရမ်းသီး' ရေ"

"ဘာတုံး"

"'ဘူးသီး' ကိုပြောလိုက်စမ်းပါ... ရှေ့လလယ်လောက် ငါမင်္ဂလာဆောင်တော့မှာလို့ ရန်ကုန်လာခဲ့ပါလားလို့"

"အားအားရားရား နင်မင်္ဂလာဆောင်တာများ ရေးကြီးခွင်ကျယ်လုပ်လို့... သူကအဝေးကြီးမှာနေတာ အလုပ်အားရင်တောင် ခရီးစရိတ် အကုန်ခံပြီးလာမှာ မဟုတ်ဘူး"

"ဟာ... အဲ့သလို ရက်ရက်စက်စက် ခိမ်းခိမ်းကားကားကြီးတော့ မပြောပါနဲ့ဟာ... ငယ်ငယ်တုန်းကလို ငါမဆိုးတော့ပါဘူးဟာ နင်တို့ကိုတွေ့ချင်လွန်းလို့ပါ... ကဲ... နင်တို့နှစ်ယောက်လုံးကို ခရီးစရိတ်... စားစရိတ် ကုန်ကျစရိတ်ထုတ်ပေးမယ်ဆိုရင်ရော"

"မသိဘူး... သူနဲ့တွေ့မှ မေးကြည့်ပေတော့"

"နင်ကရော"

"မလာပါဘူး... ဒါပဲလား... တခြားစကားပြောစရာမရှိရင်လည်း ချလိုက်တော့မယ်"

တကယ်ချသွားသဖြင့် 'နနှ' ဒေါပွပြီး ကျန်ရစ်ခဲ့သည်။ 'နွယ်' မျက်နှာကို မြင်တော့ ပိုကျဲမြီးတိုသွားတော့သည်။

"နေပါအုန်း... မင်းက 'မရမ်းသီး' ဖုန်းနံပါတ်ကို ဘယ်လိုလုပ်ရတာလဲ"

"အလုပ်ကိစ္စနဲ့ မြိတ်သွားတုန်းက 'ဘူးသီး' နဲ့ ဈေးထဲမှာ သွားတိုးတယ်... 'ဘူးသီး' ဆီကရတာ"

"'ဘူးသီး' ဖုန်းနံပါတ်လည်း မင်းသိမှာပါ"

"မသိပါဘူးကွာ"

"ငါ 'ဘူးသီး' နဲ့စကားပြောချင်တာကွ... 'ဘူးသီး' ကို ငါ့ဆီဆက်သွယ်ဘို့ ဖုန်းနံပါတ်တောင် မပေးလိုက်ရဘူး... 'မရမ်းသီး'





ဖုန်းချသွားတယ်... ထပ်ဆက်မှထင်တယ်"

"ငါ့ကိုသာ ပေးခဲ့ပါ... ငါဆက်ပြီးအားလုံးကို ပြောပေးပါ့မယ်"

"ဟုတ်ပြီ... တစ်ပတ်အတွင်းတော့ ရန်ကုန်မှာရှိမယ်... တစ်ပတ်ကျော်ရင် နယ်ပြန်မယ်"

ဖုန်းနံပါတ်နှစ်ခုလုံးကို ရေးပေးပြီးနောက်...

"ကဲ... ငါဟိုကောင်ကြီးအခန်းသွားလိုက်အုန်းမယ်... မင်းလိုက်အုန်းမလား"

မဲ့ရွဲ့ပြီးလက်ခါပြသဖြင့် ...

"ဒါဆို ငါသွားပြီ... ရန်မဖြစ်ကြနဲ့နော်"



Scanned by CamScanner

## ၅

ရန်ဖြစ်နေကြတာ 'နနွ' နှင့် 'နွယ်' တို့နှစ်ယောက်ပါ။

"သိပ်စိတ်ပျက်တယ်သိလား... စိတ်လည်းကုန်တယ်"

ကားဂိတ်တွင် လူရှင်းသဖြင့် 'နွယ်' က ပြဿနာစလေပြီ။

"ဘယ်သူ့ကိုလဲ"

"ရှင့်ကို... ရှင့်ကို"

"အပြောင်းအလဲမြန်လှချည်လား... အလာတုန်းက ပုံစံနဲ့ လေသံကတစ်မျိုး... အခုအပြန်ကျတော့ ဆန့်ကျင်ဘက်ဖြစ်နေပါလား"

"ရှင့်ပုံစံက ပိုတောင်ပြောင်းလွဲသေးတယ်... ဖုန်းပြောနေတာ အပေါ်သွားနဲ့ အောက်သွားမစေ့ဘူး... သတိလက်လွတ်တွေဖြစ်နေလိုက်တာ... ငယ်ငယ်တုန်းက မတည့်ကြလို့ဘဲ တော်တော့တယ်... 'မရမ်းသီး' မို့ပဲတော်တော့တယ်... သကြားလုံးများဆိုရင် ခက်အုံး





မယ်... ဟိုကမလာပါဘူးဆိုတာကို သူကအောက်ကျခံပြီး ခေါ်နေလိုက်တာ... ခရီးစရိတ်... စားစရိတ်များ တာဝန်ယူအုန်းမတဲ့... ဓေတနာတွေပိုနေလိုက်တာ... ကွယ်ရာမျိုးတောင်မဟုတ်ဘူး... ရှေ့မှာကိုထားပြီး နှာဘူးထနေလိုက်တာ"

"ပြဿနာပဲကွာ... မွေချင် ရှုပ်ချင် ကွယ်ရာမှာလုပ်မှာပေါ့... ရိုးရိုးသားသားမို့ ပေါ်တင်ပြောနေတာပေါ့"

"အပိုတွေပြောမနေနဲ့... ကုန်စုံဆိုင်က 'ကြီးဒေါ်အုံး' တုန်းကကြတော့ အကြွေးတွေငယ်ငယ်ထဲက ယူထားလို့ အသနားခံပြီးတောင်းတာတောင် တစ်ပြားမှ မပေးချင်ဘူး... အိုမင်းမစွမ်းရှိတဲ့လူတွေကို မတောင်းဘဲတောင်ပေးနေကြရသေးတာ... ခုတော့ မလာချင်ပါဘူးဆိုတဲ့ မိန်းမတွေကကြတော့ စေတနာတွေပိုနေတယ်... မဟုတ်မှလွဲရော ... ငယ်ငယ်တုန်းထဲက ပါးခပ်ကသာ ရန်လုပ်နေကြတာ... စိတ်ထဲကကြိတ်ပြီး ကြိုက်ချင်ကြိုက်နေကြမှာပေါ့... အခုမှပြန်တွေ့ရလို့ စိတ်မကောင်းဖြစ်နေလားတောင် မသိဘူး"

"ပြော...ပြော.. ဝအောင်ပြော"

"ပြောမှာပဲ... အဲဒီနှစ်ယောက်ကို ဖိတ်မယ်ဆိုရင် ပွဲပျက်ဖြစ်မယ်"

"ဟောဗျာ... ငယ်သူငယ်ချင်းနှစ်ယောက်ကို မင်္ဂလာဆောင်ဖိတ်မိတဲ့ကိစ္စလေးနဲ့ ကိုယ့်ဘဝအတွက် ရည်ရွယ်ထားတဲ့ အိမ်ထောင်ဘက်ကိုတောင် စွန့်ပစ်မယ်ဆိုတဲ့စိတ်ဟာ အနိုင်ကျင့်ရာ မရောက်လွန်းဘူးလား... သဘောထား မသေးသိမ်လွန်းဘူးလား"

"ဒါ... သဘောထားကြီးရမယ့်ကိစ္စ မဟုတ်ဘူးလေ"

'နွယ်' အသံတွေက ငိုသံပါနေသည်။ သူမသဝန်တိုလွန်းနေပြီ။ ချစ်လျှင် သဝန်တိုတတ်မှန်းသိပါသည်။ သို့သော် ယခုကိစ္စကတော့ ဗိုလ်ကျလွန်းသည်ဟု ထင်မိသဖြင့် ဘာမျှဆက်မပြောဘဲ

ကြည့်နေမိသည်။

"ကားလာပြီ တက်ကြစို့"

"ကိုယ့်ဖာသာကိုယ်ပြန် 'နှယ်' တက္ကစီငှားပြီးပြန်မယ်"

"အလာတုန်းကတော့ အပြောကြီးလိုက်တာ... မောင်နဲ့ဆို အဝီစိအထိပဲ သွားရ..သွားရတဲ့"

"ခုတော့ မလိုက်ရဲတော့ဘူး"

'နှယ်' က ကားတစ်စီးကို လှမ်းတားသည်။ ကားထိုးရပ်သောအခါ 'နှနှ' က လက်ခါပြရင်း ...

"မလိုက်တော့ဘူးဗျို့... ဒီမိန်းမက သိပ်အသုံးအဖြုန်းကြီးပြီး ဘဝင်သိပ်မြင့်တာ.. ကျွန်တော်တို့ လင်မယားက ဘတ်စ်ကားတိုးစီးရတဲ့လူတန်းစားထဲကမို့ပါ"

'နှနှ' ကို ကားဆရာက ဒေါသတကြီး အော်ဆဲသွားသလို 'နှယ်' ကလည်း လက်ကိုင်အိတ်ဖြင့် အားရပါးရ ရိုက်ရင်း ....

"ကဲ... ပြောအုန်း... ပြောအုန်း... လင်မယားပုံစံနဲ့"

"ရှေ့လထဲ အတူနေကြတော့မှာပဲ"

"အတူမနေရခင် ကွဲကိန်းပေါက်နေပြီ နက်ဖြန်ဘာဖြစ်မယ်ဆိုတာ ဘယ်သူပြောနိုင်လဲ သူများသားသမီးကို သားပြောမယားပြော မပြောနဲ့"

"ဒါဆို ပွဲတကယ်ဖျက်မလို့လား"

"ဖျက်မယ်... ဖျက်မယ်... ရှင့်နောက်ကို လိုက်ခဲ့ရတာ တစ်နေကုန်ပေမယ့် ရှင့်ပုံစံ... ရှင့်အတိတ်ကို သိပ်မကြိုက်ဘူးသိရဲ့လား... ပစ္စုပ္ပန်နေပုံထိုင်ပုံစရိုက်လည်း ကာလဒေသကိုလိုက်ပြီး သိပ်အပြောင်း အလွဲပြန်လွန်းတယ်... အနာဂတ်မှာ ဘာတွေထပ်လုပ်ပြအုန်းမလည်း မသိဘူး... စရိုက်ချင်းမတူဘဲယူရင် 'နှယ်' ပဲစိတ်ဆင်းရဲရမှာပဲ"



"အင်း... သွေးထိုးတဲ့လူက တကယ်တော်တာပဲ... ဒီနေ့အတူလိုက်လည်တာကလည်း စုံစမ်းလေ့လာချင်လို့ဆိုတာ သဘောပေါက်သွားပါပြီနော်... အင်းပေါ့နော်... 'နှယ်' မကျေနပ်ရင် ကိုယ်ဘာတတ်နိုင်မှာတုန်း 'နှယ်' သဘောပါ"

'နှယ်' မျက်လုံးပြူးကြီးဖြင့် ...

"အော်... 'နှယ့်' သဘောဟုတ်လား... ခုတော့ပြောနိုင်ပြီပေါ့ အဆက်ဟောင်းတွေနဲ့ ချိတ်မိပြီကိုး... အစားထိုးနိုင်ပြီကိုး... 'နှယ်' နဲ့ တပူးတွဲတွဲလုပ်နေရင် အနှောက်အယှက်ဖြစ်လို့ ချောင်ထိုးထားချင်ပြီ မဟုတ်လား"

'နှယ်' ငိုနေပါပြီ။ ဟိုဟိုဒီဒီကလည်း ကြည့်ကုန်ကြပြီ။

တက္ကစီတစ်စီး အဆင်သင့်ဖြတ်သွားသဖြင့် လက်ခုတ်တီးခေါ်ယူပြီးနောက် သူမကို ကားပေါ်ဆွဲတင်ခဲ့ပါသည်။

"ချစ်လွန်းလို့ 'နှယ်' အူတိုနေတယ်ဆိုတာ မောင်သိပါတယ်ကွာ... ဟုတ်တယ်... မောင်ကလည်း ငယ်ပေါင်းတွေနဲ့ ပြန်တွေ့ပြီး ငယ်စိတ်တွေ ပြန်ပေါ်ခဲ့မိတယ်... ငယ်ငယ်တုန်းက ဆိုးခဲ့ပေမယ့် အခုမောင်က လူကြီးဖြစ်နေပြီ ပညာတတ်ကြီးဖြစ်ပြီး ဓာတွေဖတ်ထားတော့ အလိမ္မာလဲတိုးနေပြီလေ... ဒါကြောင့် ငယ်ပေါင်းတွေအပေါ်မှာ ငယ်ငယ်က ဆိုးခဲ့တာတွေ... အနိုင်လုခဲ့တာတွေ... မိုလ်ကျခဲ့တာတွေကို ပြန်တောင်းပန်ချင်တယ်... ပြန်ဆုံတွေ့ချင်တယ်... ဒီစိတ်သန့်သန့်တစ်ခုတည်းနဲ့ ဆက်သွားတာပါ... ခေါ်တာပါ... ဒါပေမယ့် 'နှယ်' မကြိုက်ဘူး... မကျေနပ်ဘူးဆိုရင် မောင်မဆက်သွယ်တော့ဘူး... မခေါ်တော့ဘူး"

'နှယ်' က ခေါင်းငုံ့ထားဆဲ။

"မောင့်အချစ်တွေ... မောင့်စကားတွေကို မယုံဘူးလား 'နှယ်' ကျိန်ပြောဆိုလည်း ပြောပါ့မယ်... ရေထဲသွားရင် လှေမှောက်၊



Book Sharing

Scanned by CamScanner

သဘော်ာမှောက်၊ ရေနစ်ကွာ... လေထဲမှာသွား.. လေယာဉ်တိုက်... ခုံးပျံတိုက် ပန်းကန်ပြားပျံနဲ့တိုက်... ကုန်းပေါ်မှာသွားရင်း ကားတိုက်... မြွေကိုက်"

"ဟာ... မောင်နဲ့ကားစီးရတာ သိပ်မျက်ခုံးလှုပ်တာပဲ... သိပ်ကျိန်တတ်တာပဲ... ကျိန်ပြောတဲ့လူတွေဟာ အကျိန်လွယ်သလောက် ကတိလည်း ဖျက်တတ်တယ်တဲ့... သူတို့ကတိမတည်တာကို သူတို့အသိဆုံးပဲတဲ့... ဒါကြောင့်ကျိန်ပြီး ပြောတတ်ကြတာတဲ့ သိရဲ့လား"

"အင်း... ကျိန်ပြောတော့လည်း တစ်မျိုးပြောပြန်ရော... 'နွယ်' ကို မောင်အရှုံးပေးပါတယ်ကွာ... 'နွယ်' ထားရင်လည်းနေပါ့မယ်... သတ်ရင်လည်း သေရပါ့မယ်... 'နွယ်' အဆုံးအဖြတ်ကို မနက်မိုးလင်းတာနဲ့ ကြားနာရမယ့်လူပါ"

'နွယ်' တို့အိမ်ရှေ့နားတွင် ကားရပ်ခိုင်းပြီး။

"မနက်စောစော ဖုန်းဆက်မယ်နော်"

'နွယ့်' ဆန္ဒက အိမ်ထဲအထိလိုက်ပြီး လူကြီးတွေကို နှုတ်ဆက်စေချင်သည်။ သို့သော် 'နွယ်' ခေါင်းငြိမ့်ပြီးကားပေါ်မှ ဆင်းခဲ့ပါသည်။



'နန္ဒ' တည်းခိုနေသည့် ဆွေမျိုးအိမ်သို့ ပြန်ရောက်သောအခါ...

" 'နန္ဒ' ဆိုကို ကောင်မလေးတစ်ယောက် ဖုန်းဆက်တယ်"

" 'နွယ်' လား"

"မဟုတ်ဘူး... အော်... 'ဝေပြုံးချယ်' တဲ့"

"ဟာ... ဟုတ်လား... ဘာပြောသွားသေးလဲ"

"သူ့ဆီပြန်ဆက်သွယ်ဖို့ ဖုန်းနံပါတ်ပေးသွားတယ်"

"ဟုတ်ကဲ့... ဟုတ်ကဲ့... ကျွန်တော် အခုပဲပြန်ဆက်လိုက်မယ်"

'နန္ဒ' ဧည့်ခန်းဒေါင့်ရှိ တယ်လီဖုန်းရှိရာသို့ ဝမ်းသာအားရ ပြေးသွားပြီး ဖုန်းခေါ်ပါတော့သည်။

" 'ဝေပြုံးချယ်' နဲ့တွေ့ချင်လို့ပါ"

ခေါ်သံအော်သံတွေရော၊ လူသံတွေရော ဆူညံနေပါသည်။

"ဟုတ်ကဲ့... 'ဝေပြုံးချယ်' ပြောနေတာပါ"

Scanned by CamScanner

" 'ဘူးသီး' မဟုတ်ဘူးလား"

" 'ရှောက်သီး' မဟုတ်လား"

"သိပ်ဟုတ်တာပေါ့... 'မရမ်းသီး' နဲ့ ဒီနေ့ဖုန်းပြောဖြစ်လို့လား"

"ဟင့်အင်း...."

"ဒါဆို ငါ့ဖုန်းနံပါတ်ကို ဘယ်သူပေးတာလဲ"

" 'မုန်လာဥ' "

" 'မုန်လာဥ' က နင့်ဆီ ခဏခဏဖုန်းဆက်လား"

"အင်း..."

"ဘာဖြစ်လို့ ခဏခဏဆက်နေတာလဲ"

"စကားပြောချင်လို့နေမှာပေါ့"

"ဒီကောင် သူ့မိန်းမနဲ့ကြတော့ စကားလည်းမပြောဘူး... အတူတူလည်းမနေဘူး"

"အဲဒါ ငါနဲ့ဘာဆိုင်လဲ... ကောင်းကောင်းစကားမပြောရင်တော့ ငါဖုန်းချပြစ်မှာနော်"

"ဟာ... စိတ်မတိုပါနဲ့ဟာ... နင်ကလည်း ငယ်ငယ်တုန်းက စိတ်မပျောက်သေးဘဲကိုး"

"နင်ကရော... ကောင်းကောင်းစကားပြောလို့လား"

"အေး... ဆောရီး... ငါသိပ်ဝမ်းသာနေတယ်ကွာ... မနက်ကလည်း 'မရမ်းသီး' နဲ့ဖုန်းပြောဖြစ်သေးတယ်... ငယ်ငယ်ကလောက် မရှိင်းတော့ပေမယ့် နည်းနည်းတော့ ရွာတုန်းပဲ"

"ကြေးမုံမှန်ပြင်လိုပေါ့... ပြုံးပြရင် ပြန်ပြုံးပြမှာပေါ့"

"တွေ့တော့မှ ရန်ဖြစ်ကြတာပေါ့... နင့်ကို အရမ်းတွေ့ချင်တယ်ဟာ... ရေ့လလယ် ငါ့ဝယ်ဒင်ရှိတယ်... နင်လာခဲ့ပါလား"

" 'ကိုလတ်' 'ချဉ်ပတ်' တို့ကို ဖိတ်ထားသေးလား... သူတို့





တွေကို ဖိတ်ထားရင်တော့ မလာတော့ဘူး"

"နင်တို့ကလည်းဟာ... အသက်တွေလည်းကြီးလာပြီ ခုထိမတည့်ကြသေးဘူးလား.... ဆွေမျိုးတွေပဲဟာ"

"သူစိမ်းတွေနဲ့ ဆက်ဆံရတာ တစ်ခါတစ်လေ ပိုကောင်းသလိုပဲ... တခြားမကြည့်နဲ့လေ... ချစ်သူတွေ... လင်မယားတွေကို ကြည့်ပါလား... သူစိမ်းတွေပေါင်းဖက်ကြတာပဲ မဟုတ်လား... တစ်ချို့တစ်လေကလွဲရင် သေတဲ့အထိ လက်တွဲသွားကြတာ"

"နင်ရော... တစ်သက်လုံးလက်တွဲရမယ့် သူတွေ့ပြီလား"

"မတွေ့သေးပါဘူး"

"အချိန်ဆွဲမနေနဲ့... တော်ကြာဟိုင်းသွားအုန်းမယ်... မယူချင်လည်း လုံးဝမယူနဲ့တော့.... အပျိုကြီးပဲလုပ်လိုက်တော့"

"ကိုယ့်ပေါ်ကောင်းတာတွေ့ရင်တော့ ယူမှာပေါ့ဟ"

"တမိုးအောက်ထဲ အတူနေခဲ့ကြတဲ့သူတွေမို့ ငယ်သံယောဇဉ်ကြောင့် မတော်တာတော့ မဖြစ်စေချင်ဘူးကွာ... နင့်ကို ဖြူဖြူလုံးလုံးနဲ့ ချစ်စရာကောင်းလွန်းလို့ 'ဘူးသီး' ခေါ်တာသာကြည့်တော့ အရမ်းအသက်ကြီးမှ ယူတဲ့မိန်းမတွေဟာ ကိုယ့်ထက်အရမ်းငယ်တဲ့ ကောင်လေးတွေနဲ့ရတတ်တယ်... ဒါမှမဟုတ် တခ်ခုလတ်... မုဆိုးဖိုတွေနဲ့ရတတ်တယ်... အဲဒီထက်ပိုဆိုးတာ မလွတ်မလပ်လူတွေနဲ့လည်း ရတတ်တယ်"

"ဘာကိုရည်ရွယ်ပြီးပြောချင်တာလဲ... 'ကိုလေလင်း' နဲ့ အဆက်အသွယ်ရှိနေလို့ ပြီးတော့ 'ချဉ်ပတ်' နဲ့စံနက်လည်း ပါတယ်မဟုတ်လား"

ဒေါသသံတွေပါလာပြီဖြစ်၍ ....

"ဒီမှာ... ငါ့ညီမ စော်ကားချင်လို့ ဒီစကားတွေပြောတာ မဟုတ်ဘူးနော်... 'ချဉ်ပတ်' ဆိုတဲ့ကောင် မကောင်းတာတော့ ငယ်ငယ်ထဲ



Scanned by CamScanner

က အားလုံးသိပြီးသားပါလေ... ဒါပေမယ့် သူ့ကိုအရွဲ့တိုက်ချင်တာ သက်သက်နဲ့ နင်ရော 'မုန်လာဥ' ရော မလုပ်သင့်တာကို မလုပ်ကြပါနဲ့လို့ ငါသတိပေးချင်တာပါ... ဒီစကားကိုပြောချင်လွန်းလို့ နင့်ဆီကို ဖုန်းဆက်ချင်နေတာပါ"

" 'ကိုနန္ဒ' ပြောသလိုပဲ တမိုးအောက်မှာ နေခဲ့ကြတဲ့သူတွေမို့ သံယောဇဉ်မကင်းလို့ ဖုန်းစကားပြောတာပဲရှိတယ်... သူများ ယောကျ်ားကို လုယူမယ့် အပေါစားမိန်းမမျိုးမဟုတ်ဘူး"

"ဒီလိုကြားရတာ ဝမ်းသာလိုက်တာဟာ... 'အာလူး' ဆိုတာကလည်း နင့်အစ်မဝမ်းကွဲပဲလေ"

"ဆွေမျိုးလို့တောင် သတ်မှတ်မထားတော့ပါဘူး"

"အေး... သူ့ကိုမညှာရင်တောင် နင်ချစ်ခဲ့ဖူးတဲ့ 'မုန်လာဥ' ရဲ့ ဘဝအေးချမ်းရေးကို ထည့်စဉ်းစားပေးရလိမ့်မယ်... ဒီကောင်က 'ချဉ်ပတ်' ကို အနိုင်ယူချင်တာတစ်ခုနဲ့ အဲဒီကောင်မခံချင်အောင် 'အာလူး' ကို ဥပေက္ခာပြုထားတယ်... သူ့ညီမကို စိတ်ဆင်းရဲအောင် လုပ်ရမလားဆိုပြီး တန်ပြန်ကလဲ့စားချေတဲ့အနေနဲ့ 'ပိုးဟပ်ဖြူ' ကို တချိန်လုံး ရိုက်ပုတ်ညှင်းဆဲနေတတ်တာဟ... ငါစိတ်ထားကလေ နင်နဲ့ ပြန်ချိတ်မိသွားရင် 'ပိုးဟပ်ဖြူ' လည်းဒုက္ခရောက်မယ်... 'မုန်လာဥ' လည်းဒုက္ခရောက်မယ်... နင်လည်းဒုက္ခရောက်မှာ စိုးတယ်"

"ဥပဒေမဲ့နေတာမှ မဟုတ်ဘဲ"

" 'ချဉ်ပတ်' နဲ့ ငါအေးအေးဆေးဆေးစကားပြောပြီးပြီးဟ... ဒီကောင့်စိတ်ထားက ငယ်ငယ်ကလိုပဲ ရိုင်းစိုင်းတုန်းပဲ... နင့်နဲ့ 'မုန်လာဥ' များ ပြန်ညိကြ... ပြန်ယူကြလို့ကတော့ လူသုံးယောက်ကိုသတ်ပြီး ထောင်ထဲဝင်ရမှာ တန်ပါတယ်လို့ ရယ်ကျဲကျဲနဲ့ပြောနေသေးတာ... 'မုန်လာဥ' ကလည်း လူပုံကသာ ဖြူဖျော့ဖျော့ ကန့်က





လျနော်... 'ချဉ်ပတ်' ဓါတ်ပုံနှစ်ပုံကို ဓါးမြှောင်စိုက်ထားတာ... သူတို့ နှစ်ယောက် တမိုးအောက်ထဲ ခုချိန်ထိရှိနေတာ အူယားစရာကြီးဟာ သူတို့ပြဿနာထဲမှာ နင်ဝင်ငြိနေမှာဆိုးလို့ ငါကြားကြားချင်း နင့်ဖုန်းနံပါတ်ကိုရအောင်စုံစမ်းပြီး ဆက်သွယ်တာ... ငါ့စေတနာကို နင် နားလည်စေချင်တယ်ဟာ"

အသံတိတ်နေသဖြင့် ....

" 'ဘူးသီး' "

"ဟင်"

"နင်သဘောပေါက်ပါတယ်နော်"

"အင်း... အမှန်အတိုင်းပြောရင် ဒီလကုန် ရန်ကုန်လာစရာရှိတယ်... နင့်မင်္ဂလာဆောင်အတွက်ပါ ဆက်နေမလားလို့... ခုနက စဉ်းစားနေတာ... ခုတော့ မလာတော့ဘူးဟာ...လာရင် 'ကိုဝေလင်း' က အတင်းကပ်မှာ... 'ချဉ်ပတ်ကြီး' ကိုကြောက်လို့တော့ မဟုတ်ဘူးနော်... 'ကိုနန္ဒ' စကားကို သဘောပေါက်လို့... ပြီးတော့ 'ဖြူဖွေး' ကို သနားလို့... 'ကိုဝေလင်း' ဒုက္ခမရောက်စေချင်လို့... အပြစ်မရှိတဲ့ ကလေးတွေ ဒုက္ခမရောက်စေချင်လို့"

"ဟာ... ဝမ်းသာလိုက်တာကွာ... ကိုယ်ကြားချင်တာ ဒီစကားလေးပါပဲ... ကိုယ်ဖြစ်ချင်တာ ဒါပါပဲ.. 'ဘူးသီး' ဆိုတဲ့ ကောင်မလေးဟာ ငယ်ငယ်ထဲက စိတ်ထားအဖြူစင်ဆုံးမို့ အားလုံးရဲ့ချစ်ခြင်းကို ခံခဲ့ရတာပဲလေ... မင်းမလာဖြစ်တဲ့အတွက် ကိုယ်တို့စုံတွဲ ဟန်နီးမွန်းထွက်ရင်း မင်းကိုလာတွေ့မယ်"

"လာခဲ့လေ... စောင့်နေမှာပေါ့"

"အိုကေကွာ.. အိုကေ"

'နွယ်' တစ်ညလုံး အိပ်မရသဖြင့် မနက်အစောကြီး ဖုန်းခေါ်မိပါသည်။

" 'ကိုနန္ဒ' နဲ့စကားပြောချင်လို့ပါ အန်တီ"

" 'နန္ဒ' ခရီးထွက်သွားတယ် 'နွယ်' "

"ရှင်ဘယ်အချိန်က ထွက်သွားတာလဲ အန်တီ... ခုမှ ငါးနာရီ ကျော်ကျော်ပဲရှိသေးတယ်လေ"

"ညရှစ်နာရီကျော်ကမှ စော်ဘွားကြီးကုန်းကနေ ကားသွားစီး တာ"

" 'နွယ်' ညခြောက်နာရီခွဲတုန်းက ဖုန်းဆက်သေးတယ်... အ ကြာကြီးခေါ်နေတာ မရဘူး"

"အော်... ဟုတ်တယ်... ဟုတ်တယ်... 'နန္ဒ' ဖုန်းစကားပြော နေလို့လေ... မြတ်က သူ့သူငယ်ချင်း ငယ်ပေါင်းတစ်ယောက်ကို မင်္ဂလာဆောင်လာဘို့ ဖိတ်နေတာတော့ကြားတယ်... စကားပြော တာတော့ နည်းနည်းကြာတယ်... ဒါကြောင့် 'နွယ်' ခေါ်လို့ မရတာ"

'နွယ်' မျက်ရည်ဝဲနေပြီ။ မိမိကိုတော့ ကျိန်တွယ်ပြီး ကတိပေး သွားသည်။ ယခုတော့ ကတိမတည်ပါလား။

ဒါကိုထားပါလေ။

မကြာခင် တစ်သက်လုံးအတူနေရတော့မည့် ဘဝအဖော်လည်း ဖြစ်... သတို့သမီးလောင်းလည်းဖြစ်သည့် မိမိကို ခရီးထွက်မည့် အကြောင်း ပြောသွားဖို့မသင့်ဘူးလား... မိမိကိုသူချိုးတာလား၊ ဂရုမစိုက်တာလား၊ ဒါမှမဟုတ် စိတ်ကောက်သွားတာလား။

"အရေးတကြီးနဲ့ သူကဘယ်ကိုခရီးထွက်သွားတာလဲ အန်တီ ရယ်"

"သူ့ညီ 'သီဟ' ဆက်တာထင်တယ်... 'သီဟ' မော်လမြိုင် ကိုရောက်နေတယ်ဆိုလို့ တွေ့ချင်လို့ အရေးတကြီးထွက်သွားတာ 'နွယ့်' ကိုဖုန်းမဆက်ဖြစ်တာက မော်လမြိုင်ထွက်မယ့်ကားမမှီမှာ စိုးလို့လေ... လက်မှတ်ကလည်း မဝယ်ရသေးလို့ လောနေတာ-



ဟိုရောက်ရင်တော့ ဆက်မှာပါကွယ်"

'နွယ်' အံကြိတ်ပြီး ဖုန်းခွက်ကိုချလိုက်ပါသည်။

'မမသွယ်' ပြောတာမှန်ပြီလား။

တစ်နေ့တခြား ဇာတိတွေပြလာပြီပဲ။

၆

လမ်းဘေးသစ်ပင်ကြီးအောက်တွင် ရပ်နေသော ကျောင်းဆရာမတစ်ယောက်ကို မြင်လိုက်ရသော 'သီဟ' က သမင်လည်ပြန်လှည့်ကြည့်ရင်း ဂျစ်ကားဒရိုင်ဘာကို ရပ်ခိုင်းလိုက်ပါသည်။

"ဆရာကြီး... ကျေးဇူးပြုပြီး ကျွန်တော့်ကို ဟောဟိုသစ်ပင်အောက်နားကို ပြန်ကွေ့မောင်းပေးလို့ရမလား"

ဂျစ်ကားမောင်းနေသည့် တပ်ကြပ်ကြီးက ပြုံးစေ့စေ့မျက်နှာဖြင့်...

"ဒီနားကို ဒီအချိန်ကားဖြတ်တိုင်း လူပျိုအရာရှိတွေက ပြန်ပြန်ကွေ့ခိုင်းတတ်ကြလွန်းလို့ ရိုးနေပါပြီဗျာ ... ဒီကနေ့ အရာရှိတွေမပါတော့လည်း သစ်တောအရာရှိလေးကလည်း ကွေ့ခိုင်းနေပြန်ပြီ... သစ်ပင်အောက်က မြစိမ်းရောင်မင်းသမီးလေးက ယောကျ်ား



အတော်များများကို ညို့ယူဖမ်းစားနိုင်လွန်းပါကလား"

စိမ်းနေသော သစ်တောနောက်ခံတွင် အကျီအဖြူ၊ လုံချည်အစိမ်း၊ ယိုးဒယားခြင်းတောင်းအစိမ်း၊ ဖိနပ်ဖြူဖြူပါးပါး၊ စလင်းဘက်အဖြူလေးလွယ်၍ ရပ်နေသော ဆရာမလေးမှာ အရုပ်မြင့်မြင့်၊ ကိုယ်ဟန်ထွားသော်လည်း ခါးသေးရင်ချီ ပဒုမ္မာနီပုံစံမျိုး။ ဗိုက်ချပ်ချပ်၊ တင်ကားကားလေးနှင့် ဆံထုံးလှလှလေးထုံးပြီး စံပယ်ပန်းကလေး ကုံးပြီး ပန်ထားသေးသည်။

သူမကို ပြန်ကွေ့ပြီးလာကြည့်မှန်းသိသဖြင့် မျက်နှာကို လွှဲထားပါသည်။

သူမမျက်နှာကို သေချာမြင်တွေ့ရပြီးသောအခါ 'သီဟ' ၏ မျက်နှာမှာ ပြုံး၍လာသလို၊ ခြေထောက်များကလည်း သူမရှိရာ သစ်ပင်အောက်ဆီသို့ လျှောက်နေကြပါသည်။ အနားကပ်လာမှန်းသိသဖြင့် သူမက ကားလမ်းမကြီးပေါ် တက်လာပြီး 'သီဟ' ကို ကျော်ခိုင်းလိုက်ပါသည်။

စံပယ်ပန်းရနံ့နှင့် သနပ်ခါးနံ့များ မွှေးကြိုင်နေပါသည်။

'သီဟ' ကလေချွန်ပါသည်။

"ဝပါတယ်မေရယ် × × × ကြည့်၍မရတဲ့ကိုယ့်မျက်လုံးထဲမယ် × × × ရုပ်ပုံတော်ပုံတော်မဖွက်ထော် × × × ကြည့်ရရုပ်ဆိုးတယ် × × × ဆင်ဖင်လိပ်ခါးရယ် × × × "

'ကိုမောင်မောင်' သီဆိုထားသော 'လှပါတယ်မေရယ်' သီချင်းကို လေချွန်လိုက်ယုံဖြင့် 'မရုပ်းသီး' ၏ မျက်နှာက အကျည်းတန်အရုပ်ဆိုးသွားလောက်အောင် ဒေါသထွက်လာစမြဲ။

ယခုလည်း လေချွန်သံကြောင့် ဆရာမ 'မေဖုန်းနွယ်' ၏ မျက်နှာက 'သီဟ' ရှိရာဘက်သို့ မျက်ကနဲလှည့်လာပြီး နဂါးမျက်စောင်းနှင့် မာန်ဖီပြီး ကြည့်ပါတော့သည်။



Book Sharing

Scanned by CamScanner

'သီဟ' ကိုမြင်သောအခါ ထိုမျက်ဝန်းများက မီးဝင်းဝင်း တောက်သွားသလို မနီးမဝေးတွင် ရပ်နေသော ခရီးသည်တင် အဝေးပြေး ဟီးနိုးကားပြီးပေါ် အတင်းတိုးတက်သွားကြောင်း တွေ့လိုက်ရသဖြင့် 'သီဟ' က ပါးစပ်အဖြဲသား ရယ်ကြဲကြဲဖြင့် ကျန်ရစ်ခဲ့ပါသည်။

.ဟီးနိုးပေါ်က ခရီးသည်များက အရပ်မြင့်မြင့်၊ ဘောင်းဘီ ကာကီရောင်၊ ကော့င်းဘွိုင်ဦးထုပ်နှင့် အိတ်ကပ်အများကြီးပါသည့် ဂျာစီအပေါ်ထပ်ကိုဝတ်ပြီး နေကာမျက်မှန်တပ်ရင်း ကျန်ခဲ့သည့် 'သီဟ' ကို ပြုးစေ့စေ့ကြည့်ရင်း ကျန်ရစ်ခဲ့ပါသည်။

"တီ... တီ... တီ"

ဂျစ်ကားဆရာဟွန်းတီးပြီးခေါ်နေသည်ကိုလည်း 'သီဟ' မကြား။ မျက်စေ့တဆုံးကြည့်ရင်း ကျန်ရစ်ခဲ့သဖြင့် ...

"ဆရာ... မြွေ... မြွေ ဒီကိုအမြန်ပြေးလာခဲ့ပါ"

ကားကို 'သီဟ' နားပြန်ဆုတ်ပေးသလို စိုးရိမ်တကြီးလှမ်း အော်ခြင်းဖြစ်သည်။ ယခုမှ 'သီဟ' ခုန်ပေါက်ပြီး ပြေးလာခဲ့ ပါသည်။ အလုံးတုတ်ပြီး ရှည်လျားသော မြွေတစ်ကောင်က ကားလမ်းကိုဖြတ်ကူးပြီး မြက်ခင်းများကြား တိုးဝင်ပျောက်ကွယ် သွားသည်။

စောစောက 'မရမ်းသီး' မတ်တပ်ရပ် ကားစောင့်နေသော သစ်ပင်အောက်နှင့် မြွေဖြတ်သွားသော နေရာသည် နီးနီးလေးပါ လား။ သူမနှင့်တွေ့မှ သတိပေးရအုံးမည်။ ဤနေရာတွင် ကားမစီး ပို့။

"နောက်မှ ရောက်လာပေမယ့် ဆရာက တကယ်သွက်တာပဲ ခုနက ဆရာမကို ဖြတ်သွားဖြတ်လာများနေတဲ့ အရာရှိတွေတောင် ခုလိုခြေသွက်လက်သွက် စကားသွားမပြောဖြစ်ကြသေးဘူး...





သိတဲ့အတိုင်း ဆရာမပုံစံကလည်း မျက်နှာထားခပ်တင်းတင်း လေ"

"ပိုင်ရှင်ရှိပြီးသားလားမှ မသိတာ"

"မရှိသေးတာတော့ သေချာတယ်... သေချာစုံစမ်းပြီးပြီ"

"သူကားရပ်စီးတဲ့ ပတ်ဝန်းကျင်မှာ ရွာလည်းမတွေ့... အိမ်ခြေ လည်းမတွေ့ဘူး... ဘယ်ကနေ လာစီးတာလဲဗျ"

"သစ်တောရဲ့ နောက်မှာ ရွာလေးရှိတယ်... အထဲကိုအတော် လျှောက်ရသေးတာ... စောစောက ဖြတ်လာတုန်းက တံတားနားမှာ အလယ်တန်းကျောင်းတစ်ကျောင်းတွေ့ခဲ့လားမသိဘူး... တစ်နာရီ နီးပါးကားစီးသွားရတယ်... အဲဒီကျောင်းက ဆရာမလေ"

"အော်..."

ရန်ကုန်မြို့လယ်မှာ ကြီးပြင်းခဲ့သော 'မေဖုန်းနွယ်' တစ် ယောက် ယခုတော့ တောခေါင်ခေါင်ထဲရောက်နေပါလား။

သူမ၏ပြောင်းလဲမှုများက အံ့သြစရာကောင်းလှပါသည်။

ရစ်တန်းကျောင်းသူဘဝ အပျိုပေါက်အရွယ်တုန်းက 'ဆင်ဖင် လိပ်ခါး'ဟုအခေါ်ခံရလောက်အောင်ကို သူမပုံစံက အချိုးမကျခဲ့ပါ။

ဗိုက်ပူပူ၊ ခါးတုတ်တုတ်နှင့် လုံချည်ဝတ်လျှင် ဝည်ပိုင်းကို အဝတ်ပတ်ထားသည်နှင့် တူလှပါသည်။

သနပ်ခါးကို ပဲကြီးအိုးထဲ မှောက်လျက်လဲခဲ့သလို ထူပျစ်နေ အောင် လိမ်းတတ်ပြီး နဖူးတွင် ရွှဲ၍ စီးကျနေအောင် အုန်းဆီလိမ်း တတ်သူ၊ အမြဲရန်လိုနေသဖြင့် ခပ်ထူထူနှုတ်ခမ်းကို ဝက်ဖင်လိုစူ ထားဘတ်သည်။

ကျောင်းဆရာ၊ ဆရာများ၏ သွန်သင်ဆုံးမမှုများကို လိုက်နာ ခြင်းမရှိလှသည့်အတွက် ဆရာ၊ ဆရာမများ၏ ငြိုငြင်ခြင်းကိုခံရ တတ်သူဖြစ်သည်။ သူမနှင့် သင့်မြတ်အောင်မနေသူများကို အရွယ် မရွေး၊ ဝါမရွေး၊ ဂုဏ်ပုဒ်မရွေးဘဲ ပြန်ရန်လိုတတ်သူလည်း ဖြစ်

Scanned by CamScanner

သည်။ သူမနှင့် အမြန်ဆုံး ဆုံတွေ့လိုပါသည်။

သို့သော် သူမ၏ ကျောင်းနှင့် သူမနေထိုင်ရာ နေရာတို့သည် မိမိအလုပ်ခွင်ရှိရာနှင့် မိုင် ၅၀ခန့်ဝေးသဖြင့် နေ့စဉ်တွေ့ဆုံဖို့ မလွယ်။ သူမကလည်း အလုပ်တာဝန်နှင့် မိမိကလည်း တာဝန်နှင့် စနေ၊ တနင်္ဂနွေမှ တွေ့ဖို့ စိတ်ကူးထားလိုက်သည်။

ငယ်စဉ်ကနှင့် လုံးဝမတူတော့ဘဲ အရပ်မြင့်မြင့် ကိုယ်လုံးလှလှ အသားညိုညိုဝင်းဝင်း၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းထူထူအိအိလေးကို နှုတ်ခမ်းနီပန်းရင့်ရောင်ထူထူလေး ဆိုးထားသဖြင့် ဖူးအိနေပါသည်။

'ပိုးဟပ်ဖြူ' နှင့် 'ဘူးသီး' ထက်ကို ပိုလှနေပြီ။

ဤမြို့သို့ ရောက်ခဲ့သည်မှာ တစ်လခန့်ရှိပါပြီ။

ရောက်ကာစမို့ အဖေါ်သစ် ပတ်ဝန်းကျင်အသစ်တွင် အနေခက်နေစဉ်၊ ပျင်းနေချိန်တွင် မမျှော်လင့်ဘဲ 'မိုးပေါ်ကနတ်သမီး' ကျလာသလို 'မေဖုန်းနွယ်' ကိုတွေ့လိုက်ရသဖြင့် ပျော်ရွှင်လန်းဆန်းလာခဲ့သည်။

လာမည့် စနေ၊ တနင်္ဂနွေနှစ်ရက်လုံး သူမနှင့် အချိန်ဖြုန်းဖို့ ကြိုးစားမည်။ အိမ်နှင့်ကျောင်း ကြားတွင်ရှိမှာ သေချာသည်။

သူမအကြောင်းတွေမိတိုင်း၊ ရယ်ချင်သလိုလို၊ ရင်ခုန်သလိုလို ဖြစ်နေမိသည်။ သူမကိုပေးဖို့ လက်ဆောင်တွေ စုဆောင်းနေမိသည်။

ကျောင်းဆရာမဆိုတော့ စာအုပ်လှလှ၊ မှတ်စုလှလှ၊ ဖောင်တိန် သူမသုံးဖို့ မျက်နှာသုတ်ပုဝါအကြီး၊ အသေး၊ မိမိသေတ္တာထဲတွင် ရှိသမျှအသစ်မှန်သမျှ သူမအတွက်ပေးရန် မတွန့်တိုတော့ပါ။ သူမစားဖို့ မုန့်၊ ကော်ဖီမှုန့်၊ နို့မှုန့်၊ တိုတိုထွာထွာလေးတွေကအစ ဝယ်စုထားသဖြင့် စနေနေ့မနက်တွင် ကြိမ်ခြင်းအလတ်





ဖြင့် အပြည့်ဖြစ်နေပြီ။

ဦးစီးမှူးထံမှ ဆိုင်ကယ်ငှားပြီးသွားမည်။

နေရာလိပ်စာ အတိအကျမသိသဖြင့် သူမကားရပ်စီးသည့်နေရာတစ်ဝိုက်တွင် တွေ့သမျှ လမ်းကြားလမ်းသွယ်မှန်သမျှ ဆိုင်ကယ်ဝင်၍ရသမျှ လျှောက်သွားသော်လည်း ရှာကိုမတွေ့။

သစ်တောစောင့် အလုပ်သမားများ စုဝေးနေထိုင်သည့် တဲပုတ်လေးငါးခြောက်လုံးခန့်ကိုသာ တွေ့ရသည်။

နာရီဝက်ခန့် ချွေးပြိုင်းပြိုင်းကျအောင် ရှာပြီးတော့မှ ကျောင်းရှိရာ ထွက်ခဲ့တော့သည်။

"'ဒေါ်မေဖုန်းနွယ်' မွမ်းမံသင်တန်းတက်ဖို့ ခရိုင်ကို သွားနေပါတယ်"

"ဟောဗျာ... ဘယ်လောက်ကြာမလဲဗျာ"

"တစ်လနီးပါးတော့ ကြာမယ်ထင်တယ်... အရေးကြီးတဲ့ကိစ္စရှိရင် လိုက်သွားလို့ရပါတယ်ဗျာ... ၂ နာရီခရီးပဲရှိတာပဲ"

"တည်းခိုတဲ့လိပ်စာကြတော့ရော"

"လွယ်ပါတယ်ဗျာ... ရပ်ကွက်ရုံးတို့ အထက်တန်းကျောင်းတို့မှာ ဝင်မေးရင်ရမှာပါ"

"ကျေးဇူးပဲဗျာ"

လာချင်လျှင်အနီးလေးဆိုသည့် စကားမှန်လှပါသည်။ တွေ့ချင်လွန်း၍ တကောက်ကောက်လိုက်နေမိခဲ့ပြီ။

သူမတည်းခိုရာ ကျောင်းဆောင်ကိုတွေ့ခဲ့ပြန်တော့လည်း သင်တန်းသွားနေသည်ဆို၍ သင်တန်းကျောင်းဆီသို့ လိုက်ခဲ့ရပြန်သည်။



Scanned by CamScanner

"'မရမ်းသီး' နဲ့တူလိုက်တာ"

ကျောင်းအုပ်ဆရာမကြီး 'ဒေါ်မြတ်မွန်ခင်' က အသံထွက်၍ ပြောလိုက်မိခြင်းဖြစ်သည်။

"ဆရာမကြီး 'မရမ်းသီး' စားချင်လို့လား... ဈေးနဲ့နီးတာပဲ ကျွန်မ သွားဝယ်ပေးမယ်လေ"

အတူယှဉ်တွဲ၍ လျှောက်လာသော ဆရာမ 'ခင်စောဦး' က မေးလိုက်ခြင်းဖြစ်သည်။

"ဟင်... မဟုတ်ပါဘူး... ဟိုအရပ်မြင့်မြင့်နဲ့ ဆရာမဟာ ငယ်ငယ်က တို့ရဲ့တပည့်ဖြစ်ခဲ့ဘူးတဲ့ ကောင်မလေးနဲ့တူလို့ ကြည့်မိတာပါ"

'ခင်စောဦး' က အသံထွက်၍ရယ်ရင်း ...

"နာမည်ကလည်း 'မရမ်းသီး' တဲ့လား... ကြဲကြဲဖန်ဖန် သူကလည်း ဆရာမကြီးကို လှည့်ကြည့်သွားတာပဲ... ဒါဆိုဟုတ်နေမှာပါ ဟုတ်နေရင် ဆရာမကြီးကိုလည်း မှတ်မိနေမှတော့ သူလာနှုတ်ဆက်



သင့်တာပေါ့"

'ဒေါ်မြတ်မွန်ခင်' က မချိပြုံးနှင့်ခေါင်းခါရင်း ...

"ဟုတ်နေလို့ကို မလာတာပါလေ... သူကတို့ကိုမုန်းနေတဲ့သူပဲ"

"အို... ဆရာမကြီးလို လူချစ်လူချင်ပေါများတဲ့ ဆရာမမျိုးကို သူကများ မုန်းရတယ်လို့"

"ငယ်ငယ်တုန်းက အေးလူတွေ သွေးထိုးလို့စိတ်ရိုင်းဝင်တာပါလေ"

'ဒေါ်မြတ်မွန်ခင်' က စကားဆက်မပြောချင်သဖြင့် မျက်လွှာချခေါင်းကိုငုံ့ပြီး ဆက်လျှောက်နေပါသည်။

လမ်းလျှောက်နေသော်လည်း ဆရာမကြီး၏ စိတ်က ပျံ့လွင့်နေပုံရသည်။

"တီ... တီ... တီ"

"တီ... တီ... တီ"

မော်တော်ဆိုင်ကယ်တစ်စီးက 'ဒေါ်မြတ်မွန်ခင်' ကို မြင်သွားပြီးနောက် ဘရိတ်အုတ်ပြီး ပြန်လှည့်ပါသည်။ ခပ်ပြုံးပြုံးစိုက်ကြည့်သည်။ အေးနားကပ်၍ ဟွန်းတီးသည်။ သို့သော် 'ဒေါ်မြတ်မွန်ခင်' မော်တော်ဆိုင်ကယ်ကိုရော စီးလာသူကိုရော မြင်ပုံမရ။ သတိထားမိပုံမရ။ သုံးလေးခါကွေ့ပတ်ပြီး ဟွန်းတီးနေသဖြင့် 'ခင်စောဦး' ကစိတ်တိုလာပြီး ...

"ဟဲ့... ကောင်လေး နင်ဘာလုပ်နေတာလဲ... မျက်စေ့ကိုနောက်နေတာပဲ... လူကြီးကို နောက်စရာလား ပြောင်စရာလား"

'ဒေါ်ခင်စောဦး' ၏ ကျယ်လောင်သော အသံကြောင့် ဆရာမကြီး၏ အဝေးပျံ့လွင့်နေသော စိတ်များ အနီးသို့ ပြန်ရောက်လာတော့သည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

" 'အန်တီလေး' ကျွန်တော် 'သီဟ' လေ"

သွားအဖွေးသားရယ်ပြရင်း... သူ့ကိုယ်သူမိတ်ဆက်နေသူကို မြင်သောအခါ ဆရာမကြီး၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်ကြည်များ ပြည့်လျှံသွားပါတော့သည်။ ပြီးတော့ ...

"ဟယ်... 'သံပုရာသီးလေး' တောင် ဒီအရွယ်ရောက်လာပြီလား ကြည့်ပါအုံးကွယ် ချောလို့... ခန့်လို့..."

ဆရာမကြီးက တုံရီသောအသံနှင့် ပြောရင်း ကောင်လေး၏ လက်မောင်းကို ဆုတ်ကိုင်လိုက်ပါသည်။ တစ်ချိန်တည်းမှာပင် လက်တစ်ဖက်က ပါးပေါ်သို့ စီးကျလာသော မျက်ရည်ကို မသိမသာသုတ်လိုက်ကြောင်း တွေ့ရပါသည်။

ဆောဇောက ပြောင်ချော်ချော်၊ ရယ်ကြဲကြဲလုပ်နေသော 'သီဟ' ၏ မျက်နှာပေါ်သို့လည်း မျက်ရည်ဥများစီးကျလာကြောင်း တွေ့လိုက်ရသဖြင့် 'ဒေါ်ခင်စောဦး' တစ်ယောက် အံ့သြနေပါတော့သည်။

" 'အန်တီလေး' ကိုစော်ကားမိတာ... ပြန်ပြောမိတာတွေအတွက် ကျွန်တော်ဝန်ချတောင်းပန်ပါတယ်... အသက်တစ်ရက်ကြီးလေ... 'အန်တီလေး' ရဲ့ မေတ္တာစေတနာတွေကို နားလည်လာလေပါပဲ... အမှားကိုသိတဲ့ အချိန်ကစပြီး ဘယ်သူကမှ မတိုက်တွန်းပဲ ညအိပ်ရာဝင် ဘုရားရှိခိုးတိုင်း မိဘနဲ့တစ်ဂိုဏ်းတည်းထားပြီး ကန်တော့ပါတယ် 'အန်တီလေး' ရယ်"

" 'အန်တီလေး' ခွင့်လွှတ်ခဲ့ပြီးသားပါကွယ်... ငယ်ရွယ်သေးတဲ့ကလေးတွေအဖို့ မသိနားမလည်သေးလို့ ဆိုးကြတာကို ပုံသေအပြစ်မြင်လို့ ဘယ်ဖြစ်ပါ့မလဲ... တစ်နေ့တခြားအတန်းပညာတွေရော... အသိပညာတွေရော တိုးပွားလာတဲ့အခါ အလိမ္မာစာမှာရှိသိသလို စာဖတ်များလာတဲ့အခါ အလိုလိုလိမ္မာလာကြတာပါပဲ... ဒါနဲ့ 'သားကြီးနန္ဒ' ရော ဆရာဝန်ဖြစ်သွားပြီလား"



"သူဆေးကျောင်းတက်တာတော့ 'အန်တီလေး' သိသားပဲ"

'ဒေါ်မြတ်မွန်ခင်' နှစ်ခြိုက်စွာပြုံးရင်း ...

"မင်းတို့ မိသားစုအကြောင်းကို 'အန်တီလေး' အမြဲစုံစမ်းပါတယ်ကွယ်... မင်းတို့အမေရော နေကောင်းရဲ့လား"

"ကောင်းပါတယ်... 'အန်တီလေး' 'ကိုနန္ဒ' တောင် ရှေ့လလယ် လက်ထပ်တော့မယ်... မိသားစုအားလုံးဆုံပြီး မင်္ဂလာပွဲတတ်နိုင်အောင် ခွင့်ယူဖို့ ကြိုးစားနေကြရတယ်... 'အန်တီလေး' နဲ့တွေ့တော့အတော်ပဲ... ကျွန်တော်နဲ့ 'အန်တီလေး' အတူတူသွားယုံပဲ... 'အန်တီလေး' ခွင့်စီစဉ်ထားလိုက်ပေါ့"

'ဒေါ်မြတ်မွန်ခင်' ပြုံးနေပါသည်။

"အခု ဒီမြို့ကို မင်းဘာလုပ်တာလဲ"

ထိုစကားကြောင့် 'သီဟ' ကိုယ့်လိပ်ပြာကိုယ်မလုံသလိုဖြစ်ပြီး နေရခက်သွားပါသေးသည်။

"ကျွန်တော် သစ်တောအရာရှိအဖြစ် (       ) ကိုပြောင်းလာတာ... တစ်လတောင်မပြည့်သေးဘူး... စနေ တနင်္ဂနွေ အလုပ်အားလို့ ဒီမြို့ကိုလာလည်တာ... လာရကျိုးနပ်သွားတယ်... 'အန်တီလေး' နဲ့ ပြန်တွေ့ရတာ ကျွန်တော်တော့ ဘယ်လိုဝမ်းသာမှန်းကို မသိဘူး"

"အင်း... ဒီနေ့ပြန်ဆုံတဲ့နေ့ ထင်ပါရဲ့ကွယ်... ငယ်ငယ်ကရင်နှင့်စွာ ခွန့်ခွာပြစ်ပြေးခဲ့ရတဲ့ တူ... တူမတွေကို မမျှော်လင့်ဘဲ တိုက်တိုက်ဆိုင်ဆိုင် ဒီလမ်းမကြီးပေါ်မှာ ဒီအချိန်ပြန်ဆုံရတယ်လို့"

"ဟင်... တူမ ဟုတ်လား... ဘယ်သူနဲ့တွေ့သေးလို့လဲ"

" 'မရမ်းသီး' နဲ့လေ... သူလည်း 'အန်တီလေး' ကိုမြင်သွားပုံရတာပဲ"

"ဟင်... မခေါ်ဘူးလား"

"မခေါ်ရဲဘူးထင်ပါရဲ့"

"သူဘယ်ဘက်သွားလဲ"

"ဟောဟိုးမှာ မြင်တောင် မြင်နေရသေးတယ်"

"ဟုတ်လား... ဒါဆိုကျွန်တော် လိုက်သွားခေါ်အုန်းမယ်... 'အန်တီလေး' ရဲ့ အိမ်လိပ်စာပေးခဲ့အုန်းလေ"

"အ.ထ.က-၂ ဝင်းနောက်ဘက်မှာ မေးရင်ရတယ် 'သီဟ'"

"ဒါဆို... ကျွန်တော်တို့ ဘယ်အချိန်လောက်ဆုံရင် ကောင်းမလဲ"

" 'မရမ်းသီး' အားမယ့်အချိန်ကို မေးပြီးလာခဲ့ပေါ့..... 'အန်တီလေး' က မြို့ခံလိုဖြစ်နေပြီ"

'သီဟ' မျက်နှာက မှိုရသည့်မျက်နှာမျိုးပါပဲ။

ပေါ်ပါးလန်းဆန်းစွာ ထွက်သွားခဲ့သည်။

"တိုက်တိုက်ဆိုင်ဆိုင်... တူ.. တူမတွေ လာဆုံရတယ်လို့ မမရယ်... တူကလေးကတော့ ဝမ်းသာနေလိုက်တာ မျက်ရည်တွေ တောင်ဝဲလို့... ငယ်ငယ်တုန်းက မမကိုဘာတွေစော်ကားခဲ့လို့လဲ ဟင်... မမရဲ့တူ... တူမအရင်းတွေလား"

"တူအရင်းပါ... ကောင်မလေးကတော့ တမိုးအောက်ထဲမှာ နေခဲ့ရတဲ့ သွေးမတော်တဲ့ တူမပါလေ"

"အံ့ပါရဲ့ မမရယ်... မမနဲ့ကျွန်မ တစ်ကျောင်းတည်း တစ်အိမ်တည်းနေခဲ့ကြတာ သုံးနှစ်လောက်ရှိပြီ ဆွေမျိုးတွေရှိလျက်နဲ့ မမဆီကို တစ်ယောက်မှ အဆက်အသွယ်လုပ်မလာကြဘူးနော်... နေနိုင်လိုက်ကြတာ"

ထိုစကားကြောင့် ဆရာမကြီး၏မျက်နှာမှာ သွေးရိပ်သမ်းသွားကြောင်း တွေ့ရသဖြင့် အားနာသွားပြီး ...

"ကျွန်မစကားကြောင့် ဆရာမကြီး စိတ်အနှောင့်အယှက်ဖြစ်




သွားပြီထင်တယ်... သူများအတွင်းရေးကို စပ်စုသလိုလည်းဖြစ်သွားပြီ ဆောရီးနော်... ဆရာမကြီး စိတ်မဆိုးပါနဲ့နော်"

"စိတ်မဆိုးပါဘူးကွယ်... 'ခင်စောဦး' နဲ့တို့နဲ့က ညီအစ်မလို မိသားစုလို နေလာခဲ့တဲ့သူတွေပါ... တကယ်တော့ တို့မှာ ဆွေမျိုးထက် သူစိမ်းတွေကို အားကိုးနေရတဲ့သူပါ... အကြောင်းမတိုက်ဆိုင်လို့ရော... အတိတ်ပြန်မတွေးချင်လို့ တမင်ဖွတ်မေ့ထားခဲ့တာပါ... တကယ်တော့ 'တို့' ဘဝဟာ အထီးကျန်ဆန်ဘို့ ဇာတာကိုပါလာခဲ့တာပါ... အဖေနဲ့အမေ ဆုံးသွားပြီးတော့ တစ်ယောက်တည်းနေဖို့ မသင့်တော်လို့ အစ်ကိုကြီးအိမ်ကို ရွှေ့ခဲ့ရတယ်လေ"

Book Sharing

Scanned by CamScanner



၇

အလယ်တန်းပြဆရာမ 'ဒေါ်မြတ်မွန်ခင်' ရောက်လာသဖြင့် လပ်းထဲရှိကလေးမိဘများ ဝမ်းသာနေကြသည်။

သားငယ်၊ သမီးငယ်များကို မိဘများကိုယ်တိုင်နေ့စဉ်သင်ကြားခဲ့သမျှ ကျောင်းစာများကို အလွတ်ရသည်အထိ ကျက်မှတ်ရန်၊ ရေးတတ်ရန်အပြင် လိမ္မာရေးခြားရှိရန် သွန်သင်ဆုံးမပေးရန် အပ်နှံကြသည်။ အိမ်ခန်းကျဉ်းသဖြင့် မနက် ၁၀ ယောက်၊ ည ၁၀ ယောက်သာလက်ခံလိုက်ပါသည်။

ထူးခြားသည်က တစ်လမ်းလုံး အလုအယက် လာအပ်ကြသော်လည်း တမိုးအောက်ထဲတွင်နေသည့် အပေါ်ထပ်နှစ်ခန်းနှင့် အောက်ထပ်အခန်းတို့မှ လာမအပ်ကြပေ။

'ရွာနားမြက်ရွာနွားမစား' စကားပုံလို ဖြစ်မည်ပေါ့လေ။ အိမ်ခံလူဖြစ်သည့် 'နန္ဒ' နှင့် 'သီဟ' တို့ညီအစ်ကိုကတော့ မနက်





ရော၊ ညရော နှစ်ချိန်လုံး ဝင်ထိုင်ကြရသဖြင့် မျက်နှာများ ပုပ်သိုးနေကြသည်။ ညီအစ်ကိုနှစ်ယောက်လုံး အလွန်အဆော့မက်ကြသဖြင့် သံပါတ်ပေးနေရသည်။

ယခုလည်း ပါးစပ်ကသာ စာဆိုနေသည် မျက်လုံးက လမ်းမပေါ်မှာ။ လက်နှစ်ဖက်က စစ်သားရုပ်ကလေးများနှင့် ဆော့နေသဖြင့်

"'နန္ဒ' နင်ဘာဖြစ်လို့ စိတ်များနေတာလဲ... ဉာဏ်ကောင်းပေမယ့် မကြိုးစားရင် စာမေးပွဲကျမှာနော်... ဆရာဝန်တွေ အင်ဂျင်နီယာတွေ မဖြစ်ချင်ဘူးလား"

"ဖြစ်တော့ဖြစ်ချင်တာပေါ့... ဒါပေမယ့် နေ့ရော ညရော စာကျက်ရမှာတော့ ပျင်းတာပေါ့ 'အန်တီလေး' ရ"

"ပျင်းရင်မင်းမဖြစ်ဘူးနော်... ခုရှိမှ ကြိုးစားမှဖြစ်မှာ... ကြိုးစားရမယ့်အချိန်မှာ ပျင်းရင် တစ်သက်လုံး ငဖျင်းငတုံး ဖြစ်နေမှာပဲ"

'နန္ဒ' နှင့် 'သီဟ' ၏ မျက်လုံးများက လမ်းမပေါ်ရောက်နေပါသည်။ အဒေါ်ဖြစ်သူ၏ ဆုံးမစကားကိုလည်း ကြားပုံမပေါ်။ လမ်းမပေါ်တွင် အပေါ်ထပ်မှ ကလေးများနှင့် တစ်ဖက်ခန်းမှကလေးများ ဆော့ကစားနေကြသောကြောင့်ဖြစ်သည်။ ထုတ်စီးတိုးတမ်းကစားသည်။ ကြက်တောင်ရိုက်သည်။ သားရေကွင်းတန်း၍ ခုန်သည်။

ခြောက်ယောက်ကို နှစ်စုခွဲ၍ ကစားသဖြင့် ရှုံးတိုင်း ပြဿနာလုပ်နေကြတော့သည်။

တစ်ဖွဲ့တွင် 'မုန်လာဥ' ကြောင့် မိတာ၊ ထိတာ၊ လဲတာများသဖြင့် ရှုံးပြီဟုဆိုလျှင် 'မုန်လာဥ' ကို 'မရမ်းသီး' နှင့် 'ပိုးဟပ်ဖြူ' က ရန်လုပ်နေတော့သည်။ လက်မြန် ခြေမြန်နှင့် စွာလွန်းလှသော 'မရမ်းသီး' က ကျောကုန်းကို အံကြိတ်ပြီး တအုံးအုံးပင် ထုလိုက်သေးသည်။ 'မုန်လာဥ' ကလည်း ပြန်ထုရင်း.. ပါးစပ်မှတွေ့သမျှ

ဆဲသည်။

ထို့အတူ နောက်တစ်ပွဲ့တွင် 'အာလူး' ကြောင့် ပွဲပျက်တာများသဖြင့် 'ချဉ်ပတ်' က ရစရာမရှိအောင် ပြောတတ်၊ ဆူတတ်သည်။

" 'အာလူး' လို့ခေါ်တာ ဘာမှ မဆန်းဘူး… စကားပဲများနေတာပဲ မိတာတောင်နည်းသေးတယ်"

"တော်ပြီ… မကစားတော့ဘူး… ရှုံးရင် သူများကိုပဲ မဲနေတာပဲ"

'အာလူး' ငိုယိုပြီး အိမ်ပေါ်တက်သွားသဖြင့် ပွဲသိမ်းသွားမလားအောက်မေ့သည်။ ငါးယောက်ကျန်လျှင် ဖြစ်အောင်ကစားသည်။ လိုက်တန်းပြေးတန်း၊ ခွက်ခေါက်တန်း။ အော်ဟစ်ဆူညံနေသဖြင့် စာသင်နေသော ကလေးများခမြာ မျက်လုံးကြီးများ တလယ်လယ်ဖြင့် အာရုံပြန့်လွင့်နေရှာသည်။

မြတ်မွန်ခင်' အကြဲထုတ်ရပြီ။

ဤကလေးများ မိမိစာသင်ခန်းတွင်းရောက်လာမှ ဤကိစ္စကပြေလည်ပေမည်။ ဒါမှမဟုတ် တခြားနေရာတွင် သွားသင်မှဖြစ်မည်။

" 'ကိုလတ်' ထစမ်း ပဲပြုတ်သယ်အော်သံကြားတယ်… သွားစောင့်ဝယ်လိုက်အုန်း"

"ဟာ… အမေကလည်း အိပ်လို့ကောင်းနေတုန်းဗျာ … ပဲပြုတ်မထည့်လည်းရတာပဲ"

"ဟဲ့ ထမင်းကြော်ထဲ ပဲပြုတ်ထည့်မှ ဖြစ်မှာပေါ့… သွားဆိုသွားစမ်း"

"မသွားဘူးဆို မသွားဘူးဗျာ"

"ဟင်… စောစောစီးစီး ငါ့ကိုပြန်ပြောနေပြန်ပြီလား… နင်မြေမျိုချင်လား"



"ဟာ… ပဲပြုတ်လေးမဝယ်ပေးတာနဲ့ မြေမျိုမှာတဲ့လား… ဒါဆိုလည်း မျိုစမ်းပါစေဗျာ… မျိုစမ်းပါစေ"

'ဒေါခင်ရီ' ဒေါသတကြီး အပေါ်ထပ်နိုးသို့ တက်သွားရင်း

"နင်က ငါ့ကိုလှောင်နေတာပေါ့လေ… ကဲ… လှောင်အုန်း၊ ပြောင်အုန်း"

ပေါင်တွင်းကျော၊ ဖိုက်ခေါက်ကျော များဆွဲလိမ်သဖြင့် ….

'တင်လတ်' က ကြွက်ကြွက်ညံအောင် အော်ပါတော့သည်။

"အောင်မယ်လေး… နာတယ်ဗျ… အမေလုပ်ပြီး ကိုယ့်သားသမီးအိပ်နေတာကို မနာလိုဖြစ်နေတာလားဗျ… အမေထွက်ဝယ်လည်း ရတာပဲ"

"ဟဲ့… ငါမီးမွှေးနေလို့ ခိုင်းတာပေါ့"

"အမေ့သမီးကို နှိုးခိုင်းပါလား… ခိုင်းစရာရှိရင် ဒီကောင်ကိုပဲ ခိုင်းချင်တယ်… သူခိုင်းဖို့မွေးထားတာကြနေတာပဲ"

"ပြောနေတဲ့ကြားထဲက နင်ပြန်ပြောနေပြန်ပြီလား… ပြောအုန်းမလား… ပြောအုန်းမလား"

"အောင်မယ်လေးဗျ… ဒုံး… ဒုံး"

ဟိုဘက်ခန်း၊ ဒီဘက်ခန်း သစ်သားနံရံတစ်ချပ်သာ ခြားသဖြင့် နံရံတုန်ခါသွားပြီး တန်းပေါ်တွင် တင်ထားသော ပစ္စည်းများ ပြုတ်ကျကုန်တော့သည်။

" ဒုံး… ဒုံး… ဒုံး"

ဒီတစ်ခါ ဒုံးခြင်းက နံရံတုန်ခြင်းမဟုတ်၊ အပေါ်ထပ်လှေကားထစ်မှ ဆင်းပြေးသွားခြင်းကြောင့် ဖြစ်သည်။

'မရမ်းသီး' တို့ ညီအစ်မက လှေကားဆင်းလျှင် ခြေနှစ်ဖက်စုံခုန်၍ ဆင်းတတ်သည်၊ တက်တတ်သည်။ 'တင်လတ်' ၏ ဒေါသက အပေါ်ထပ်ကို လှည့်သွားသည်။

"ဟိတ်... အပေါ်က လှေကားဆင်းတာ လူမှဟုတ်ရဲ့လား... ဆင်နင်းတာကြနေတာပဲ... လှေကားကျိုးကြတော့မယ်"

"နင်ပိုင်တဲ့လှေကားမို့လား"

'မရမ်းသီး' က စွာပြီး ပို၍ ခုန်ပြသည်။

"အောက်ထပ်မှာ လူတွေနေတာဟ... ဖုန်တွေသဲတွေ ကျတယ်ဟ"

'ဒေါ်ခင်စိုး' လည်းမနေနိုင်တော့။

"ဒါဆိုလည်း အပေါ်ထပ်တက်နေပေါ့... နေတော့ အောက်ထပ်နေပြီး"

" 'မိဖုန်းနွယ်' နော်... နင်စောစောစီးစီး ကလေးနဲ့တန်တဲ့စကားပြော... လူကြီးစကားမပြောနဲ့"

"ပြောတယ်... ပြောတယ်... ကိုယ့်ပါးစပ်နဲ့ ကိုယ်ပြောတာဘာဖြစ်လဲ"

"ဟာ... ဒီကောင်မ အမေအရွယ်လောက်လည်း တစ်လုံးမခံပြန်ပြောနေတာပဲ... ပါးကိုဆွဲရိုက်ပြစ်အုန်းမယ်"

'ဒေါ်ခင်စိုး' တကယ်ဒေါသတကြီးတက်လာပြီး ဒေါသတကြီးအောက်ထပ်ပြန်ဆင်းသွားသည်။ ပြီးတော့ အောက်ထပ်တံခါးမကြီးကိုဖွင့်၍ လှေကားရင်းမှ ရပ်စောင့်နေသည်။

"လာခဲ့လေ... ဆင်းခဲ့လေ"

"လှေကားပဲ ဆင်းဖို့တက်ဖို့ လုပ်ထားတာပဲ ဆင်းမှာပဲ... ဘာဖြစ်လဲ"

'မေဖုန်းနွယ်' က ရှာန်ရသလို ခုန်ပျံပြီး ဆင်းပြရင်း လှေကားရင်းရောက်သွားတော့သည်။

"ကဲ.. ဆုံးအုန်း... စွာအုန်း... မိုက်ရိုင်းအုန်း"

'ဒေါ်ခင်စိုး' စိတ်မထိန်းနိုင်သဖြင့် ကျောပြင်ကို လေးငါးချက်



ရိုက်ပြစ်သည်။

"ခင်ဗျား အမေလား... အမေရိုက်ရင်တောင် ခံတာမဟုတ်ဘူးသိလား... ကဲ... ကဲ"

'မေဖုန်းနွယ်' က 'ဒေါ်ခင်စိုး' ၏ လက်မောင်းကို ကုန်းကိုက်သဖြင့် ...

"လွှတ်... လွှတ် ခွေးမ 'ကိုမြင့်ကြွယ်' ရှင့်တူမသောင်းကျန်းနေတာကို ထွက်မပြောတော့ဘူးလား"

"မပြောဘူးဟေ့... မပြောဘူး... သူ့အမေတောင် မနိုင်လို့လက်မြှောက်ထားတာ... မင်းလည်း ဘာမှသွားဆုံးမနေစရာမလိုဘူး"

အစ်မဖြစ်သူကို မဆီမဆိုင် တအုံးအုံးရိုက်ပုတ်နေတာမြင်သဖြင့် 'ဝေပြုံးချယ်' က မိခင်ကို သွားဂုံးတိုက်သည်။ 'ဒေါ်ဝင့်ထယ်' က ထမီစွန်တောင်ဆွဲ၍ ပြေးဆင်းလာပြီး ...

"ညည်းက ဘာကိစ္စ ငါ့သမီးကို ရိုက်ရတာလဲ... ညည်းနဲ့ဘာဆိုင်လဲ... ရိုက်ချင်ရိုက် သူ့ဘကြီးရိုက်ရင် ငါခံနိုင်သေးတယ်"

"အို... ကိုယ့်သမီး စောစောစီးစီးသောင်းကျန်းနေတာတော့မဆုံးမဘဲနဲ့"

"သူတို့သည်လိုပဲ ဆင်းနေကြ... မကြိုက်ရင် တခြားရွှေ့နေ"

"ဘာကိစ္စရွှေ့ရမှာလဲ... ဒီအိမ်က ငါ့ယောကျ်ားအိမ်"

"ဟေ့... အိမ်ဆိုတဲ့စကားထည့်မပြောနဲ့... အခန်းလို့ပြောအခန်းတောင် ညည်းယောကျ်ားတစ်ယောက်တည်း ပိုင်တာမဟုတ်ဘူး အမွေဆိုင်ဆိုတာ မေ့မသွားနဲ့"

"အမွေဆိုင်အိမ်လည်း ဘာဖြစ်လဲ... ညည်းတို့က အပေါ်ထပ်ငါတို့က အောက်ထပ် ကိုယ်နေတဲ့နေရာကိုယ်ပိုင်တာပဲ"

"ရမယ်အားကြီးကြီး... အပေါ်ထပ်နဲ့ အောက်ထပ်တန်ဖိုးခြင်းတူသလား... နေရာကောင်းရထားတယ်ဆိုပြီး အပိုင်စီးဖို့



Scanned by CamScanner

မကျန်နဲ့"

'ဦးမြင့်ကြွယ်' ထွက်လာပြီး ...

"ကဲ... မိန်းမ မင်းလည်းအိမ်ထဲဝင်... 'ဝင့်ထယ်' နင်လည်း အပေါ်ပြန်တက် စောစောစီးစီးမရှက်ဘူးလား... ဒီအိမ်ကိစ္စပဲ ပြောနေကြတာ ဒီအိမ်ကို ရောင်းသေးတာလည်းမဟုတ်ဘူး... ပြန်ပြင် ဆောက်သေးတာလည်း မဟုတ်ဘူး... ရောင်းရင် ဆောက်ရင် မှုမှု တတမလုပ်ရင် ကြိုက်တဲ့ ရုံးမှာတရားသွားစွဲ... ခုတော့ ဒီကိစ္စတွေ ဘေးချိတ်ထား လိုက်အုံး... 'မိဖုန်း' ကိုလည်း သတိပေးရအုံးမယ်... ကိုယ်က ကလေး ကလေးလိုနေ လူကြီးတွေကိစ္စထဲ ဝင်ဝင်မရှုပ်နဲ့ အိမ်ကိစ္စကနင့်အမေ တစ်ယောက်တည်းနဲ့ဆိုင်တယ်...သူပြောပစေ"

'မေဖုန်းနွယ်' က ဘကြီးဖြစ်သူကို မျက်စောင်းထိုး... ခြေ ဆောင့်ပြီး ထွက်သွားသဖြင့် 'ဒေါ်ခင်စိုး' က

"ရိုင်းလိုက်တဲ့ကောင်မ... ဘကြီးမှန်းမသိဘာမသိ"

"အိုး... ဘကြီးက ဘကြီးလိုမှ မနေတာ... ရိုသေအောင်နေ ရင် ရိုသေမှာပေါ့... မိန်းမကို မြှောက်ပေးထားပြီး လူတွေရှေ့ကြ တော့ စိတ်ကောင်းရှိတဲ့ပုံဆောင်နေတာ မသိဘူးမှတ်လို့လား"

"အေးပါ... ပြောပါ.. နင့်ငရဲနင်ပဲရမှာပါ... ကဲ...ကဲ မိန်းမ အိမ်ထဲဝင်ပါကွာ... စောစောစီးစီး ရန်ဖြစ်တာ ကျက်သရေတုန်းလွန်း လို့ နောက်တစ်ခါထပ်မဖြစ်ပါနဲ့တော့ကွာ... ငါတောင်းပန်ပါတယ်"

'မြတ်မွန်ခင်' သက်ပြင်းချမိသည်။

အပေါ်ထပ်က ကောင်မလေးကလည်း မိန်းကလေးတန်မဲ့ ရိုင်းပျဆိုးသွမ်းလှသည်။

အောက်ထပ်က ကောင်လေးကလည်း မိခင်ဖြစ်သူကို တလုံး မခံပြန်ပြောလွန်းသည်။ ငရဲကြီးမှာ မကြောက်ကြဘူးတဲ့လား။

သူတို့ရန်ဖြစ်ခြင်းသည် 'မြတ်မွန်ခင်' အတွက် အနည်းငယ်



အမြတ်ထွက်သွားသည်။

'မေဖုန်းနွယ်' တို့နှင့် မဆော့စေချင်သဖြင့် မရောစေချင်သဖြင့် 'တင်လတ်' နှင့် 'ဓွဲမြတ်' ကို 'မွန်' ထံတွင် စာသင်သားအဖြစ်လာ အပ်သည်။ အစွဲတိုက်ပြီး အပ်ခြင်းဖြစ်သည်။

ဝမ်းတော့သာပါသည်။ သို့သော် 'တင်လတ်' ရောက်လာပြီး မိမိထံတွင် လက်ရှိပညာသင်ကြားနေသည့် ကျောင်းသူကျောင်း သားများကို အနှောင့်အယှက်ပေးမှာတော့ ကြောက်သည်။

'မေဖုန်းနွယ်' တို့ဘက်ကလည်း မို၍ရွဲ့သည်။

ကျောင်းကို ဖယ်ရီကားဖြင့်ပို့သည်။ တစ်လမ်းကျော်တွင် ကျူရှင်သွားတက်သည်။

'မြတ်မွန်ခင်' ၏ အသင်အပြကောင်းမှုကြောင့် လစဉ်မင်နီ အတားခံရသူများပင်လျှင် ဘာသာစုံအောင်လာကြသည်။ ပုံမှန် အောင်သူအမှတ်ပိုများပြီး အဆင့်တက်လာသဖြင့် ကျောင်းသား မိဘများက ကျေးဇူးတင်ပြီး လက်ဆောင်တွေ လာပေးကြသည်။

ပါတိတ်၊ မျက်နှာသုတ်ပုပါ၊ ထီး၊ စောင် စသည့်ပစ္စည်းများ ဆိုလျှင် ဝယ်စရာမလို။

"ဟော့ကောင် 'သီဟိုဠ်စေ့' မင်းပဲလှော်တွေနင်းစားပြီး အီး သိပ်ပေါက်တယ်ကွာ... အီးပေါက်ချင်ရင် အပြင်ထွက်ပေါက် အနံ့ မခံနိုင်ဘူး"

တခြားကျောင်းသားများက မြှောက်ပေးသဖြင့် အိမ်ခံလူ 'နန္ဒ' က အငှားလူမိုက်လုပ်သည်။

အစားနှင့်ပါးစပ်မပြတ်သော 'သီဟိုဠ်စေ့' က ပြူးကြောင် ကြောင်လုပ်ပြီး ဆက်ဝါးနေသဖြင့် ...

"အေးဗျ... နံလို့ကတော့ မင်းကိုထိုးမှာနော်"

"ရှာရှိ သူကြီးရှိ... ဖင်ရှိ အီးရှိပဲလေ"

'သီဟိုဠ်ဇော့' ကလည်း ပုသာပုသည်။ စွာသည်။

"မင်းအိမ်မှာ မင်းပေါက်... ဒီမှာစာသင်ဘို့လာတာ အီးပေါက်ဖို့လာတာမဟုတ်ဘူး"

"ဟာ... ဒါမင်းသက်သက်ညစ်တာ... အိမ်မှာရှိတုန်းက ပေါက်မှမပေါက်တာ အောင့်ထားလို့မှ မရတာ"

"မရရင် အပြင်ထွက်ပေါက်ပေါ့... မင်းပေါက်တာ နာရီဝက်အတွင်း ငါးခါရှိပြီ"

ထိုအခါ 'သီဟိုဠ်ဇော့' က နှုတ်ခမ်းထော်မျက်စောင်းထိုးရင်း...

"မင်းက ငါအီးပေါက်တာကိုပဲ တစ်ချိန်လုံး စောင့်အနံ့ရှူနေတာတဲ့လား... တခြားလူဖင်က ထွက်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"မဟုတ်ဘူး... မင်းပေါက်တာ သေချာတယ်... အီးက ပဲလှော်စားတဲ့အီးနံ့"

"ဒီလောက်တောင်အနံ့ခံကောင်းရင် အီးခွန်ကောက်စားပါလား"

အားလုံးကဝိုင်းရယ်သော်လည်း 'နန္ဒ' က 'သီဟိုဠ်ဇော့' ၏အကျီကော်လာစကိုဆွဲရင်း ...

"ငါဆွဲထိုးမှာနော်... ပုနေရာက တစ်ခါထဲပြားသွားမယ်... ဇတ်ခနဲထု အပုအီးယိုဖြစ်သွားမယ်"

"ထိုးကြည့်ပါလား... အီးယိုရင် မင်းပဲကြိုး"

"ဟာ... ငါတကယ်လုပ်မှာနော်"

'သီဟိုဠ်ဇော့' ကလည်း လူကသာပုသည် အောက်ကသာ ရှုံးမထွက်နိုင်ချင်ရှိမည် ပက်လက်ကပြန်စွာနေသည်။ ဒေါသအိုးကလည်း တဆိတ်ရှိလက်ကအရင်ပါသည်။

"တော်ကြစမ်း... တော်ကြစမ်း... မင်းတို့ကိစ္စက ဒီနေ့ပြီးအုံး





မှာလား... 'နန္ဒ' နော်၊ ကိုယ့်အိမ်မှာ ပညာလိုချင်လို့ လာတဲ့လူကို ဒီလို ရိုင်းရိုင်းပျပျမဆက်ဆံရဘူးလေ"

" 'အန်တီလေး' က ကျွန်တော်လုပ်တာပဲမြင်တယ်... သူအီးပေါက်လွန်းလို့ အားလုံးက ကျွန်တော့်ကို တိုင်နေကြတာ ကြာပြီဗျ"

'နန္ဒ' က ဒေါသတကြီးပြန်အော်နေသည်။

"သူများပြောတိုင်း မင်းကလူမိုက်လုပ်ချင်တာကိုး... သူတို့တိုင်ရင် မင်းက 'အန်တီလေး' ကို ပြန်ပြောပြရမှာပေါ့... ဒီကလေးတွေအားလုံးအတွက် 'အန်တီလေး' မှာ ဆုံးမရမယ့် တာဝန်ရှိနေတာမဟုတ်လား"

"မကြိုက်ရင်မပြောဘူးဗျာ"

'နန္ဒ' က နှုတ်ခမ်းကြီးစူ၊ မျက်မှောင်ကြီးကြုတ်၍ ဒေါသတကြီးပြောခြင်းဖြစ်သည်။ ပြီးတော့ စိတ်ကောက်ပြီး ကျောက်ရုပ်လိုထိုင်နေသေးသည်။

" 'အောင်ကို' ကလည်း အီးခဏခဏမပေါက်နဲ့လေ... အခန်းကကျဉ်းတော့ ဘေးလူအတွက် အနံ့အသက်မကောင်းဘူးကွဲ့"

"ဟုတ်ကဲ့...ကျွန်တော် တမင်ပေါက်တာမဟုတ်ပါဘူး ဆရာမ သူ့ဖာသူထွက် ထွက်သွားတာပါ"

ထိုစကားကြောင့် ဆရာမရော၊ တပည့်များရော၊ စိတ်ကောက်နေသော 'နန္ဒ' ပါ ရယ်သူရယ် ပြုံးသူပြုံးဖြစ်ကုန်တော့သည်။

ဤသို့ပြောဆိုနေသည့်ကြား ထိုနေ့မှာပင် အီးပေါက်သည့်ဇာတ်လမ်းက မပြီးနိုင်ပါ။ တိုးတိုးတိတ်တိတ်ကြိတ်၍ ဆက်ဖြစ်နေကြပါသေးသည်။

နောက်တစ်နေ့ 'အောင်ကို' ကို လေအောက်ရှိပြတင်းပေါက်နားတွင် ပြောင်းထားပေးလိုက်သည်။



Book Sharing

Scanned by CamScanner

"ဟာ... ပေါက်ပြန်ပြီကွာ"

'တင်လတ်' ၏ စားပွဲခုံထုပြီး အော်သံကြောင့် ခပ်ဝေးဝေးရှိ 'အောင်ကို' က မျက်လုံးပြူးကြီးဖြင့် ပြန်အော်ပါတော့သည်။

"ဟေ့ကောင်... ဒီနေ့ ငါလုံးဝမပေါက်သေးဘူးကွ... မယုံရင် ငါ့ဖင်လာနမ်းကြည့် ... ဒီနေ့ ငါအီးပေါက်မှာစိုးလို့ ကန်စွန်းရွက်ကြော် တစ်မျိုးထဲနဲ့ ထမင်းစားလာတာ"

"မင်းကို ပေါက်တယ်လို့ ဘယ်သူပြောလို့လဲ... သူ့ဖင်များလာနမ်းကြည့်ခိုင်းနေသေးတယ်... ဒီအီးနံ့က ငါးပိရည်ကျိုစားတဲ့ အီးနံ့ ပုပ်ဟောင်နေတာပဲ"

'မြတ်မွန်ခင်' က သက်ပြင်းချရင်း ....

"ကဲ... စာသင်ရမလား... ဒီအီးပေါက်တဲ့ကိစ္စကိုဖြေရှင်းနေရတာနဲ့ စာသင်ချိန် စာကျက်ချိန် အလွတ်ပြန်ရေးမယ့်အချိန်တွေ နည်းကုန်ပြီကွာ... ကျူရှင်လာခါနီး အီးပေါက်တတ်ရင် အနံ့ထွက်မယ့် အစားအစာမျိုး မစားကြနဲ့... ဒီအခန်းထဲမှာ အနံ့ခံကောင်းတဲ့ လူတွေရှိတဲ့အတွက် ပေါက်ချင်ရင်လည်း အပြင်ထွက်ပေါက်ကြ"

'နှနှ' နှင့် 'တင်လတ်' က တစ်ယောက်မျက်နှာ တစ်ယောက်လှမ်းကြည့်ပြီး မဲ့နေကြသည်။

ကလေးတွေကလည်း ကဲသည်။ အရွဲ့တိုက်နေကြတာလားတော့မသိ။ ခဏခဏ အိမ်ပြင်ထွက်ပြီး အီးပေါက်၍ မဆုံးတော့။

ရယ်လည်းရယ်ချင်သည်။

အရင်ပေါက်ခဲ့သမျှ အီးနံ့များသည် သူတို့စွပ်စွဲသလို 'အောင်ကို' တစ်ယောက်တည်းတော့ မဖြစ်နိုင်။ ယခု ဝရံတာတွင် အီးထွက်ပေါက်သူများမှာ ဆယ်ယောက်ထက်မနည်း။

"ဆရာမ 'မီးမီး' ခေါင်းပေါ်က ဖဲကြိုးကို သူဆွဲဖြုတ်တယ်"



'မီးမီး' က ငိုမဲ့မဲ့နှင့် တိုင်နေခြင်းဖြစ်သည်။ ဟုတ်ပါရဲ့ အစိမ်းရောင်ဖဲကြိုးလေးမှာ အပွင့်မဖြစ်တော့ဘဲ နဖူးပေါ်တန်းလန်းလေးကျနေသည်။

လုပ်သူက 'သီဟ'။ သို့သော် 'သီဟ' က ခွေးတစ်ကောင်မာန်ဖီသလို ပါးစပ်ကြီးဖြဲပြီး ...

"ငါဘယ်မှာလုပ်လို့လဲ"

"ခဏခဏ လုပ်တာနော်... ငါမတိုင်ချင်လို့ ငါ့ဆံပင်ကိုလည်း နင်ခဏခဏ ဆွဲတယ်... ငါထိုင်တော့မယ်ဆိုရင်လည်း နင်ထိုင်ခုံကို ဖယ်ဖယ်ပြစ်တယ်"

"လျှောက်ပြောမနေနဲ့... ငါတစ်ယောက်တည်းရှိတာ မဟုတ်ဘူး"

"နင်လုပ်တာ ငါကိုယ်တိုင်မြင်တယ်"

"နင်က ငါ့ကိုပဲ လိုက်ကြည့်နေလို့ နေမှာပေါ့"

"အမ်း... ဆရာမ သူလည်းလုပ်သေးတယ် 'မီးမီး' ကိုလည်း မဟုတ်တာလျှောက်ပြောတယ်"

"'သီဟ' ... ဘာလို့သူများမကြိုက်တာကို လုပ်ရတာလည်းကွယ်"

"မလုပ်ပါဘူး... 'အန်တီလေး' "

'မီးမီး' က ဝုန်းခနဲထရပ်ရင်း ...

"နင်ကျိန်ပြော"

"ကြိမ်တစ်လုံး ငါးမတ်"

"အို.. ကျိန်ပြ"

"ဘုရားစူးဟာ... မိုးကြိုးပစ်ဟာ.. မြေမြိုဟာ... ကဲ ဘာဆက်ကျိန်ရအုန်းမလဲ ပြော"

"အေး... နင်တကယ်လုပ်ပြီး မလုပ်ဘူးလို့ ညာတယ်နော်...

နင်တကယ်ထိမှာ"

"ကိုယ်တို့ အဲဒါတွေ အယုံအကြည်မရှိဘူး... အယုံအကြည် ရှိတဲ့လူတွေပဲဖြစ်မှာ"

'မီးမီး' က 'သီဟ' ကိုမျက်စောင်းထိုးပြီး 'သီဟ'နှင့် ဝေးရာ ထိုင်ခုံတွင် ရွှေ့ထိုင်သည်။ ထိုအခါ 'သီဟ' က 'မီးမီး' ကို သားရေကွင်းနှင့် လှမ်းပြစ်သဖြင့် 'မီးမီး' ငိုပါတော့သည်။

" 'သီဟ' နင်ဘယ်လိုဖြစ်နေတာလဲ... 'နန္ဒ' ငြိမ်သွားတော့ နင်ကတစ်မျိုး"

" 'အန်တီလေး' မသိလို့ သူက ကျွန်တော့်ကို တစ်ချိန်လုံး မျက်စောင်းလှမ်းလှမ်းထိုးနေတာကိုး"

"မျက်စောင်းထိုးတာများ ပဲ့သွားတာကျလို့ကွယ် ... မင်းက လည်း သူ့ကိုမကြည့်နဲ့ပေါ့"



၈



"ဟား... ဟား... ဟား"

"ခွိး... ခွိး... ခွိး"

"လေထီးနဲ့ ဆင်းတာကိုယ့်လူ... ငါ့အဖေပြောပြောနေတဲ့ နိုင်ငံခြားမင်းသမီး 'မွန်ရိုး' နဲ့တော့မတွေ့ဘူး... သူ့ခြေထောက်ကြီး ၄ ၇ွက တင်းပုတ်နဲ့မတွေ့ဘူးလား"

'နန္ဒ' ပါးစပ်သရမ်းနေ၍ လှမ်းကြည့်လိုက်သောအခါ 'မြတ်မွန်ခင်' ရုတ်တရက်လန့်ပြီး ပြုံးချင်သလိုလည်း ဖြစ်ပါသည်။

ကားနောက်ဘက်မှ ခုန်ဆင်းလိုက်သော 'မရမ်းသီး' တစ်ယောက်ဝတ်ထားသော စကပ်က လေတိုက်၍ လန်တက်သွားပြီး ခေါင်းပေါ်တွင် သွားအုပ်နေပါသည်။ မိမိတို့ စာသင်ခန်းထဲမှ ရယ်သံများကြောင့် အလွန်ရှက်သွားသလို ပါးစပ်မှ အသံမထွက်ဘဲ ဆဲဆိုသည့် ပုံစံမျိုးလုပ်ပြီး မျက်စောင်းထိုးကာ အိမ်ပေါ်ထပ်သို့ ထုံးစံ

အတိုင်း ဝုန်းဒိုင်းကြဲ၍ တက်သွားပါတော့သည်။ အငယ်မ 'ဘူးသီး' ကလည်း အသားဖြူဖြူ ဗိုက်ပူပူနှင့် သူ့လွယ်အိတ်ကို မွေ့ရင်း အချောင်မျက်စောင်းထိုးပြီး ခုန်တက်သွားပါသည်။

အိမ်ပေါ်ထပ်တွင်လည်း တမင်အစွဲ့တိုက်ပြီး ခုန်တွေပြစ်ချ၊ တံခါးတွေပိတ်ပြယုံမက၊ တမင် ရေတက်ဆုံနှင့် ရေတက်ကျည်မွေ့ကို မရပ်မနား ထုနေပါတော့သည်။

"ဟော့ကောင် 'တင်လတ်' မင်းတို့အိမ်တော့ မြန်မြန်ပြိုမှာပဲ"

"တမင်ပြိုအောင်လုပ်တာဖြစ်မှာပေါ့... သူတို့က ဒီအိမ်ကို ရောင်းပြီး အမွေခွဲချင်နေတာ"

"ရောင်းပြီးရင် သူတို့လည်း တစ်ဝက်ရမှာလား"

"မသိပါဘူး... အဖေကပြောတော့ အိမ်ငှားတွေ မဖယ်ရင် ရောင်းလို့မရဘူးတဲ့"

"ဟုတ်တယ်... ငါ့အဖေကို လက်ဖက်ရည်ဆိုင်က လူကြီး က ပြောတယ်... နေလာတဲ့နှစ်ကကြာလှပြီတဲ့... တချို့အိမ်ငှားတွေ ဆို တောင်းသလောက်ရတယ်တဲ့"

"ဘယ်လက်ဖက်ရည်ဆိုင်ကလည်း ဟိုဘက်လမ်းထိပ်က လား... ဒီဘက်လမ်းထိပ်ကလား"

'ပြတ်မွန်ခင်' သက်ပြင်းရှည်ကြီးချရင်း လက်ဖက်ရည်ဆိုင် နှစ်ဆိုင်ရှိတာကိုပင် ကျေးဇူးတင်နေမိသည်။ တစ်ဆိုင်ထဲဆိုလျှင် 'နန္ဒ' လုပ်ပုံနှင့် ရန်တွေဖြစ်ရအုန်းမည့်ပုံပင်။

'နန္ဒ' ကိုလျှာမရှည်ရန် မျက်နှာရိပ်မျက်နှာကဲပြပြီး ဆူရ သည်။ 'နန္ဒ' ပါးစပ်ပိတ်သွားသော်လည်း အိမ်ရှင်များ၏ ပါးစပ်က မပိတ်တော့ပါ။

" 'ကိုမြင့်ကြွယ်' ရေ... ရှင့်အဖေမှာ တိတ်တိတ်ပုန်းမိန်းမ တို့ မွေးစားသားတို့ သမီးတို့ ရှိနေသလား မသိဘူး"





ညနေဘက် စာသင်ကျောင်းသားတွေ မရောက်ခင် တူဝရီး သုံးယောက် ထမင်းစားနေစဉ် တစ်ဖက်ခန်းမှ 'ဒေါ်ခင်စိုးဝင်း' ၏ ခပ်ကျယ်ကျယ်စကားသံကို ကောင်းစွာကြားလိုက်ရပါသည်။

'နန္ဒ' တို့အမေ 'ခင်ခင်နီ' ကလည်း ဟင်းခူးခပ်ပေးရင်း နား စွင့်နေပါသည်။

"ဘာဖြစ်လို့လဲ မိန်းမရ"

"အော်... ရှင့်မှာ အမွေလုမယ့်လူတွေ တစ်နေ့တခြား ပိုပိုများ လာလို့လေ... ဟိုဘက်ခန်းကဟာတွေက ပြောနေတယ်... ရှင်တို့ အမွေခွဲတဲ့ကိစ္စမှာ သူတို့အိမ်ပေါ်က ဖယ်ပေးမှဖြစ်မှာတဲ့"

"အိမ်ရှင်အိမ်ငှားတွေ ဒီကိစ္စမျိုးကြုံနေတာ တစ်မြို့လုံးတစ် ပြည်လုံးနီးပါးပဲ ... မြောက်တဲ့လူတွေကလည်း ဝိုင်းမြှောက်ကြ တာကိုး... သူတို့ဘက်က ကြည့်တော့လည်း ဒီအိမ်ပေါ်က ဆင်းပြီး တခြားတစ်နေရာ သွားပြန်ရှာရ... ငှားရ... ဝယ်ရမှာကိုး... သူတို့ မဖယ်တော့လည်း ကိုယ်လည်းဘာမှ လုပ်လို့မရဘူး... တစ်ခု တော့ရှိတယ် ... နောက်ဆုံး အိမ်ရှင်ကတော့ အိမ်ရှင်ပဲပေါ့ကွာ"

"ရှင့်လူတွေ ဖယ်အုန်းမှာကိုး"

"ငါတို့လည်း ခုလောလောဆယ် ဘာမှလုပ်ဖို့ အစီအစဉ်မှ မရှိသေးတာ... နေကြပါစေအုန်း"

"ဝယ်တဲ့လူတွေက လာဝယ်နေတာပဲတော်... 'စိုး' တော့ မြန် မြန်ရောင်းပြီး တခြားတစ်နေရာမှာပဲ သွားနေချင်တော့တာ... ဒီမှာ နေရ ဘ တစ်ရက်မှ စိတ်မချမ်းသာလို့ပါ... ရှင့်တူမတွေ နှိပ်စက်တဲ့ ဒဏ်ရော... ရှင့်နှမရဲ့ မျက်စောင်းဒဏ်ရော မခံနိုင်လို့ပါ"

"မင်းလောတာ အရေးမကြီးဘူး... အိမ်ငှားတွေပေးရ... 'ဝင့်ထယ်' တို့ကိုပေးရတာနဲ့ ကိုယ်တို့အတွက်တောင် ဘာမှ ကျန် မှာမဟုတ်ဘူး... ဒီကရောင်းသွားပြီး ဒီလိုနေရာမျိုး ဒီလိုအခန်းမျိုး



Scanned by CamScanner

ကို ငါတို့ရတဲ့ငွေနဲ့ ပြန်ဝယ်လို့ ရတော့မှာ မဟုတ်ဘူး... စိတ်ရှုပ်တယ်ကွာ ... ဒါတွေနောက်မှ စဉ်းစားတာပဲကောင်းတယ်"

"သားတွေ... သမီးတွေ အိမ်ထောင်မကျခင်လုပ်တော်... တစ်ယောက်တစ်ခန်းစီ ပေးနိုင်တော့ ပိုကောင်းတာပေါ့... တိုက်ဆောက်ဖြစ်အောင်သာ ကြိုးစား...ကံထရိုက်က အိမ်ရှင်ကိုတစ်ခြမ်းပေးတာပဲ... ရှစ်ထပ်ဆောက်ရင် ရှစ်ခန်းရမယ်...ရှင်က အောက်ဆုံးထပ်ကိုယူပြီးတော့ 'ဝင့်ထယ်'တို့ကို ဒုတိယထပ်ပေး အိမ်ငှားနှစ်ယောက်ကို ရှစ်လွှာနဲ့ ခုနစ်လွှာပေး ကြားထဲက လေးခန်းတိတိကို ရှင်တို့မောင်နှစ်မခွဲယူလို့ရသေးတယ်... တချို့ကံထရိုက်ဆို အိမ်ခန်းရှစ်လွှာအပြင် ငွေတောင်အပိုဆောင်းပေးသေးတယ်တဲ့နော် ... 'ဗိုး' ပြောတာမကောင်းဘူးလား"

"အင်း... ကောင်းပါတယ်... ဒါပေမယ့် တစ်ယောက်တစ်ပေါက်နဲ့ ဘာပြောကြအုံးမယ် မသိဘူး"

"အို... ဘာပြောစရာရှိလို့လဲ... အိမ်ငှားတွေအနေနဲ့ စဘော်လည်းမတင်... အပျောက်လည်းမရှိ... အလကားနီးပါးတက်နေပြီး အလွှာတစ်လွှာရတာ အလကားရတာပဲမဟုတ်လား... သူတို့အပေတောင် အခန်းတစ်ခန်း အမွေပေးသွားနိုင်လို့လား ... ဒါကြောင့် ရှင့်အမေ မှာ အငယ်အနှောင်းတွေ မယားငယ်တွေများ ရှိနေသလားလို့မေးနေတာပေါ့"

ထိုစကားကြောင့် ဤဘက်အခန်းတွင် ထမင်းစားနေသူအားလုံး ဆက်မစားနိုင်လောက်အောင် ဒေါ်ပွကုန်တော့သည်။

နေရင်းထိုင်ရင်း မိမိတို့၏ အမေများမှာ လင်တစ်ယောက်ထပ်ရနေပါလားဟု 'မွန်' နှင့် 'ခင်နီ' တို့တွေးပြီး စိတ်တိုနေကြခြင်းဖြစ်သည်။

'မွန်' က 'နန္ဒ' ခေါင်းကို တစ်ချက်လှမ်းခေါက်ရင်း...



"တွေ့လား... မင်းလျှာရှည်လို့ ပြဿနာပါက်ကုန်ပြီ... စာသင်ရင် စာပဲသင်... အပိုစကားတွေ မပြောနဲ့"

'ခင်ခင်နီ' က မျက်နှာထိ မျက်နှာထားဖြင့်...

"ဒီအိမ်ကိစ္စတွေက ဒီကလေးတွေ မမွေးခင်ထဲက ဖြစ်နေကြပါ... ကလေးတွေနဲ့ မဆိုင်ပါဘူး"

ယောင်းမက သူ့သားကို ဆူတာမကြိုက်သဖြင့် 'မွန်' မျက်နှာလေးပျက်ပြီး ဘာမှဆက်မပြောတော့ပါ။ အိမ်ထောင်မရှိသူ အပျိုလူပျိုများ၏ စိတ်ထဲတွင် ကိုယ့်တူ၊ တူမများကို ကိုယ့်သား၊ သမီးအရင်းလို သံယောဇဉ်ကြီးမားသည်ဆိုတာ သူ မသိလေရော့သလား။

"ဆရာမ... ဆရာမ"

'မွန်' ကျောင်းကအပြန် ကျောင်းသားမိဘတစ်ဦးက အပြေးလိုက်၍ ခေါ်ခြင်းဖြစ်သည်။

"အော်... 'မီးမီး' တို့အမေကိုး... ဘာများအရေးကြီးလို့လဲရှင်"

"ကိုယ့်သမီးလေးကို ဂရုတစိုက်သင်ပေးလို့ သမီးလေးအမှတ်တွေကောင်းလာသလို လိမ္မာရေးခြားလည်းရှိလာတယ်... အရမ်းကို ကျေးဇူးတင်တာပဲ ဆရာမရယ်"

"ကိုယ့်တပည့် တိုးတက်တယ်ဆိုတာ ကြားရတော့ 'မွန်' လည်း ဝမ်းသာပီတိဖြစ်ရပါတယ် ... ကလေးရဲ့ ကြိုးစားမှုနဲ့လည်း ဆိုင်ပါတယ်လေ"

"ဆရာမကို ချစ်လည်းချစ်... ကြည်လည်းကြည်ညိုပါတယ် ဒါကြောင့် ဆရာမ အဲဒီအိမ်မှာနေရတာ အဆင်ပြေရဲ့လား... သင်ရတာ အဆင်ပြေရဲ့လားလို့ မေးချင်တာပါ... ဟိုလေ ဆရာမလို အပျိုတစ်ယောက်အတွက် ကျွန်ုပ်တို့အိမ်မှာ ခေါ်ထားရမှာ ဝန်မလေးသလို... စာသင်ဘို့ နေရာပေးဘို့လည်း ဝန်မလေးပါဘူးရှင် ... ကျွန်မ

တို့ အိမ်နောက်ဖက်မှာ ပစ္စည်းလှောင်တဲ့ ဂိုဒေါင်တစ်လုံး အပိုရှိပါတယ်... အစဉ်မပြေရင် အချိန်မရွေးလာသင်နော်... စိတ်ညစ်ပြီး ဆရာမ တခြားကို ရွှေ့သွားရင် ကျွန်မသပြီးလေး တခြားဆရာမနဲ့ အဆင်မပြေမှာဆိုးလို့ပါ"

'မွှန်' က စဉ်းစားသလိုလုပ်ရင်း ...

"'မွှန်' အဆင်မပြေတာ 'မမ' ဘယ်လိုလုပ်သိလဲ"

"ကလေးတွေဆီကလည်း ပြန်ကြားရတယ်... ဟိုဟိုဒီဒီဆီကလည်း ပြန်ကြားရတယ်"

"ဘာတွေများကြားလို့လည်း 'မမ' ရယ်...ပြောပြမှာသိမှာပေါ့"

"ဆရာမ ဒီအိမ်မှာလာနေတာကို ယောင်းမက သိပ်မကျေနပ်ဘူးဆို"

"အင်း..."

'မွှန်' သံယောင်လိုက်ပြီး ခေါင်းငြိမ့်မိသည်။ ဒါမှ သူ့ဆီက သတင်းစုံ ထပ်ကြားရမှာကိုး။

"သူတို့အိမ်မှာလာနေပြီးတော့ ဆရာမက အမြတ်အရမ်းထုတ်တယ်တဲ့... သူတို့အိမ်မှာအိပ်... အိမ်မှာစားယုံမကဘူး... ကျူရှင်ပါဖွင့်ထားတော့ နေရတာမလွတ်လပ်ဘူးတဲ့... ကြပ်လည်းကြပ်တယ် နားလည်းညီးတယ်... အမှိုက်လည်း အရမ်းပွတယ်တဲ့... ကျူရှင်လခရော လက်ဆောင်တွေရော တစ်ပုံကြီးရော ဆရာမက လက်ဝါးကြီး အုပ်တာတဲ့... တကယ်ဆို သူတို့ကို တစ်ဝက်ပေးသင့်တယ်တဲ့"

"ဟုတ်လား... ပေးတော့ပေးပါတယ် 'မမ' ရယ်... တစ်ဝက်တော့ မဟုတ်ဘူးပေါ့နော်... ပါတိတ်တို့...မုန့်ပုံးတို့ ပေးပါတယ်... 'မွှန်' ရဲ့အကိုကြီးက စားစရိတ်... နေစရိတ်ပေးမယ် ပြောတုန်းက အတင်းငြင်းလို့ ကလေးနှစ်ယောက်အတွက် လစဉ်မုန့်ဘိုးနဲ့ သူတို့





အတွက် လိုအပ်တာတွေ ဝယ်ပေးပါ ာယ်... တစ်ပါတ်တစ်ခါဆိုသလို ဟင်းစားဝယ်ပေးသလို လခရတဲ့တိုင်း ဆီ၊ နို့ဆီ၊ သကြားနဲ့ ဖြို့ထဲက အသီးအနှံတွေ ဝယ်ဝယ်လာပေးတယ်... သူတို့တင်မဟုတ်ဘူး ကုန်စုံဆိုင် 'ဒေါ်ဒေါ်အုံး' ကိုတောင် လက်ဆောင်ဝင်ဝယ်ပေးသေးတယ်... ဒီလိုမှန်းသိရင် အစထဲက အဆောင်မှာပဲ သွားနေလိုက်ပါတယ်လေ... 'ကိုကျော်' က အတင်းခေါ်ထားလို့"

"သူကတော့ ညီမလေးတစ်ယောက်ထဲ ဘယ်ပစ်ထားရက်ပါ့မလဲလေ... ကျွန်မပြောတယ်လို့ ဘယ်သူ့ကိုမှ မပြောပါနဲ့နော်... ဒါပေမယ့် ဆရာမလာနေမယ်ဆိုရင် ကျွန်မမျက်နှာပြောင်တိုက်ပြီး ခေါ်ထားရဲပါတယ် ... ဆရာမကို ကျွန်မတို့ တစ်မိသားစုလုံးက အထင်ကြီး လေးစားနေကြတာပါ"

"ဟုတ်ကဲ့...,ခုလို ပြောတာနဲ့ကို သဘောပေါက်သလို ကျေးဇူးလည်းအရမ်းတင်ပါတယ်... လိုအပ်ရင် အကူအညီတောင်းမှာနော်"

"စိတ်ချ ဆရာမ စိတ်ချ... အချိန်မရွေး တံခါးဖွင့်ထားပါတယ်"

'မွှန်' လေးလံထိုင်းမှိုင်းစွာ အိမ်ပြန်ရောက်ခဲ့ပါသည်။

ပို၍ စိတ်ဆင်းရဲစရာအကြောင်းက တသင်းချိန်တွင် ထပ်မံတွေ့ကြုံရသည်။

တစ်ပတ်ခန့်မှ 'တင်လတ်' တို့မောင်နှမ စာလာမသင်တော့သလို အပေါ်ထပ်မှ မောင်နှမဝမ်းကွဲများဖြစ်သည့် 'မရမ်းသီး' တို့ ညီအစ်မတက်သည့်နေရာသို့ ပြောင်းသွားကြောင်း သိရသည်။

'မွှန်' မျက်နှာမကောင်းမှန်းသိသဖြင့် အစ်ကိုဖြစ်သူက...

"စိတ်မကောင်းမဖြစ်နဲ့ 'မွှန်'... 'မွှန်' အသင်အပြအဆုံးအမကောင်းတဲ့သတင်းကြားလို့ နောက်ဖက်လမ်းတွေက ကျောင်းသား



Book Sharing

Scanned by CamScanner

အသစ်ငါးယောက်လောက် လာအပ်ချင်လို့တဲ့"

'မွန်' ဘာမျှမပြောရသေးခင် 'ခင်ခင်နီ' က ...

"အို... ခုတောင်နေရာ ညည်လောက်ကြပ်တာ... တော်ပြီ... တော်ပြီ... ဟိုဘက်ခန်းက နှစ်ယောက်ထွက်သွားလို့ 'ခင်ခင်' ဖြင့် ဝမ်းသာနေတုန်း ရှိသေးတာ"

'မွန်' တဲ့တွေးကိုမြို့ချရင်း ...

"ဟုတ်တယ်... 'ခင်ခင်' အိမ်ကကျဉ်းတော့ 'မွန်'လည်း အရမ်းအားနာတာပဲ... ဒါကြောင့် လူထပ်တိုးမယ်ဆိုရင် တခြားမှာ ပြောင်းဖွင့်ဖို့ 'မွန်' နေရာစုံစမ်းနေပါတယ်"

"ဟာ... လေးငါးယောက်နဲ့တော့ ပြောင်းစရာမလိုပါဘူး"

"မဟုတ်ဘူး... 'ကိုကျော်' ရဲ့ 'မွန်' ကို ထပ်ပြောထားတာ တွေလည်း ရှိသေးလို့ပါ"

ထိုစဉ် အပေါ်ထပ်မှ 'ပိုးဟပ်ဖြူ' တို့မောင်နှမနှင့်အတူ မိခင်ဖြစ်သူ 'ဒေါ်အမာကြည်' ကိုပါ တွေ့လိုက်ရသည်။ 'အမာကြည်' က ခပ်တိုးတိုးပြောနေပါသည်။

"ဟိုဘက်ခန်းက 'ချဉ်ပတ်' ရှိလို့ လာမအပ်ရဲတာ... ပါးစပ်သရမ်းလက်သရမ်းနဲ့ အိမ်က သားက သူ့ကိုရွံ့ကြောက်ကြီးလို ဖြစ်နေတာ... သူတို့ထွက်သွားတာ ဒီကကျောင်းသားတွေ အများကြီး ကံကောင်းတယ်... ပြောစရာလည်းရှိသေးတယ်... 'ကိုကျော်တင့်' ရဲ့"

'အမာကြည်' က အိမ်ကိစ္စတွေ ပြောနေခြင်းဖြစ်သည်။

"ဘယ်တုန်းကမှ မတည့်တဲ့ လင်ညီအစ်မ အခုတည့်နေကြတယ်လေ... ဘယ်တော့ ထသတ်ကြအုံးမယ်မသိဘူး"

"ဒီလိုပဲဗျ... ဆွေမျိုးတွေ အတူတူနေရင် တည့်လည်းခဏပဲ အရေးကြီးတော့လည်း သွေးနီးကြတာပေါ့လေ... ဒါထုံးစံပါပဲ"





"သူတို့က ဆွေမျိုးမို့ သွေးနီးကြပေမယ့် ကျွန်မတို့ကလည်း ဆွေမျိုးမတော်ဘဲ သွေးနီးမှုဖြစ်ပယ်နော်... မနေ့က 'ဝင့်ထယ်' ကျွန်မဆီ ဘာလာပြောတယ်မှတ်လဲ... သူတို့မကြာခင် အိမ်ဆောက်တော့မှာတဲ့ ရှင်တို့ကျွန်မတို့တွေကို ငွေနည်းနည်းပါးပါးပေးပြီး ဖယ်ခိုင်းမှာတဲ့"

'ခင်ခင်နီ' က မျက်နှာကိုမဲ့ပြီး ...

"ပြန်ပြောလိုက်ပါလား... အများကြီးပေးရင်တောင် ဖယ်မပေးဘူးလို့... တခြားအိမ်ရှင်အိမ်ငှားတွေဘယ်လို စိစဉ်သလဲဆိုတာ စုံစမ်းအုံးလို့... ဟွန်း... ဒီအိမ်ဆောက်ပြီးခါစတုန်းက 'ဝင့်ထယ်' ရဲ့ အဖေခမြာ ငှားချင်လွန်းလို့ 'ခင်နီ' တို့အဖေကိုလာလာပြီး မျက်နှာချိုသွေးနေတာ... နေလာတဲ့ နှစ်သက်ကလည်း သုံးဆယ့်လောက်ရှိပြီ... ကိုယ်ဖယ်မှဖြစ်တာ... ကျေနပ်အောင်လုပ်ပေးမှဖယ်မှာပေါ့"

"အဲဒါကြောင့် ပြောတာ... ကျွန်မတို့ ညီညွတ်မှဖြစ်မယ်... 'ခင်နီ' က သွက်လည်းသွက်တယ်... ပေါက်လည်းပေါက်ရောက်... ဒါကြောင့် စီစဉ်စရာရှိတာ စီစဉ်လို့ရအောင် လေ့လာလို့ရအောင် လာပြောတာ"

'ခင်ခင်နီ' က လာမြှောက်လို့ မြှောက်မှန်းမသိ။ လူမိုက်ငှားလို့ငှားမှန်းမသိ။ မျက်စောင်းတခဲခဲ၊ အံတကြိတ်ကြိတ်ဖြင့် အိမ်ရှင်များကို ပညာပေးဖို့ စဉ်းစားနေပြီ။



Scanned by CamScanner



## ၉

"ဟိတ် 'ပိုးဟပ်ဖြူ' ... ငါတို့ကျူရှင်မှာ လိုက်သင်ပါလား... အရမ်းပျော်စရာကောင်းတာပဲ... စာမသင်ခင် တီဗွီလည်း ကြည့်ရတာ... ဆရာမက ချမ်းသာတော့ မုန့်တွေလည်း ကျွေးသေးတယ်... ကာတွန်းလည်း ဖတ်ရတယ်... ဆူလည်း မဆူဘူးသိလား"

'မရမ်းသီး' က လှေကားထစ်မှ လှမ်းပြောခြင်းဖြစ်သည်။

'ပိုးဟပ်ဖြူ' က ငယ်သဖြင့် စားချင်စိတ်၊ ကြည့်ချင်စိတ်၊ ဖတ်ချင်စိတ်ဖြင့် အစ်ကိုဖြစ်သူကို လှမ်းကြည့်သည်။

'မုန်လာဥ' က လက်ခါပြပြီး မဲ့မဲ့ရွဲ့ရွဲ့ဖြင့် ...

"ငါတို့အမေက ဒီမှာအသင်အပြကောင်းလို့ တမင်ပြောင်းထားတာဟ... ဒီမှာတက်တဲ့လူတွေ လစဉ်အမှတ်စာရင်းမှာ သိသိသာသာတက်တယ်တဲ့"



"ဟား... ဟား... ဟား သနားတယ်... ငါတို့ဆရာမက ဘီအေဘီအီးဒီ အထက်တန်းပြနော်... နင်တို့ဆရာမက ရိုးရိုးဘွဲ့နဲ့ရပြီး အလုပ်မရလို့ ဆရာမဝင်လုပ်တာ... ဟိုဆရာမက ဆရာမလုပ်ဖို့ကို ဘွဲ့သပ်သပ်ယူတာ... အများကြီးကွာတယ်နော်... ခံယူချက်ခြင်း အခြေခံခြင်းက"

'မှုန်' ခေါင်းကြီးတစ်ခုလုံး ရိဝေနောက်ကြည့်သွားပြီး နားထင်တွင် တဖောက်ဖောက်မြည်လာသည်အထိ သွေးတွေခုန်လာပါသည်။

ဤကလေးမ ရိုင်းပျလှချည်လား။

"လူကြီးတွေ သင်လွှတ်လိုက်တာနေမှာပါ ညီမလေးရယ်... ဘာမှစိတ်ကသိကအောင့်မဖြစ်ပါနဲ့... အရေးကြီးတာက ကိုယ်ကောင်းဖို့ပဲလေ"

အစ်ကိုကြီးရှိနေ၍သာ ခံပြင်းစိတ်၊ ရှက်စိတ်နှင့် ဒေါသစိတ်တို့ကို ထိန်းသိမ်းလိုက်နိုင်ပါသည်။

"သူတို့က ရန်ဖြစ်ရမှာကို ရှက်တယ်လို့ မထင်ကြတော့ဘူး... သူတို့နဲ့ယှဉ်ဖြစ်ရင် ငါ့ညီမသိက္ခာကျမှာပေါ့... ကိုယ်ကအပျို... ပြီးတော့ အများကြည်ညိုလေးစားခံနေရတဲ့ ဆရာမ... ကလေးတွေကလည်း ငါ့ညီမကို အထင်ကြီးနေကြတာ... ကိုယ့်အလုပ်ကိုယ်ဆက်လုပ်ပါ ညီမလေးရယ်... ကလေးဆိုတာမျိုးကလည်း ကျောက်ရိုင်းလေးတွေပဲမဟုတ်လား... အိုးလေးတွေပဲမဟုတ်လား... အသွေးကောင်းရင်ကောင်းသလို... ပုံအသွင်းကောင်းရင်ကောင်းသလို ပြောင်းလွဲလာကြတာပဲ... သူတို့ရန်စနေမှန်းသိရင် ကိုယ်ကလုံးဝရန်ဖြစ်ဖို့ မစဉ်းစားနဲ့... ဒါမှကိုယ်နိုင်မှာပေါ့"

စာအလွန်ဖတ်သော အစ်ကိုဖြစ်သူ၏ စကားကြောင့် 'မှုန်' အနေအထားပြန်မှန်သွားပါသည်။

'နာသုံးနာ' ကို ရွတ်နေမိပါသည်။

စေတနာ၊ ဝါသနာ၊ အနစ်နာ။

စေတနာ၊ ဝါသနာ၊ အနစ်နာ။

မိမိစေတနာထား၍ စာသင်သည်။ ဆုံးမသည်။

ဝါသနာပါ၍ ဤအလုပ်ကိုလုပ်ခဲ့သည်။ ထို့ကြောင့် စိတ်ရှည်ရှည်ထား၍ သင်သည်။

မိမိတပည့်များအတွက် မိမိအနစ်နာခံရမည်။ မာနနှင့် ဘာမျှထွက်သွားစရာမလိုပါ။ ပြောင်းရွှေ့စရာမလိုပါ။ မိမိပြောင်းသွားလျှင် သူတို့ လက်ခုပ်တီး၍ ပျော်နေကြမည်ပေါ့။

'နနှ' တို့ညစ်အစ်ကို ကိုလည်း မိမိပစ်မသွားနိုင်ပါ။ ကလေးနစ်ယောက်က စာတော်ချင်ပါသော်လည်း အလွန်အဆော့မက်သည်။ ရိုင်းချင်သည်။ ပတ်ဝန်းကျင်ကိုလိုက်၍ အရောင်ပြောင်းချင်သည်။

နာရီလက်တံ နစ်ပါတ်သုံးပါတ်ပါတ်ပြီးသောအခါ 'မွှန်' စိတ်တွေ လုံးဝပြန်တည်ငြိမ်သွားပါပြီ။

"ဟော့ကောင်... 'အောင်ကို' မင်းရဲ့ဖောင်တိန်လေးက အရမ်းလှတာပဲကွာ... ခဲတန်တွေ ခဲဖျက်တွေကလည်း စုံနေတာပဲ... ငါ့ကို တစ်ချောင်းလောက်ပေး"

"ဟာ... ငါ့အမေဆူမှာပေါ့... ငါလိုချင်တယ် ပူဆာလွန်းလို့ 'ကြီးကြီးအုံး' ဆိုင်က အကြွေးယူလာပေးတာ... မင်းကိုပေးရင် ငါ အရိုက်ခံရမှာပေါ့"

"ဒါဆိုလဲ ဒီဖောင်တိန်တစ်ရက်ငှားကွာ"

'နနှ' နှင့် 'အောင်ကို' အပေးအယူလုပ်နေစဉ် 'သီဟ' က 'ပိုးဟပ်ဖြူ' လွယ်အိတ်ထဲမှ မုန့်ထုတ်ကိုယူ၍ 'အောင်ကို' လွယ်အိတ်ထဲထိုးထည့်ထားလိုက်သည်။

စာသင်ရင်း မုန့်ခိုးစားရတာကို အရသာရှိသည်ဟု ထင်နေကြ





သလားမသိ၊ ကျောင်းသားအတော်များများ မုန့်ခိုးစားတတ်ကြသည်။

ကာတွန်းခိုးဖတ်တတ်ကြသည်။

ယခုလည်း 'ပိုးဟပ်ဖြူ' က လွယ်အိတ်ထဲမှ မုန့်ထုတ်ကို နှိုက်လိုက်သောအခါ မတွေ့သဖြင့် လွယ်အိတ်လို မကြာခဏ နှိုက်နေတော့သည်။ နှိုက်ရင်းက သူမ၏မျက်နှာလေးပျက်သွားပြီး မျက်လုံးကြီးပြူးထွက်လာကာ ...

"အမယ်လေး... ဘာကြီးလဲမသိဘူး ပျော့စိစိနဲ့ အမြီးကြီးနဲ့"

တုံရိစ္ဆာအော်ရင် မျက်နှာကြီးနီလာသဖြင့် ...

"ဆွဲထုတ်လိုက်လေ"

"အီး... ဟီး... မထုတ်ရဲဘူး"

"လွယ်အိတ်ကိုသွန်ချလိုက်လေ"

"ဟင့်... မသွန်ရဲဘူး"

"ဟော့ကောင် 'မုန်လာဥ' မင်းလုပ်ပေးလိုက်လေ"

"ဟာ... ငါလည်း မလုပ်ရဲဘူး"

'မုန်လာဥ' က ပုခုံးလေးတွန့်၍ ကြက်သီးထသလို လုပ်ပြသဖြင့် 'နနှ' က စိတ်တိုပြီး ....

"မင်းကို ဒါကြောင့် 'ချဉ်ပတ်' က အခြောက်လို့ခေါ်တာ နည်းတောင်နည်းသေးတယ်"

'မွှန်' က မျက်မှောင်ကြုတ်ပြီး ...

"'နနှ' နော် သူများကို အဲ့သလို မှိုချိုးမြစ်ချိုးမပြောရဘူး... မှန်းစမ်း ဆရာမကြည့်ပေးမယ်"

လွယ်အိတ်ကို ခါချလိုက်သောအခါ နီရဲတွတ်နေသည့် မွေးကာစကြွက်ပေါက်စကလေးကို ဗိုက်ကလေးတလှုပ်လှုပ်ဖြင့် တွေ့လိုက်ရသဖြင့် 'မြတ်မွန်ခင်' ပါ အော်ဟစ်ပြီး ထွက်ပြေးသွားတော့



Scanned by CamScanner

သည်။ ကြွက်နီနီလေးက 'ပိုးဟပ်ဖြူ' ၏ ခြေဖမိုးပေါ်ပြုတ်ကျသွားသဖြင့် 'ပိုးဟပ်ဖြူ' က ကြွက်ကြွက်ညံအောင် အော်ငိုပြီး ဝရံတာတွင် သွား၍ ခြေထောက်နှစ်ဖက်ကိုလည်း မရပ်မနားခုန်ရင်းနေပါတော့သည်။

အော်သံတွေကြောင့် အပေါ်ထပ်မှ မိခင်ဖြစ်သူ 'အမာကြည်' ပြေးလွှားဆင်းလာသလို ဟိုဘက်ဒီဘက်အိမ်များမှ လူတွေ 'မွန်' တို့အိမ်ရှေ့တွင် အပြုံလိုက်ဖြစ်သွားသည်။ ဇာတ်ပွဲကြည့်သလို မျောက်ပွဲကြည့်သလို အလုအယက်တိုးကြည့်နေကြခြင်းဖြစ်သည်။

"ဘာဖြစ်တာလဲ... ဘာဖြစ်တာလဲ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ"

ထိုမေးခွန်းများ၏ အဖြေက ကြွက်နီတာရဲလေးကြောင့်ဟု ကြားရသောအခါ တဟားဟား တဝါးဝါးရယ်ရင်း ပြန်သွားကြသည်။

မလိုသူတချို့ကလည်း

"ကြွက်တွေ့တာများ 'ဂေါ်ဇီလာ' တွေ့တာကြနေတာပဲ ကဲလိုက် ပိုလိုက်တာ"

'မွန်' သိလိုက်ပါပြီ။

ကြွက်ကလေးတွေ မွေးထားတာကို 'သီဟ' တို့ ညီအစ်ကို သိထားကြသည်။ ယှုလွှင့်ပြစ်ဖို့တောင် 'မွန်' သတိပေးထားသေးသည်။

ညကြမှ ဆုံးမရအုန်းမည်။

အပြစ်တစ်ခုအတွက် မဆုံးမရသေးခင် နောက်တစ်မှုတိုးလာပြန်ပါပြီ။

အိမ်ရှေ့လမ်းမပေါ်တွင် ဤအနီးအနားပတ်ဝန်းကျင်ရှိ ကလေးများ စုဝေး၍ ကစားနေကြသည်။ မနက်ဖြန် စနေနေ့ဖြစ်၍





တူတော်မောင် နှစ်ယောက်ကို မဟန့်တားဖြစ်။ ကလေးနှစ်ယောက်၏ မိခင်ကလည်း ယခုတလော အပေါ်ထပ်နှင့်ရော အောက်ထပ်နှင့်ပါ လုံးနေပြန်သဖြင့် မကြိုက်မှာဆိုး၍ မတားမြစ်ခြင်းလည်း ဖြစ်သည်။ 'မွန်' သိပါသည်။ 'မွန်' အကြောင်းပြောချင်လျှင် 'ခင်ခင်နီ' ထိုအခန်းများသို့ ရောက်သွားတတ်သည်။

လူများသဖြင့် ထုတ်စီးတိုးနေကြသည်။

ခေါင်းသူကြီးနှစ်ဦးက 'နန္ဒ' နှင့် 'တင်လတ်'။

နှစ်ယောက်လုံးက ကြမ်းကြမ်းရမ်းရမ်းတွေ။

"ဟေ့ကောင် 'မုန်လာဥ' မင်းကြောင့် ဖမ်းမိတာနှစ်ပွဲရှိပြီနော် မင်းကအခြောက်လို ခွဲ့နေတာကိုး... ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ"

ထိုစကားကြောင့် 'ဝေလင်း' ရှက်ပြီးရယ်နေတတ်သော်လည်း အပေါ်ထပ်ဝရံတာမှ မိခင်ဖြစ်သူက မကျေနပ်သဖြင့် ထွက်ထွက်ကြည့်တတ်သလို ကစားပွဲထဲတွင်ရှိသော နှမဖြစ်သူ 'ဖြူဖွေး' က ခါးနှစ်ဖက်ထောက်ပြီး ...

"'တင်လတ်' နော်... နင်ငါ့အစ်ကိုကို အခြောက်လို့ မခေါ်နဲ့ ငါ့အစ်ကိုက ယောကျ်ားအစစ် ချောလွန်းလို့ မိန်းမချောချောလို့ အသားဖြူပြီး နုလို့ မိန်းမပုံပေါက်နေတာ နောက်တစ်ခါခေါ်ရင် ငါခဲနဲ့ထုမှာနော်"

"ဟား... ဟား... ဟား... ကာယကံရှင်က မနာဘဲ နင်က ဘာအဖြစ် သဲနေတာလဲ"

"ငါ့အစ်ကိုအရင်းဟဲ့... သူ့သဘောကောင်းပြီး သည်းခံခွင့်လွှတ်နိုင်ပေမယ့် ငါကတော့ ခွင့်မလွှတ်နိုင်ဘူး"

ထိုစကားကြောင့် 'ခင်စိုးဝင်း' ထွက်လာပြီး ...

"'ပိုးဟပ်ဖြူ' နော်... လူကသာ သွေးမရှိတာ... ညည်းတ



Scanned by CamScanner

အားရှာတာပဲ… အများစုပြီး ကစားတဲ့ပွဲမျိုးမှာ သည်းခံနိုင်မှ ဖြစ်မှာပေါ့… သည်းမခံနိုင်ရင် မကစားကြနဲ့."

ကလေးဆိုတာမျိုးကလည်း အဆော့မတ်တတ်စပြီ။ ခုလို လူစုံပြီး ကျောင်းပိတ်ရက်၊ လသာရက်များတွင် သူတို့အလွန်ပျော်တတ်ကြသည်။ လူကြီးများကလည်း နောက်တစ်နေ့ ကျောင်းပိတ်သဖြင့် ညဉ့်နက်အထိ ကစားလည်း ခွင့်ပြုထားတတ်သည်မဟုတ်လား။

"ဟော့ 'မရမ်းသီး' ကိုမိသွားပြီ"

'နှံ့' က အာပြဲကြီးနှင့် အောသလို 'နှံ့' ဘက်ကပါသည့် 'ဘူးသီး' ကလည်း သံသေး၊ သံသွာင်ဖြင့် …

"ဟုတ်တယ်… ဟုတ်တယ်… ဘုတ်ခနဲရိုက်လိုက်တဲ့ အသံကိုတောင် ငါကြားလိုက်သေးတယ်"

ထိုစကားကြောင့် 'မရမ်းသီး' က စကပ်ကို ပေါင်ကြားညှပ်ရင်း လက်ညှိုးငေါက်ငေါက်ထိုး၍ …

" 'ဘူးသီး' နော်… နင်မကြားဘဲနဲ့ ဝင်မပြောနဲ့."

"ကြားလို့ပြောတာပေါ့လို့"

ညီအစ်မချင်းပေမယ့် သူ့နိုင်ကိုယ်နိုင် သူ့ဘက်ကိုယ့်ဘက်လုသောအခါ ကိုယ့်အဖွဲ့နိုင်ဘို့ ဆွေမျိုးဆိုပြီး ညာနေ၍မှ မဖြစ်တာ။ 'မရမ်းသီး' ကလည်း ဖြောင်ညာတတ်သည်။ ပထမနှစ်ပွဲတုန်းကလည်း 'နှံ့' မမ်းမိပါရက် ဇွတ်ညာသည်။

" 'မရမ်းသီး' နင်သိပ်ညာတတ်တာပဲ… ပထမပွဲတွေတုန်းကလည်း နင်ဖြောင်ညာတယ်"

"အို… မမိဘဲ ညာတာကနင်"

"ဒါဆိုနင်ကျိန်"

"အို… ကျိန်သမှုကျိန်"





"ကဲ… ကျိန်၊ ဘုရားစူး"

"စူး…စူး"

"မိုးကြိုးပစ်"

"ပစ်"

"မြွေကိုက်"

"ကိုက်… ကိုက်"

ရိုးရိုးပြောခြင်းမဟုတ်၊ တစ်ကိုယ်လုံးပင် တွန့်ပြလိုက်သေးသဖြင့် အားလုံးက ရယ်ကြသည်။

"ကလေးတွေ ဘယ်လိုဖြစ်နေတာလဲ… မိုးချုပ်ကြီး ဘာတွေလျှောက်ကျိန်နေတာလည်း အကောင်ရှည်ထွက်လာလိမ့်မယ်နော်"

'မွန်' ထွက်ပြောတော့ ချောင်ကြိုချောင်ကြားကြည့်ပြီး တွန့်သွားကြသည်။

ကျိန်တုန်းကကျိန်ပြီး 'မရမ်းသီး' ကကြောက်နေပြီ။

"ငါမကစားတော့ဘူး"

"ဟော့… ဒါမျိုးလုပ်လို့မရဘူး… ကြောက်တယ်ဆိုတည်းက နင်ညာတာသေချာနေပြီပဲ"

"ဘာဆိုင်လို့လဲ"

"မဆိုင်ရင် ဆက်ကစားပေါ့"

"ကစားတယ်… ကစားတယ်… မြွေမပြောနဲ့ နဂါးတောင် မကြောက်ဘူးသိလား"

'မရမ်းသီး' ကလည်း ခပ်စွာစွာ။

နောက်ပိုင်းပွဲက ပိုကြမ်းလာသည်။ မိလျက်နှင့် ခဏခဏ မမိဘူးဟု ညာတတ်သော 'မရမ်းသီး' ကို ဒီတစ်ခါ လက်ဆုတ်လိုက်ကိုင် သက်သေပြနိုင်အောင် 'နှံ့' အကွက်ချောင်းနေတော့သည်။ 'မရမ်းသီး' ကလည်းသိသည်။ ထို့ကြောင့် 'နှံ့' လက်မှ လွတ်အောင်



Book Sharing
Scanned by CamScanner

ကွေ့ကာ၊ ပတ်ကာ၊ ကုန်းကာ၊ ကော့ကာ ပြေးလွှားနေရသည်။

"ဟေ့ကောင်... မင်းမမဲနဲ့လေကွာ"

ခေါင်သူကြီး 'တင်လတ်' က လှမ်းအော်သည်။

"ဘာဆိုင်လဲ... သူလွတ်အောင်ပြေးပေါ့"

မကြာပါ။ မိပါလေပြီ။ မိတာမှ လက်မောင်းကိုပါ ဆုတ်ကိုင်မိထားခြင်းဖြစ်သည်။ နှစ်ယောက်လုံး အရှိန်ဖြင့် ပြေးနေချိန်ဖြစ်၍ 'မရမ်းသီး' က အားတင်းရုန်းထွက်သွားလေသောအခါ 'နန္ဒ' မှောက်လျက်လဲ၍ ကျန်ခဲ့လေသည်။

"မမိဘူးဟေ့ မမိဘူး"

'မရမ်းသီး' က အကျယ်ကြီးအော်ပြေးသွားခြင်းဖြစ်သည်။

သို့သော် 'မရမ်းသီး' ညာမှန်းအားလုံး သိသွားခဲ့သည်။

'နန္ဒ' လက်ထဲတွင် 'မရမ်းသီး' ၏ အင်္ကျီလက်တစ်ဖက် စုတ်ပြဲပြီး ကျန်နေသောကြောင့်ဖြစ်သည်။

စောစောက 'မရမ်းသီး' ညာခြင်းကို ဝိုင်း၍ထောက်ခံကြသော်လည်း 'မရမ်းသီး' ၏ အင်္ကျီပြဲသွားခြင်းနှင့် လက်မောင်းတွင် လက်သဲရာကြီး အစင်းလိုက်နီရဲပြီး ကျန်ရစ်ခဲ့သည်ကို မြင်သောအခါ 'နန္ဒ' ကိုဝိုင်း၍ အပြစ်တင်ကြတော့သည်။

ကလေးရန်ပွဲမှ လူကြီးရန်ပွဲသို့ ကူးစက်သွားပြီး ရပ်ကွက်လူကြီးတွေပါ ဝိုင်းဖြန်ဖြေယူကြရတော့သည်။

" 'နန္ဒ' ရော 'သီဟ' ရော... 'အန်တီလေး' ပြောတဲ့စကားကို နားမထောင်ကြဘူးကွာ... နေ့တိုင်းအိပ်ရာဝင်ခါနီးတိုင်း ဆုံးမပါရက်နဲ့ ခဏခဏရန်ဖြစ်ကြတယ်... သူများထိတ်လန့်အောင် စိတ်တိုအောင် လုပ်ချင်ကြတယ်... အငြင်းအခုန်လည်း အရမ်းသန်ကြတာပဲ... ပြီးတော့ ကျိန်တဲ့အကျင့်ကိုလည်း မပျောက်ကြဘူး... ဘာဖြစ်ပါစေ... ညာဖြစ်ပါစေဆိုပြီး မကျိန်ကောင်းဘူး... ပြီးတော့





ပြောင်ညာ ကြတယ်... ပြောင်လိန်ကြတယ်... ပြီးတော့ ကျိန်လည်းကျိန်... ညာလည်းညာပြီး ခပ်တည်တည်နဲ့ ကျိန်ကြသေးတယ်... မကြောက် ကြဘူးလားကွယ်"

သူတို့အပြစ်နှင့် သူတို့မို့ နဖူးပေါ်လက်တင်ပြီး ငြိမ်နေကြပါသည်။

"ကဲ...အခု မင်းကစားပွဲမှာ နိုင်ပါပြီတဲ့... ပျော်ရလို့လား... ဟိုလူက ဝိုင်းလက်ညှိုးထိုး ဒီလူက ဝိုင်းလက်ညှိုးထိုးနဲ့ ဘာမှအကျိုးမရှိဘူး... တကယ်နိုင်အောင် ပြိုင်ရမှာက ကျောင်းစာမှာပဲအောင်ယုံနဲ့ ကျေနပ်နေလို့မရဘူး... ပါးစပ်က ဆရာဝန်ဖြစ်ချင်လို့မဖြစ်ဘူး ကိုယ်တိုင်ကြိုးစားမှဖြစ်မှာ... မင်းတို့က စာကျက်ချိန်နည်းပြီး ဆော့တဲ့အချိန်က များနေတယ်လေ... နောက်ကျောင်းပိတ်ရက်တွေကြရင် ဆင်းမဆော့ကြနဲ့တော့နော်... အဲဒီအချိန် (၂) နာရီလောက်ကို စာပိုကျက်လိုက်... မကျက်ချင်ရင် အိမ်ပေါ်မှာကာတွန်းတွေ... ပုံပြင်တွေဖတ်ကြ.. 'အန်တီလေး' ဝယ်ခဲ့ပေးမယ်... ငှားခဲ့ပေးမယ်ကြားလား"

"ဟုတ်ကဲ့"



## ၁၀

'နှနှ' နှင့်ရန်ဖြစ်ထားကြသဖြင့် တစ်ယောက်နှင့် တစ်ယောက်ရန်လိုနေလို့ မပြီးနိုင်ကြတော့ ...

'နှနှ' ကိုမြင်သည်နှင့် 'မရမ်းသီး' က ပွစိပွစိနှင့် ဆဲသလိုလုပ်ပြပြီး တထွီထွီ တထွမ်ထွမ်နှင့် မျက်စောင်းထိုး၍ မပြီးတော့။

'နှနှ' ကလည်း အံကြိတ်ပြီး လက်သီးထောင်ပြရတာ အမော။

နောက်တစ်ပတ် ကျောင်းပိတ်သောအခါ 'နှနှ' တို့ညီအစ်ကိုကို အပေါ်ထပ် ထပ်ခိုးပေါ်တွင် ပုံပြင်စာအုပ်၊ ကာတွန်းစာအုပ်နှင့် ငြိမ်နေကြသလို အဒေါ်ဖြစ်သူကလည်း ရာဇဝင်စာအုပ်တစ်အုပ်ကို ထိုင်ဖတ်နေပါသည်။

သို့သော် ကောင်းစွာမဖတ်ရပါ။

စောစောက လမ်းပေါ်တွင်ဆော့နေသော ကလေးအုပ်စုသည် နှာရိုက်ခန့်ကြာသောအခါ အပေါ်ထပ် 'မရမ်းသီး' တို့အခန်းသို့ ရောက်သွားပြီး ဝုန်းဒိုင်းကြဲနေကြသဖြင့် တူဝရီးသုံးယောက်လုံး စာထဲစိတ်မဝင်စားနိုင်ကြတော့ပါ။



"ဒီကောင်မ ညာဏ်ပဲနေမှာပဲ"

"အို... သူတစ်ယောက်တည်း ဆော့တာမှမဟုတ်ဘဲ... အားလုံးလည်း ပါတာပဲ... စာထဲစိတ်ဝင်စားရင် အဲဒီဆူညံမှုတွေ ပျောက်သွားလိမ့်မယ်"

ဟုတ်ပါသည်။ သူတို့နှစ်ယောက် အပေါ်ထပ်က ကိစ္စကို မေ့သွားပုံရသည်။

သို့သော် ထိုကလေးအုပ်စုသည် ဟိုဘက်ခန်းမှ ဒီဘက်ခန်းသို့ ကူးလာကြပြီး ခုန်ပေါက်နေကြသဖြင့် ကြမ်းကြားမှတဆင့် သဲတွေပင် ကျလာပါတော့သည်။

'နှနှ' က တုတ်နှင့်ပြန်ထိုးဖို့လုပ်နေသဖြင့် တောင်းပန်ထားရသည်။

"သိပ်လှူပါးဝတယ်ဗျာ... အဖေ့ကို ဒီအိမ်ကပြောင်းဘို့ ပြောမှဖြစ်တော့မယ်"

"ဝါး.. ဟား... ဟား... ဟား.."

အပေါ်ထပ်က ရယ်သံများသည် 'နှနှ' တို့ ထပ်ခိုးထဲအထိ ကျယ်လောင်စွာ ဝင်လာသလို မမျှော်လင့်ဘဲ ရေတွေပါ စီးကျလာပါတော့သည်။ ကျတာကလည်း တကယ့်မိုးခဲ၏ အိပ်ရာပေါ်သို့ ဖြစ်သည်။

'နှနှ' ဝုန်းခနဲထရပ်ပြီး ...

"ဟိတ်... အပေါ်ထပ်က တရိစ္ဆာန်တွေ... ရိုင်းစိုင်းယုတ်မာလှချည်လား"

'နှနှ' အသံကို ကြားရမည်မထင်ပါ။ တဝါးဝါးရယ်နေကြဆဲဖြစ်သည်။ ထို့ကြောင့် 'နှနှ' ပါးစပ်ကိုလှမ်းပိတ်ရင်း ...

"သူတို့မကြားတာဘဲ ကောင်းတယ် ... သားကြီးရယ်... ဘာမှမဖြစ်သလိုသာ နေလိုက်ပါ... ဒီလိုဖြစ်အောင် စိတ်တိုအောင် သူတို့

ကလုပ်နေကြတာလေ ... ဘာတဲ့ပြန်မှုမှ မရှိရင် သူတို့အံ့သြသွားမှာပဲ"

"ဟာ... ကျွန်တော့်ကို အဲ့သလို မတားနဲ့ဗျာ ... သူ့အလှည့်တုန်းက ဟိုတိုင်ဒီတိုင်နဲ့ ကျွန်တော်လည်း ရပ်ကွက်မှာသွားတိုင်မှာပဲ"

"သူလုပ်တာ မဟုတ်ဘူးဆိုရင်ရော... တစ်ယောက်ယောက်နဲ့ မတော်တဆဖြစ်တာဆိုရင်ရော"

"ဘာကြောင့်ပဲဖြစ်ဖြစ် နောက်တစ်ခါမဖြစ်အောင်တော့ ဆုံးမခိုင်းရမှာပေါ့... 'အန်တီလေး' မပြောချင်နေ... မေမေ့ကို သွားပြောခိုင်းမယ်"

'နန္ဒ' အောက်ထပ်သို့ ဒေါသတကြီး ဆင်းသွားပြီးနောက် မကြာပါ။ သားအမိသုံးယောက်လုံး အိမ်ပေါ်ထပ်တက်သွားသံကို ကြားလိုက်ရသည်။ အော်သံဟစ်သံ ရန်ဖြစ်သံတွေ ကြားနေရသည်။

'ခင်ခင်နီ' သဲတွေ၊ ရေတွေ လိုက်ကြည့်ရန် ခေါ်သော်လည်း 'ဝင့်ထယ်' က မလိုက်သည့်အပြင် မနေချင်လျှင် ပြောင်းသွားဟု ပြောလွှတ်သဖြင့် အရှက်ကွဲပြီး ပြန်လာကြသည်။

သူတို့ကို လှောင်ပြောင်ပြီး ဟားတိုက်ရယ်မောနေကြသေးသည်။

သားအမိသုံးယောက်လုံး အံ့တကြိတ်ကြိတ် ဖြစ်နေကြသည်။

'နန္ဒ' က လက်သီးဖြင့် ခုတင်ကို တဝုံးဝုံးထုပြီး ငိုယိုကြိမ်းတွားနေသဖြင့် ....

"အင်း... စောစောက 'အန်တီလေး' စကားနားမထောင်ဘဲ ဒွတ်ထွက်သွားလို့ အရှက်ကွဲခဲ့ရပြီ... စိတ်တိုနေရပြီ... မင်းအခုလို တခုံးခုံး တဒိုင်းဒိုင်း လုပ်နေတာကြားရင် သူတို့ဝမ်းသာယုံပဲရှိမှာပဲပေါ့... ကိုယ်မှ ဒီအိမ်က မပြောင်းနိုင်သေးတာ... သည်းခံပြီးနေရာ





မှာပဲပေါ့... သူတို့ကိုနိုင်ချင်ရင် ဒီအိမ်က ပြောင်းနိုင်အောင်လုပ် ပြီးရင်း သူတို့ထက်သာအောင် ကြိုးစား... အဲဒါအဓိကပဲ"

"ကောင်မတွေ... ငါတို့ကို အသားလွတ်စော်ကားတယ်... ငါတို့စိတ်ဆင်းရဲရသလို ဒင်းတို့လည်း စိတ်ဆင်းရဲရမှာပဲ... ဘုရားရိုက်မှာပဲ"

"ကဲ... 'အန်တီလေး' အိပ်ယာအသစ်တွေ ပြန်ခင်းထားပြီးပြီ နောက်တစ်ခါ သူတို့ထပ်မလုပ်ဝံ့တော့ပါဘူး"

"လုပ်ကြည့်လေ... အောက်ကနေ မီးရှို့ပစ်မှာ"

"အဟင်း... ဟင်း... ဒေါသမကြီးပါနဲ့ သားကြီးရယ် ... မီးရှို့ရင် မီးလောင်မယ်... မီးလောင်ရင် အားလုံးနေစရာပျောက်မယ်... ပြီးရင် မင်းထောင်ကျမယ်... ထောင်ထွက်ဆိုရင် လူတွေက အလိုလိုရွံ့ကြောက်ကြီးဖြစ်ပြီး ရှောင်ကြတာနော်... 'အန်တီလေး' ကတော့ သားကြီးနဲ့ သားငယ်ကို ပညာတတ်ကြီးတွေဖြစ်စေချင်တယ်... လူလိမ္မာ... လူယဉ်ကျေးလေးတွေ ဖြစ်စေချင်တယ်"

'နန္ဒ' က မကျေနပ်သလိုပုံစံဖြင့် ...

" 'အန်တီလေး' က ကိုယ့်ကိုမှ မထိသေးတာကိုး... ထိရင် 'အန်တီလေး' လည်း သည်းခံနိုင်မှာတဲ့လား... လူတိုင်းကို ကြောက်နေရမှာလား ... ဒီအိမ်ကနေ ချက်ချင်းတောင် ထွက်သွားပြလိုက်ချင်သေးတာ ... ကိုယ့်အမျိုးတွေက ဘယ်ဘက်ကြည့်ကြည့် အိမ်ပိုင်ယာပိုင်မရှိတဲ့အပြင် ငှားနေကြတာကလည်း ကျဉ်းကျဉ်းလေးတွေ ဘယ်သူမှ ခေါ်ထားမှာ မဟုတ်ဘူး... 'အန်တီလေး' မှာ ရွှေတွေရှိတာပဲ... ပိုက်ဆံတွေလည်း စုထားတာပဲ... အိမ်လေးတစ်လုံးလောက် ဝယ်ပါလား... ကျွန်တော်တို့အိမ်မှာ အလကားနေရတာပဲ... 'အန်တီလေး' ရဲ့ ကျောင်းလခတွေရော... ကျူရှင်လခတွေရော... စုထားတာ အများကြီးရှိနေပြီလို့ မေမေကပြောတယ်... မဝယ်နိုင်

ရင်တောင် စဘော်နဲ့ တစ်ခန်းလောက်ငှားလိုက်ပါလား… နက်ဖြန် ငှားလေး… ချက်ချင်းပြောင်းချင်တာ"

ကလေးစကားကြောင့် ချက်ခြင်းကို ဝယ်ပြစ်၊ ငှားပြစ်ချင်ပါသည်။ ကလေးတွေ မျက်နှာမငယ်အောင်ထားချင်ပါသည်။ သို့သော် စကား၏လာရင်းဇစ်မြစ်က ယောင်းမ၏ မကောင်းမြင်ဝါဒများ လွှမ်းမိုးနေကြောင်း တွေ့ရသဖြင့် စိတ်ဆင်းရဲသွားမိသည်။

မိမိကို သည်မှာမနေစေချင်ဘူးလား။

အစ်ကိုဖြစ်သူက တစ်ယောက်တည်း ခွဲမနေစေချင်၍ အတင်း ခေါ်ထားခြင်းဖြစ်သည်။ တူနှစ်ယောက်ကိုလည်း မိမိမခွဲနိုင်။ မိမိ ပိုင်ဆိုင်သမျှသည် ဤကလေးနှစ်ယောက်အတွက် ဆိုတာ သူ့အမေ နှင့် ကလေးနှစ်ယောက် မသိကြဘူးတဲ့လား။

သူတို့စိတ်ချမ်းသာအောင် မိမိချက်ချင်းထွက်သွားပေးချင်ပါသည်။ သို့သော် အစ်ကိုကြီး စိတ်ဆင်းရဲရပေလိမ့်မည်။ ကလေးတွေ လွှမ်းကျန်ခဲ့မှာစိုးသည်။ ကောင်းသော ပြောင်းရွှေ့ခြင်းဖြင့် ပြောင်းဖို့ ကြိုးစားမည်။ 'နန္ဒ' တို့ညီအစ်ကို ဆယ်တန်းဖြေပြီး လျှင် ပြောင်းမည်။ ကလေးတွေ ပညာရေးအတွက် စောင့်ကြပ်ပေးချင်သေးသည်။

သူတို့လေးတွေ ဆယ်တန်းကို အမှတ်ကောင်းကောင်းနှင့် အောင်ပြီး ဆရာဝန်တွေ အင်ဂျင်နီယာတွေ ဖြစ်လျှင် ကျေနပ်ပါပြီ။ မိမိသူတို့ထံမှ ထိုအချိန်တွင် ခွဲခွာသွားမည်ဟု စိတ်ကူးလိုက်ပါသည်။

ယခု 'သီဟ' ရှစ်တန်း။

'နန္ဒ' ကကိုးတန်း။ 'နန္ဒ' က ဉာဏ်ကောင်းသော်လည်း စာကျက်ပျင်းသည်။ ငြင်းခုန်ဘို့ ဆော့ဘို့ လောက်သာ အာရုံများနေသည်။ 'သီဟ' က စာမတော်။ စာကျက်လည်းပျင်းသည်။ အဆော့



မက်ပြီး အစအနောက် အလွန်သန်သူဖြစ်သည်။

တနေ့ခွဲခွာရမည်ဆိုသည့် အတွေးကြောင့် တစ်ကိုယ်တည်း သမားတစ်ယောက်အနေဖြင့် အားငယ်သလိုလို၊ ဆွေးသလိုလိုဖြစ်သွားမိသည်။ ထိုအတွေးတွေက 'မွှန်' ကို နှိပ်စက်ပြီး ညဉ့်နက်သည် အထိ အိပ်မပျော်ပါ။

'နန္ဒ' က ပုပ်သိုးသော မျက်နှာကြီးဖြင့် လက်သီးဆုတ်ပြီး အိပ်ပျော်နေပါသည်။ 'သီဟလေး' ကတော့ ပြုံးစေ့စေ့ဖြင့် အိမ်မက်ထဲတွင် ဘယ်သူ့ကိုများ စဖို့နောက်ဖို့ စဉ်းစားနေပါလိမ့်။

တူကြီးနှင့် တူငယ်ကို ရှုမဝ ချစ်မဝသလို တစိမ့်စိမ့်ကြည့်နေမိသည်။

"ဒုံး… ဒုံး… ဒုံး"

အောက်ထပ်လှေကားမှ တံခါးဖွင့်သံလိုလို ကြားရသဖြင့် နားစွင့်နေပြီး မကြားပါ။ လှေကားပေါ်လေးကန်သော ခြေသံကြီးဖြင့် တက်လာသံကို ကြားလိုက်ရသည်။

အပေါ်ထပ်မှ 'ပိုးဟပ်' တို့အဖေရော၊ 'ဘူးသီး' တို့အဖေရော မိုးချုပ်ညဉ့်နက်မှ ပြန်လာတတ်သည်။ နှစ်ယောက်လုံး ဝိုင်းကောင်းလျှင် ဖဲရိုက်တတ်သည်။ အရက်သောက်တတ်သည်။ ခြေသံက အမူးလွန်လာပုံရသည်။

"ဒုံး… ဒုံး… ဒုံး"

"ကလင်… ကလင်…. ကလင်"

လူခေါ်ခေါင်းလောင်းလည်း တီးသည်။ လက်ကလည်း တံခါးကိုထုသည်။

"ဒုံး… ဒုံး… ဒုံး"

တဒုံးဒုံးအသံကြောင့် 'နန္ဒ' နိုးသွားပြီး ငုတ်တုတ်ထထိုင်သည်။ နာရီကိုလှမ်းကြည့်သည်။

Scanned by CamScanner

"ဟင်... တစ်နာရီတောင် ထိုးတော့မယ်... 'အန်တီလေး' မအိပ်သေးဘူးလား"

"ခုမှအိပ်မလို့... ဒါပေမယ့် တံခုံးခုံးအသံကြောင့် မျက်လုံးပြန်ကျယ်သွားပြီ"

"ဒီအသံက အားလုံးကိုနိုးမှာပဲ... ဟို 'အဘိဏ္ဍာမ' ရဲ့ အမေဖြစ်ပါစေရှာ"

'နံ့' ဆုတောင်းပြည့်သွားပါသည်။

" 'ဝင့်ထယ်' တံခါးလာဖွင့်ပေးစမ်း"

"မဖွင့်ဘူး... အိမ်ချင်တဲ့နေရာသွားအိပ်"

"မင်း ဘာလုပါးဝတာလဲ... မဖွင့်ဘူးလား... ငါတံခါးဖျက်ဝင်မှာနော်"

"ဖျက်ကြည့်လေ... အိမ်ပေါ်က တွန်းချယုံပဲရှိတယ်"

"ဒုံး... ဒုံး... ဒုံး"

ဧည့်သံက ကျယ်သထက် ကျယ်လာပါသည်။

အောက်ထပ်မှ အစ်ကိုဖြစ်သူ 'ကိုမြင့်ကြွယ်' က လမ်းမပေါ်ထွက်၍ ...

" 'ဝင့်ထယ်'... ဖွင့်ပေးလိုက်စမ်း နားငြီးတယ်... ပတ်ဝန်းကျင်ကို အားနာဖို့ကောင်းတယ်"

"ဟာ... ဖွင့်ပေးရင် အိမ်ထဲမှာ လာသောင်းကျန်းအုန်းမှာ... မူးလာရင် အေးအေးဆေးဆေးနေတာမှ မဟုတ်တာ... သူ့ကိုပြောထားပြီးသား သောက်ထားတဲ့နေ့ မူးလာတဲ့နေ့ဆို ပြန်မလာနဲ့လို့"

"အဲဒါက နင်တို့အတွင်းရေး... နင်တို့ဖာသာနောက်မှဖြေရှင်း ခုလိုညဥ့်နက်သန်းခေါင်တော့ မသောင်းကျန်းအောင် နင်ထိန်းသင့်တယ်... မနက်စောစောထရမယ့်သူတွေ... ရောဂါရှိတဲ့လူတွေကို အားနာသင့်တယ်... ဖွင့်ပေးလိုက်"



'ကိုသိန်းဦး' ယောက်ဖစကားကို သဘောကျပြီး ...

"ဟုတ်တယ်... ဖွင့် ... ဖွင့်စမ်း"

"မဖွင့်ဘူး... ရှင့်ကို ဒီတစ်ခါ ဒီပုံစံနဲ့လာရင် မပေါင်းဘူးလို့ အပြတ်ပြောထားပြီးသား ရှင်ထွက်သွား"

"ဘာကိစ္စသွားရမှာလဲ... ဒါငါ့အိမ် လူတိုင်းသိတယ်... ငါ့သမီးနှစ်ယောက်ရှိတယ်... ဘယ်ကိုမှ မသွားနိုင်ဘူး... 'မေမုန်း' နဲ့ 'မေပြုံး' အဖေ့ကို တံခါးလာဖွင့်ပေးကြစမ်းပါအုံး"

'မရမ်းသီး' တို့ညီအစ်မခမြာ အဖေ့ကို ဖွင့်ပေးချင်သော်လည်း အမေက မဖွင့်ရဟု အမိန့်ပေးနေသဖြင့် မဖွင့်ရဲကြ။ ပြီးတော့ အဖေအိမ်ထဲရောက်လျှင် အမေ့ကို ရိုက်ပုတ်ညှင်းဆဲတတ်သည်။ မိမိတို့ကိုလည်း စိတ်ညစ်အောင်လုပ်တတ်သည်။

"အော်... ညည်းတို့က အမေဘက်က ပါတယ်ပေါ့ဟုတ်လား ငါအထဲရောက်ရင် ညည်းတို့လည်း သေဖို့သာပြင်... ငါ့ကို ဘာကောင်မှတ်လဲ"

'ကိုသိန်းဦး' က စိတ်ရိုင်းဝင်နေသော ကျားကြီးတစ်ကောင်၊ လူဝံကြီးတစ်ကောင်လို သံဘာဂျာတံခါးကို ဆွဲခါရမ်းနေသည်မှာ ကြောက်စရာကောင်းလှပါသည်။

"ဟော့ကောင်... အိမ်တံခါးတွေပြုတ်ကုန်မယ်"

ယောက်ဖ၏ အော်သံကြောင့် ...

"ဘာဖြစ်လဲကွ... မင်းနဲ့ဘာဆိုင်လဲ... ဒီအိမ်ကိုမင်းတစ်ယောက်တည်းပိုင်တာလား... ငါ့မိန်းမလည်း ပိုင်တယ်ကွ"

မူးဦးက အောက်ဘက်သို့ လှည့်သွားပါပြီ။

"မင်းမဆိုင်တဲ့စကားမပြောနဲ့"

"ဟာ... မဆိုင်ဘူးလား... ဒီအိမ်ကို ငါ့မိန်းမလည်း ပိုင်တာမဟုတ်ဘူးလား... မင်းတစ်ယောက်ထဲ ပိုင်တယ်ထင်နေလို့လား"



Book Sharing

Scanned by CamScanner

"ငါ့ညီမက မင်းနဲ့မပေါင်းချင်ဘူးလို့ပြောနေပြီလေကွာ... မင်းမရှက်ဘူးလား... ထွက်သွားပါတော့လား"

"မထွက်ဘူးကွာ... မင်းဘာလုပ်ချင်လဲ... မင်းဘယ်လောက်မိုက်လဲ... ဘယ်လောက်သတ္တိရှိလဲ"

အောက်ထပ်သို့ ပြေးဆင်းသွားပြီး 'ကိုမြင့်ကြွယ်' ကို ခဲနှင့် လှမ်းထုသဖြင့် နဖူးကွဲသွားပါတော့သည်။ ထိုအခါ 'တင်လတ်' က အဖေကိုလုပ်ရပါမလားဆိုပြီး 'ကိုသိန်းဦး' ဒုတ်ဖြင့် ရိုက်ပါတော့သည်။

"အမယ်လေး... မလုပ်ကြပါနဲ့... သေကုန်တော့မှာပဲ... ကယ်ကြပါအုံး... ကယ်ကြပါအုံး... အီး.... ဟီး... ဟီး"

'ခင်စိုးဝင်း' က ပတ်ဝန်းကျင်ကို အကူအညီတောင်းရင်း အော်ငိုနေသလို 'စွဲမြတ်' ကလည်း အော်ငိုနေရှာသည်။

အပေါ်ထပ်မှ 'မရမ်းသီး' နှင့် 'ဗူးသီး' ၏ အော်ငိုသံရော 'ဝင့်ထယ်' ၏ အော်သံတွေ ဆူညံပွက်လောရိုက်နေပါတော့သည်။

'နန္ဒ' ကိုလှမ်းကြည့်လိုက်တော့ မဲ့ပြုံးကြီးနှင့် ကျေနပ်နေသလိုပါပဲလား။

"တွေ့လား... သူများကို အလကားနေရင်း စော်ကားချင်တဲ့ ကောင်မ... အခုငိုရပြီမဟုတ်လား... တစ်ဆွေလုံး တစ်မျိုးလုံး ထောင်ထဲတန်းရောက်မယ့်ဟာတွေ"

ဟုတ်ပါသည်။ ရပ်ကွက်လူကြီးတွေသာ မကောင်းလျှင် 'အချုပ်' ထဲတော့ အနည်းဆုံးရောက်မှာသေချာသည်။

ဆေးရုံပို့လျှင် ပြဿနာတက်မှာကြောက်သဖြင့် ပေါက်သွားသော နဖူးနှင့် ဒုတ်ဖြင့်ရိုက်မိသော ပခုန်းကို အမျိုးဆရာဝန်ပင့်၍ ဆေးထည့်ရပါတော့သည်။





၁၁

အောင်စာရင်းတွေ ထွက်သောအခါ 'မရမ်းသီး' နှင့် 'တင်လတ်' တို့ ရှစ်တန်း၊ ကိုးတန်းကျသဖြင့် ငြိမ်ကုတ်နေကြသည်။

" 'မြတ်မွန်ခင်' ဆီမှာ စာသင်နေတာ ဟုတ်ရက်နဲ့ မင်းကိုက လျှာရှည်ပြီး ပြောင်းပြစ်တယ်... အခုတစ်နှစ်ကျတော့ ဘယ်လောက်နမြောစရာကောင်းသလဲ... လူကောင်ကြီးက တနေ့တခြားထွားလာပြီး တစ်နှစ်တစ်နှစ်ကျောင်းစရိတ်က နည်းတာမဟုတ်ဘူး"

"ရှင့် ညီမက သူ့သမီးတွေနေတဲ့ နေရာထားနိုင်းတာကိုး"

"သူထားနိုင်းတိုင်း ထားရလောက်အောင် မင်းက သူ့ကိုကြောက်နေရလို့လား... ဘယ်တော့မှ တည့်တာလည်း မဟုတ်ဘူး... ဒီကိစ္စကြမှ ညီညွတ်နေလိုက်တာ.... သူများမနာလို ကိုယ်အကျိုးမရှိတာလက်တွေ့ပဲ.... ဟိုဘက်ခန်းမှာပဲ ပြန်ထားလိုက်"

'ချဉ်ပတ်' ပြဿနာရှာလွန်းလို့ လက်မခံချင်ပါ။ သို့သော် ငြင်း၍ ကောင်းသည့်ကိစ္စတော့ မဟုတ်သဖြင့် လက်ခံရမှာပါပဲ။

သို့သော် 'မွန်' ညနေကျောင်းကပြန်လာချိန်တွင် ယောင်းမဖြစ်သူက 'ချဉ်ပတ်' တို့အခန်းရောက်နေပြီး ပြန်လာမှန်းသိ၍ တမင်ကြားအောင် ပြောနေသလားတော့ မသိပါ။

"သူ့အသင်အပြကောင်းလို့ 'နန္ဒ' တော်တာမဟုတ်ပါဘူးကွယ် 'နန္ဒ' ကိုယ်တိုင်က ဉာဏ်ကောင်းတာ... သူ့တကယ်အသင်အပြကောင်းရင်း 'သီဟ' လည်း အတန်းထဲ အဆင့်ကောင်းမှာပေါ့... အခုအောင်ရုံနဲ့ ကပ်အောင်တာ သူ့ဆီထားမနေစမ်းပါနဲ့ ကိုယ်တောင်မကောင်းတတ်လို့ အိမ်မှာသင်နေလို့ သူ့ဆီထားနေရတာ... ယောကျ်ားမျက်နှာရှိနေလို့ သည်း ခံနေရတာ... ခုတော့ ကိုယ့်မှာ သူ့ညီမထောဘို့ နေရထိုင်ရတာကို မွန်းကျပ်နေတာပဲ"

"ဟုတ်ပါ့... 'ခင့်' ဒုက္ခကလည်း မသေးဘူး... တကယ်ဆို သူနဲ့ဘာမှ ဆိုင်တာမဟုတ်ဘဲ အားမနာပါးမနာလည်း လာနေသေးတယ်... ကျူရှင်ကလည်း ဖွင့်သေးတယ်... ဒီလိုလုပ်ပါလား... မနေဝံ့အောင် 'ခင့်' အစ်ကိုတွေ မောင်တွေ ခေါ်ထားလိုက်ပါလား"

"မရှိလို့ပေါ့"

"ဝမ်းကွဲထဲကရော"

"ကိုယ့်ယောကျ်ားက အရင်းဆိုရင်တောင် ခေါ်တင်ထားမှာမဟုတ်ဘူး"

"အိုး... 'ခင်' ကယောကျ်ားကို အရမ်းကြောက်နေတာကိုး... တကယ်ဆို ဒီအိမ်ခန်းက 'ခင်' တို့မိဘတွေ ငှားသွားခဲ့တာ... တကယ်လို့ တိုက်ပြန်ဆောက်ရင် အိမ်ရှင်အိမ်ငှားညှိရင် ဟောဒီလိုအောက်ခန်းတစ်ခန်းအတွက် ဖယ်ပေးတဲ့အတွက် နစ်နာကြေးသိန်းရာချီရတာနော်... တော်ကြာ သူ့ကိုပါ မဆီမဆိုင် ဝေစုခွဲပေး





နေရမယ်နော်"

"ဘာဆိုင်လို့လဲ"

"မဆိုင်ပဲနဲ့ ပေးနေရာမှာဆိုးလို့ ပြောနေတာပေါ့... ပြတ်ပြတ်သားသားရှင်းပစ်လိုက်"

သူတို့ဘာကြောင့် မိမိကိုမုန်းနေကြပါလိမ့်နော်။

"ကိုယ်တော့ ဘုရားရှိခိုးတိုင်း ဆုတောင်းတယ်... ကြိုက်တဲ့လူတွေ့ပြီး ပါသွားပါစေလို့"

"ပုံစံကြီးက ခါးတုတ်တုတ် ဖင်ပြားပြားနဲ့ ခွံမယ်ပုံလည်း မပေါ်ပါဘူး... ဟား... ဟား... ဟား"

ယောင်းမ၏ မကြည်ဖြူမှုကို ယနေ့မှသိလိုက်ရသဖြင့် ကြာကြာဆက်မနေသင့်တော့ဘူးဆိုတာ သိလိုက်ပါသည်။

'ခင်စိုးဝင်း' ကလည်း မိမိဒုက္ခရောက်အောင် ဘာကြောင့်လုပ်ချင်နေသနည်း။

ဝဋ်ဆိုတာ လည်တတ်ပါသည်။ လေးရက်ခန့်ကြာသောအခါ အိမ်ရှေ့သို့ လေးဘီးတစ်စီးထိုးရပ်လာသဖြင့် 'မွန်' တို့ဆရာတပည့်တွေ အားလုံး လှမ်းကြည့်မိကြသည်။

"ဟာ... 'အန်တီတင်မျိုးလင်း' တို့ပါလား... ကလေးတွေလည်းပါတယ်... ပစ္စည်းတွေကလည်း အများကြီးပဲ အိမ်ပြောင်းလာတာလား... မသိဘူး... ဆရာမအိမ်ကိုခဏသွားခွင့်ပြုပါနော်"

'တင်လတ်' တို့မောင်နှမ အမျိုးတွေလာ၍ ဝမ်းသာအားရပြေးထွက်သွားကြသည်။ ကားပေါ်မှ သံသေတ္တာနှစ်လုံး၊ ထင်းရှူးသေတ္တာနှစ်လုံး၊ အခြားပစ္စည်းတွေကလည်း တပုံကြီး။

ခဏကြာသောအခါ 'တင်လတ်' တို့ မောင်နှမခပ်ကုတ်ကုတ်ပြန်ဝင်လာကြသည်။ 'မွန်' သိချင်တာကို ကလေးတွေကမိုင်းမေးကြသည်။



Scanned by CamScanner

"မင်းတို့အခေါ်လာတာ ပစ္စည်းတွေကလည်း အများကြီးပဲ... မင်းတို့အတွက် ဘာလက်ဆောင်တွေပါလာလဲ"

"ဘာပါရမှာလဲ... သူ့ယောက်ျားနဲ့မပေါင်းချင်တော့လို့ ဆင်းလာတာတဲ့... ငါတို့အိမ်မှာလာနေမှာတဲ့... ကြည့်နေ အဖေနဲ့အမေ ရန်ဖြစ်မှာ သေချာတယ်"

'ဦးမြင့်ကြွယ်' ဆိုသည့်လူက ဟန်မဆောင်တတ်သူ၊ သည်းမခံတတ်သူ၊ တစ်ကိုယ်ကောင်းဆန်သူ။ အပေါ်ထပ်က ညီမအရင်းကိုပင်လျှင် စေတနာရှိလှသူမဟုတ်။ ညနေဘက် အလုပ်ကပြန်လာပြီး အိမ်ပေါ်ရောက်သည်နှင့် ...

"ဟာ... ဝရံတာမှာရော... ဧည့်ခန်းထဲမှာရော သေတ္တာတွေနဲ့ပါလား... ဘယ်ဇာတ်အဖွဲ့ ငှားထားလို့လဲကွ"

"ငှားထာတာမဟုတ်ဘူး 'ကိုမြင့်' ရေ... ဒီမှာ လာနေချင်လို့တဲ့"

"ဘယ်သူ"

"'တင်မျိုးလင်း' လေ... ယောက်ျားနဲ့ရန်ဖြစ်ပြီး ဆင်းလာတာ"

"ဟာ ဒါဆို မင်းညီမမှားတာပေါ့... ဆင်းလာရင် ရှုံးပြီးပေါ့ ဟိုကောင် ဝမ်းသာနေမှာပေါ့... နောက်မိန်းမတစ်ယောက်ယူပြီး တင်ထားမှ ဘုံပျောက်မှာဗျ... မြန်မြန်ပြန်ချော့ပြီး အိမ်ပေါ်ပြန်တက်တော်ကြာ ကလေးသုံးယောက်နဲ့ ဗျာများနေမယ်"

'တင်မျိုးလင်း' က ငိုရင်း ...

"သူရိုက်ပုတ်ပြီး မောင်းချလိုက်တာ အစ်ကိုကြီးရဲ့... သူ့အမျိုး တွေကျတော့ တလှေကြီးခေါ်တင်ထားပြီး အမျိုးတွေဂုံးချောတိုင်း ကျွန်မကို အရှမ်းနှိပ်စက်တာ"

"ဘယ်လိုပဲဖြစ်ဖြစ် ကလေးတွေ မျက်နှာရှိသေးတယ်လေ... နင်သည်းခံရမှာပေါ့... တကယ်လို့ဆင်းလာရလည်း ကလေးတွေ



ထားခဲ့ရမှာပေါ့... ခုတော့ နင်ကအရှုံးပေါ်အရှုံးထပ်နေပြီပေါ့"

"ကလေးတွေကလည်း မနေခဲ့ချင်ဘူး... သူကလည်း ခေါ်မထားချင်ဘူး... ကလေးစရိတ်ထောက်မယ်ပြောတာပဲ"

"ဟာ... မဟုတ်သေးပါဘူး... ဒီကောင့်ဖုန်းနံပါတ်ပေးစမ်း... ငါဖုန်းသွားဆက်မယ်"

မျက်နှာချင်းဆိုင်အိမ်တွင် သွားဆက်ခြင်းဖြစ်၍လည်းကောင်း၊ 'ကိုမြင့်ကြွယ်' အလွန်အာပြဲ၍လည်းကောင်း အတိုင်းသားကြားနေရပါသည်။

"မင်း... ဒီလိုမျက်နှာလွှဲခဲပစ်လုပ်လို့ ရမလားကွ... သူ့ကိုမပြင်ချင်ရင်တောင် ကလေးတွေမျက်နှာကိုတော့ ထောက်ရအုန်းမှာပေါ့"

"× × × ×"

"ဟာ... ငါ့အိမ်မှာခေါ်ထားလည်း တစ်ပတ်... အလွန်ဆုံး တစ်လပေါ့... ဒါတောင် ငါ့ခယ်မဖြစ်နေလို့ ဒုက္ခသည်ဖြစ်နေလို့ ကလေးတွေကို သနားလို့ ငါ့အိမ်က ကျဉ်းကျဉ်းလေး ဘယ်နှယ့်ဘုန်းကြီးအမှုရှာလာပတ်နေတာတုန်းကွာ... မပေါင်းချင်ရင်လည်း အိမ်လေးဘာလေး ငှားပြီးထားပေါ့... ငါတို့အိမ်မှာတော့ တစ်လထက်ပိုမထားနိုင်ဘူး... ဒီကြားထဲ မင်းတို့ကိစ္စမင်းတို့ ရှင်းကြ"

ဟိုဘက်ခန်းမှ ငိုရှိုက်သံများကို စိတ်မချမ်းသာစွာ ကြားနေရပါသည်။ မိဘနှစ်ယောက်အစဉ်မပြေသောအခါ ကလေးများခမြာ မျက်နှာငယ်နေကြရာသည်။ ရေ့ရေးအတွက် မရေရာဝိုးတဝါးဖြစ်နေမှန်း သိသည့်အရွယ်သို့ ရောက်နေကြပြီဖြစ်၍ အားငယ်နေကြရာလိမ့်မည်။ 'ဦးမြင့်ကြွယ်' ပြန်ရောက်လာပြီ ...

"ဟာ... မိန်းမရ... မင်းကလည်း မသာအိမ်ကြနေတာပဲ ငိုထားလိုက်တာ... မင်းညီမအကြောင်းတွေ တိုင်လိုက်တယ်... သိပ်



Scanned by CamScanner

ပျင်းတယ်တဲ့... တစ်နေကုန်အိမ်လည်ပြီး အတင်းပြောတတ်တယ်တဲ့ ကလေးတွေနဲ့ ယောကျ်ားကို အချိန်မီ ချက်ပြုတ်ကျွေးရမှာ... ခူး ခတ်ပေးရမှာ... လျှော်ဖွတ်ပေးရမှာကို ကြောက်သလောက် အိမ် လည်တာကတော့ အံ့သြဖို့ကောင်းတယ်တဲ့... အိမ်ဖေါ်ငှားတော့ ပေးစားတယ်တဲ့... ဒါနဲ့ အမျိုးတွေခေါ်ထားတော့ တစ်ချိန်လုံး ရန်လုပ်တယ်တဲ့"

"ရှင်ကလည်း... ဟိုကပြောတာနည်းနည်း ရှင်ကပိုပြောနေတာ မသိဘူးမှတ်လား... ရှင်မကူညီချင်ဘူးဆိုတာ ကျွန်မတို့သိပါ တယ်... စိတ်ချ တစ်လပြည့်လို့ သူ့ကိုနေဖို့ထိုင်ဖို့ စီစဉ်မပေးရင် 'စိုးဝင်း' အိမ်ရှာပေးမယ်... ရှင့်အိမ်မှာမထားပါဘူး"

"ခုရှပ်မှ နောင်ရှင်း ပြတ်ပြတ်ပြောထားရတယ်လေ... တော် ကြာ တစ်လက တစ်နှစ်ဖြစ်လာမယ်... ကြာရင် ပတ်ဝန်းကျင်က ရော မင်းကရော... သမုတ်လာမယ်... မင်းသောက်ကျင့်ကလည်း ကောင်းတာမဟုတ်ဘူး... မိန်းမတယောက်ရပ်စကားပြောလိုက်ရင် ခင်ခင်မင်မင်ဆက်ဆံလိုက်ရင် တစ်ခါထဲ ပေးစားလိုက်တော့တာပဲ"

'မွန်' ပြုံးမိပါသည်။

'နှင်း' လိုမဲ့ပြုံးတော့ မဟုတ်ပါ။

မိမိကို ဘာအညှိုးမှမရှိဘဲ အိမ်ပေါ်က ဆင်းစေချင်တာ 'ခင်စိုးဝင်း' တစ်ယောက် သူ့ညီမအရင်းခေါက်ခေါက် အိမ်ပေါ်က ဆင်းခဲ့ရသဖြင့် ခေါင်းမီးတောက်နေရှာသည်။



" 'နှင်း' 'သီဟ' "

"ဗျာ"

" 'အန်တီလေး' ညနေတုန်းက 'ကြီးကြီးအုံး' ဆိုင်ကိုရောက် ခဲ့တယ်... မင်းတို့ညီအစ်ကိုနှစ်ယောက် သူ့ဆိုင်မှာ အကြွေးယူထား တာတွေများနေပြီဆို အခု 'အန်တီလေး' ဆီကတောင်းနေတယ်"

"ဟုတ်တယ်"

"သူပြောတာ တစ်ယောက်နှစ်ရာတောင်ရှိတယ်တဲ့"

"ဟုတ်တယ်... ဗလာစာအုပ်တွေ ခဲတံတွေ ကုန်လို့ သွား သွားယူထားရင်း များသွားတာ"

"မုန့်တွေလည်း ယူစားထားတယ်ဆို"

"ဟုတ်တယ်... ညဘက်တွေ ထွက်ဆော့တုန်းက ဗိုက်ဆာ လို့ ယူစားထားတာ... သူများတွေက ပိုက်ဆံပါပေမယ့် ကျွန်တော် တို့က မပါဘူးလေ"

"အော်... သားကြီးရယ်... မရှိရင် လူကြီးတွေဆီက တောင်း ပေါ့... မင်းတို့က ကလေးတွေပဲ ဘယ်ပိုက်ဆံရှိမှာလဲ... အကြွေး

ယူတဲ့အကျင့်ဟာ ကြီးတဲ့အထိ ပါသွားတတ်တယ်လေ"

"မေမေ့ဆီသွားတောင်းရင် မေမေက ပိုက်ဆံမရှိလို့ 'အန်တီလေး' ဆီသွားတောင်းလို့ပြောတာ... 'အန်တီလေး' ကလည်း အရမ်းကပ်စေးနဲတော့ မတောင်းရဲပါဘူး"

"အဲသလိုတော့ မပြောပါနဲ့ကွယ်... မင်းတို့နှစ်ယောက်အတွက် လစဉ်မုန့်ဘိုး စာအုပ်ဘိုးနဲ့ အဝတ်အထည်တွေ ဝယ်ပေးနေတာပဲ... 'အန်တီလေး' က အစိုးရဝန်ထမ်းဆိုတော့ လခစားလေ... စည်းကမ်းနဲ့မသုံးတတ်ရင် တစ်ရှို့လခနဲ့ မလောက်လို့ အကြွေးလည်းပင်စိုက်နေကြတာ"

" 'အန်တီလေး' က လခကို လုံးဝတောင်ထိစရာမလိုအောင် ထောနေတာပဲဗျာ... မသိတာကြလို့ တကယ်ဆို ဖေကြီးလခ တစ်ခုတည်းနဲ့ မလောက်မှန်းသိရက်နဲ့ နေနိုင်ရက်တယ်"

'နှနှ' ၏ ခပ်မာမာစကားသံများက 'မွန့်' အသည်းကို ဓါးဖြင့် ပါးပါးလှီးသလို နာကျင်လှပါသည်။

ဒါကလေးစကားမဟုတ်ပါ။ သူ့အမေမကြာခဏ သွေးထိုး မြှောက်ပင့်နေတာ ကြားနေရပါသည်။ ခုတော့ 'နှနှ' အစွမ်းပြပါလေပြီ။

ဒီကိစ္စတွေဖြစ်ရတာက အစ်ကိုကြီး စေတနာလွန်ကဲမှုကြောင့် ဖြစ်သည်။

ထမင်းလခပေးစားမည်ဆိုလည်း လက်မခံ။

ယခု 'မွန့်' လစဉ်ပေးနေသော စရိတ်က မနည်းလှ။ တစ်ပတ်တစ်ခါ မီးဖိုချောင်သုံး ဆီ၊ ဆန်၊ ငရုတ်၊ ကြက်သွန်လည်း ဝယ်ပေးသည်။ ကလေးတွေအတွက်လည်း မကြာခဏဝယ်ပေးသည်။ ဘယ်လောက်ပေးပေး ပေးသည်ဟု မမြင်ပါလား။

မိမိချစ်သော တူကလေးများကပင် မိမိကို မကျေနပ်သလို





ဆက်ဆံနေပါရောလား။

တူနှစ်ယောက်လုံး အကျင့်ပျက်စပြုနေတာလည်း သိသည်။ 'မွန့်' စာအုပ်ကြားမှ ပိုက်ဆံများနှိုက်သုံးတတ်ကြသည်။ သို့သော် မုန့်ပဲသရေစာနှင့် ကလေးကစားစရာလေးများ ဝယ်ချင်၍ ယူမှန်းသိသည်။ ထို့ကြောင့် မသိချင်ယောင်ဆောင်နေလိုက်သည်။ မိမိကိုယ်တိုင်လည်း သူတို့ယောကျ်ားလေးများကြိုက်သည့် ကစားစရာများ မကြာခဏဝယ်ပေးပူးပါသည်။ မိခင်က ကျေးဇူးတင်ပါသည် တစ်ခါမျှမပြောသလို ကလေးနှစ်ယောက်လုံး စည်းကမ်းမရှိကြ။ ပစ္စည်းများကို ရှိသေစွာ ကိုင်တွယ်ခြင်းပရှိ၍ ကြာကြာမခံ။

'မွန့်' သက်ပြင်းရှည်ကြီးချ၍ ရပ်ဝေးတစ်နေရာကို ကျောင်းပြောင်းဖို့ ဆုံးဖြတ်ချက်ချပြီတော့သည်။ ချက်ချင်းပြောင်းချင်ပါသော်လည်း အမိန့်ကျမည့်အချိန်ထိတော့ စောင့်နေရလိမ့်အုန်းမည်။

"သားကြီးရေ... ဟိုဘက်ခန်းကို အိမ်လခ မပေးနိုင်တာ သုံးလရှိပြီ... မင်းအဒေါ်မသိအောင် ပိုက်ဆံရှာကြည့်ပါအုန်း"

"ရှိတော့ ရှိတယ်... ပိုက်ဆံက သေတ္တာထဲမှာ နည်းနည်းပဲထားတာ... ဘဏ်စာအုပ်ထဲမှာထားတာ... နှစ်သိန်းကျော်တောင်ရှိတယ်... ရွှေဆွဲကြိုးက တစ်ကျပ်သား သုံးကုံးတောင်ရှိတာ... လက်ကောက်အပျော့လည်း နှစ်ခုရှိတယ်... ပါတိတ်အသစ်တွေဆို အထပ်လိုက်ပဲ... ရတ်တရက်ဆို သုံးလေးထည်နှိုက်ထားရင် သိမှာမဟုတ်ဘူး"

"ဖြစ်ချင်တာဖြစ်ကွာ... ကြိုးတစ်ကုံးပဲ ယူခဲ့လိုက်"

"ဟာ... အဖေသိရင် အရိုက်ခံရမှာ... 'အန်တီလေး' လဲ လုံးဝမုန်းသွားမှာကြောက်တယ်... အဲဒါတော့ မလုပ်ပါနဲ့ အမေကလဲ"

"မင်းနားမလည်ပါဘူး... စိတ်ချ သူ့ဆွဲကြိုးပျောက်ရင်တောင် မင်းအဖေကို သူအသိပေးမှာ မဟုတ်ဘူး... သူ့အစ်ကို စိတ်ဆင်းရဲ



Scanned by CamScanner

မှာ သိပ်ရိုးရိုးတာ... သူ့အကျင့်ကိုက မြဲစိစိနဲ့ ကြိတ်မှိတ်ပြီးသိပ်နေတတ်တယ်... အရက်ကွဲမှာ သိပ်ကြောက်တာ... ပြီးတော့ မင်းတို့ညီအစ်ကိုနှစ်ယောက်နဲ့ မင်းတို့အမေကို မခွဲနိုင်လို့ သူငြိမ်ကုတ်နေလိမ့်မယ်"

"စိတ်ဆိုးပြီး ထွက်သွားရင်ရော"

"ထွက်သွားရင် ပိုကောင်းတယ်... ထွက်အောင်လုပ်နေတာ မထွက်လို့ သုံးနှစ်တောင်ကြာနေတာပေါ့... အိမ်ရှင်တွေက ကံထရိုက်နဲ့ တိုက်ဆောက်ချင်လွန်းလို့... အမေ့ကို ငွေအမ်းချင်လို့ ခဏခဏစကားကမ်းလှမ်းနေတာ... မင်းအဒေါ်ရှိနေရင် နောက်တစ်နေရာ ပြောင်းရင်ခေါ်သွားနေရအုန်းမယ်... ခေါ်သွားရတာက အရေးမကြီးဘူး... သွားလေရာမှာ ကျူရှင်လိုက်ဖွင့်အုန်းမှာ... ပိုက်ဆံရတာက သူ... အနေကျပ်တာက အမေလေ.. မီးဖိုချောင်ထဲ ငုတ်တုတ်ထိုင်နေရ... အိပ်ရာပေါ်ငုတ်တုတ်ထိုင်နေရနဲ့ အချိန်ကုန်နေရတာ နားကလည်းငြီးသေးတယ်... သူကကျတော့ သူများအိမ်လည်းနေသေးတယ်... အရုံသင့်ချက်ပြုတ်ထားတာကို စတိုင်နဲ့ခူးခပ်စားပြီး လူ တကာက ဆရာမကြီးလို့ခေါ်ရင် ဗိုန်နားကပ်တဝင်းဝင်းနဲ့ အမေ့မှာတော့ ကျွန်မကြီး ကျနေတာပဲ... ဒီမှာကြည့်စမ်း လက်တွေဆိုဓါးထိထားတာ... မီးလောင်ဖုတွေထနေတာ"

ထိုစကားကိုနားထောင်နေသော သားကြီးတို့ညီအစ်ကို၏ မျက်လုံးများမှာ မီးဝင်းဝင်းတောက်နေပါသည်။

'မွန်' ခြေသံမကြားအောင် ဖဒရွတ်ဆွဲ၍ အိမ်ပေါ်ထပ် ပြန်တက်ခဲ့ပါသည်။

ကလေးတွေကို သွေးထိုးခြင်းလား။ သို့မဟုတ် မိမိကြားချင်လည်း ကြားပါစေဟု တမင်ပြောနေခြင်းလား မသိပါ။

'မွန်' ကျောင်းသို့ထွက်ခဲ့ပါသည်။





ခြင်းတောင်းထဲတွင် တနေ့အဝပက်နှစ်စုံ၊ နှစ်စုံဝှက်၍ ယူသွားလျှင် တစ်လမပြည့်ခင် 'မွန်' လိုအပ်သည့် အဝတ်အထည်များ စုဆောင်းမိလောက်ပြီ။

ညနေကျောင်းမှ ပြန်ရောက်သောအခါ ဆွဲကြိုးတစ်ကုံးမရှိတော့သဖြင့် 'မွန်' စိတ်မကောင်းသော်လည်း ပြုံးနေလိုက်မိသည်။ ဆယ်ရက်ခန့်ကြာသောအခါ 'မွန်' ၏အရေးကြီးသော စာအုပ်များလည်း တစုတဝေးဖြစ်နေခဲ့ပြီ။ သူတို့ မွှေသော သေတ္တာထဲမှ ပစ္စည်းများကို 'မွန်' ဟန်မပျက်ထားသဖြင့် ခြင်ထောင်၊ စောင်၊ အိပ်ရာခင်း၊ ခေါင်းအုံးတစ်လုံးစသည့် အပိုပစ္စည်းများ ထုတ်ယူသွားသည်ကို သူတို့မရိပ်မိ။

'မွန်' ချင်းပြည်နယ်သို့ ပြောင်းရွှေ့ခွင့် ရသည်ကိုလည်း မည်သူ့ကိုမျှ မပြောမပြ။

လေယာဉ်ကွင်းလိုက်ပို့သော အခင်မင်ဆုံး ဆရာမနှင့် အစ်ကိုကြီးထံ နှုတ်ဆက်စာရေးပြီး ပေးခိုင်းထားသည်။ တူနှစ်ယောက်ထံလည်း ဆုံးမစာရေးခဲ့ပါသည်။

"ချစ်ခင်ရိုသေရပါသော ကိုကြီးရှင့်"

*မိဘများမရှိတော့သည့်နောက်ပိုင်း ညီမကို စောင့်ရှောက်ခဲ့သော အစ်ကိုကြီး၏ ကျေးဇူးကို ဘယ်တော့မှ မေ့တော့မည်မဟုတ်ပါ။ နှစ်ရှည်လများ နေထိုင်ခွင့်ပြုပြီး ချက်ပြုတ်ကျွေးမွေးခဲ့သော ယောင်းမအားလည်း အထူးကျေးဇူးတင်ရှိပါသည်ရှင့်... ယောင်းမအတွက် သေတ္တာထဲမှ ပါတိတ်အသစ်အားလုံးကို ပေးခဲ့ပါသည်။*

*သားကြီးနှင့်သားငယ်အတွက် ရွှေကြိုးတစ်ကုံးစီနှင့် ရွှေဟမ်းချိန်းတစ်ခုဆီ အမှတ်တရပေးခဲ့ပါသည်။*

*'နန္ဒ' နှင့် 'သီဟ' လိမ္မာကြပါ။ စာကြိုးစားကြပါ။ စာများများ*

ပတ်ကြပါ။ ဒါမှ နောင်တစ်ချိန်မှာ လူတော် လူဖော် လူကျော်တွေ ဖြစ်လာကြမှာနော်...

ချစ်သော မြတ်မွန်ခင်'

စာဖတ်ပြီး မည်သူမျှ မျက်နှာမကောင်းကြ။

'ခင်ခင်နီ' တစ်ယောက် တစ်နေကုန် စကားမပြောနိုင်လောက်အောင် မရယ်မပြုံးနိုင်လောက်အောင် ဖြစ်နေပြီ။

ညီအစ်ကိုနှစ်ယောက်က တစ်နေကုန်တအီအီရှိုက်ငို၍ မဆုံးသလို ထမင်းလည်းမစားကြသဖြင့် ဖခင်ဖြစ်သူစိတ်တိုလာပြီး ...

"ဟောကောင်တွေ သေတာမှမဟုတ်ဘဲ... ဘာလို့သည်လောက်ငိုနေရတာလဲ... ကိုယ့်ကိုမချစ်လို့ တမင်ခွဲထွက်သွားရက်တဲ့သူကို များ မင်းတို့က လွမ်းနေလိုက်ကြတာ"

ထိုစကားကိုပြောနေသော 'ဦးကျော်တင့်' ၏ အသံမှာ ငိုသံပါနေပြီး မျက်ရည်တွေဝဲနေပါသည်။

လင်အဖြစ်၊ သားတွေ၏အဖြစ်ကိုမြင်ပြီး 'ခင်ခင်နီ' နောင်တရ၍ မဆုံးတော့ပါ။ ပြီးတော့ အနိုင်ရတိုင်း အနိုင်ကျင့်ခဲ့သူ မိမိကို သူမက ကျေးဇူးတင်ပါတယ်တဲ့လေ။ မိမိလိုချင်လွန်းလှသည့် ပါတိတ်များကိုရော မိမိခိုးယူခိုင်းခဲ့သော ရွှေတွေကိုရော တစ်ခုမျှ မယူဘဲ အနိုင်နှင့်ပိုင်းသွားခဲ့ပြီ။ မိမိကိုဂျတ်ခနဲ မြည်အောင် ချိုးသွားခဲ့ပြီ။

'ခင်ခင်နီ' တို့ သားအမိသုံးယောက်လုံး အမူအယာတွေ ပြောင်းသွားကြတာကို အံ့သြနေသူက 'ဦးကျော်တင့်' ပါပဲ။

အတူနေစဉ်က ယောင်းမကို ရန်လုပ်ပြီး အမျိုးမျိုးကုံးချောနေခဲ့ပြီး ယခုမှ လွမ်းပြနေလို့ကတော့ အမိုပါပဲ။

ညီအစ်ကိုနှစ်ယောက်စလုံး အပေါ်ထပ်ခိုးပေါ်တက်သွားလျှင် အဒေါ်ဖြစ်သူကို သတိရပြီး မျက်ရည်ဝဲမိကြသည်။ နောင်တရမိကြ



သည်။

'နန္ဒ' ကဆိုလျှင် ကျောင်းပြေးကျူရှင်ပြေးပြီး အပေါ်ထပ်တွင် အခန်းအောင်းနေသည့် ရက်တွေများလာသဖြင့် ဖခင်မသိအောင် ဖုန်းကွယ်ထားရပြီး ကြိတ်၍ဆုံးမနေရသည်။

"အီး... ဟီး... အမေကြောင့် ခုလိုထွက်သွားတာဗျ သိလား... ကျွန်တော်အရမ်းရက်တာပဲ... ကျွန်တော်ခိုးတာကိုသိလျက်နဲ့ သူ ဘာမှအပြစ်မတင်တဲ့အပြင် ပစ္စည်းတွေအားလုံး ထားပေးသွားတယ် 'အန်တီလေး' ပညာပေးသွားတာက ရက်စက်လွန်းပါတယ်ဗျာ... အမေသိလား ဒါကျွန်တော်တို့ခိုးတာသိလို့ လိုချင်ရင် အကုန်လုံး ယူဆိုပြီး ထားသွားတာဗျ... အီး... ဟီး..."

တစ်လကြာသည့်တိုင် 'နန္ဒ' က ကြိတ်ဆွေးနေဆဲ။ သွားကာစက မြိုသိပ်ထားမှုသည် ယခုမှ ပေါက်ကွဲထွက်လာတော့သည်။ 'သီဟ' ကလည်း တရှုံ့ရှုံ့နှင့် ...

'ခင်နီ' သက်ပြင်းချပြီး ငိုင်နေမိသည်။

သူတို့အဒေါ်က သူတို့အပေါ်ကောင်းခဲ့လေတော့ တွေးတိုင်း တွေ့တိုင်း မိခင်ဖြစ်သူ အနိုင်ကျင့်ခဲ့တာတွေအတွက် စိတ်မကောင်း ဖြစ်နေကြရှာသည်။

အဒေါ်ပစ္စည်းခိုးမိသည့်အတွက် ရှက်ခြင်း၊ နောင်တရခြင်း များ ဖြစ်နေကြရှာသည်။

Scanned by CamScanner



၁၂

" 'အန်တီလေး' ရှိလားဗျို့... ဆရာမကြီး 'ဒေါ်မြတ်မွန်ခင်' တို့ အိမ်ဟုတ်ပါတယ်နော်"

'ခင်စောဦး' အပြေးအလွှားထွက်လာပြီး ....

"ဟုတ်ပါတယ်ကွယ်... လာပါ ထိုင်ကြပါ... ဆရာမကြီးက သူ့တူ..တူမတွေ ဖွယ်ဖွယ်ရာရာကျွေးချင်လို့ မြို့ထဲခဏသွားတယ်... ထိုင်ကြနော်... ကိုယ့်အိမ်လိုပဲသဘောထားပြီးနေကြပါ"

'ဒေါ်ခင်စောဦး' အထဲဝင်သွားသည်နှင့် 'သီဟ' ဇာတ်လမ်းစတော့သည်။ 'မေဖုန်း' ကို သေချာစိုက်ကြည့်ရင်း ...

"နှင်အရမ်းလှလာတယ်နော်"

'မေဖုန်းနွယ်' က ခပ်တည်တည်မျက်နှာနှင့် ထိုင်နေသဖြင့်...

"ငါနဲ့တွေ့ရတာ မပျော်ဘူးလား... ငါတော့ပျော်လွန်းလို့ အိပ်လို့လည်းမပျော်ဘူး... စားလို့လည်းမဝင်ဘူး... နှင်နဲ့ပဲထပ်





တွေ့ချင်နေတယ်... နှင်ကလည်း စကားလေးဘာလေးပြောပါအုံးဟာ... နှင်နဲ့ငါနဲ့ ရန်ညှိုးမှ မရှိတာ"

"နှင်လည်းအတူတူပါပဲ... ရှေ့က လူတွေပြောင်ရင် နှင်လည်းပါးစပ်ကြီးဖြဲလို့... နှင့်အစ်ကိုတော့ ငါခုထိ မုန်းတုန်းပဲ... စွဲတုန်းပဲ"

"နှင်ကလည်း... ငယ်ငယ်တုန်းက ကလေးစိတ်နဲ့ ဆိုးကြဆော့ကြ... နောက်ကြ... ပြောင်ကြတာပါလေ... ခုနေတွေ့ရင် 'ကိုနန္ဒ' လည်း အရမ်းဝမ်းသာမှာပဲ"

"သူငါ့ဆီဖုန်းဆက်တယ်"

"အမယ်... ဖုန်းနံပါတ်ဘယ်ကရလဲ"

" 'မုန်လာဥ' ဆီကတဲ့"

"ဟုတ်လား... 'မုန်လာဥ' ဆီ ဖုန်းသွားဆက်ရအောင်... 'အန်တီလေး' လာရင်... ဖုန်းဘယ်နားမှာ ပြောလို့ရလဲမေးပြီး သွားဆက်ရအောင်"

'ခင်စောဦး' ကြားသွားသဖြင့် တယ်လီဖုန်းရှိရာ နှစ်အိမ်ကျော်သို့ လိုက်ပို့ပေးသည်။

'မုန်လာဥ' မှတဆင့် ရန်ကုန်ရောက်နေသော 'နန္ဒ' နှင့်ပြန်ချိတ်မိသွားကြပြီး 'အန်တီလေး' အံ့သြသွားအောင် အမြန်လိုက်ခဲ့ဘို့ ခေါ်လိုက်ကြသည်။

'နန္ဒ' ညတွင်းချင်း ခရီးထွက်ခဲ့သည်။ မိဘများရှိရာ မော်လမြိုင်သို့ အရင်ဝင်မည်။ ပြီးလျှင် 'အန်တီလေး' ရှိရာသို့ သွားမည်။

'သတို့သမီးနွယ်' က အလွန်သဝန်တိုတတ်သဖြင့် 'မရမ်းသီး' နှင့်တွေ့မည့်ကိစ္စကို ထည့်မပြောတော့ပါ။

ရေချိုးခြင်းတောင်းအပြည့်ဝယ်ပြီး ပြန်လာသော အဒေါ်ကို 'သီဟ' က ဝမ်းသာအားရပြေးကြိုပြီး လက်ဆွဲ၍ ခေါ်ခဲ့သည်။

'ဒေါ်မြတ်မွန်ခင်'၏ မျက်နှာမှာ ကျေနပ်ပျော်ရွှင်နေမှန်း သိ



Scanned by CamScanner

သာလွန်းသည်။ ညှော်ခန်းထဲရောက်သည်နှင့် အခေါင်ကိုထိုင်ခိုင်းပြီး 'သိဟ' က ကြမ်းပြင်တွင် ဆောင့်ကြောင့်ထိုင်၊ လက်အုပ်ချီ၍ ကန်တော့ရင်း ငိုပါတော့သည်။

"မငိုပါနဲ့. သားငယ်ရယ်… ပြန်တွေ့ကြပြီပဲ"

"ကျွန်တော်တို့ မိုက်ခဲ့သမျှ ခွင့်လွှတ်ပါ 'အန်တီလေး' ရယ်.."

"မင်းတို့အပေါ် ဘယ်တုန်းကမှ စိတ်မှမဆိုးခဲ့ဖူးတာကွယ်… အပြစ်လို့လည်း မမြင်ခဲ့ပါဘူး"

ပစ္စည်းခိုးသည့်ကိစ္စများ၊ သားအမိသုံးယောက်က 'ဦးကျော်တင့်' ကိုပင် ဖွင့်မပြောသဖြင့် ပတ်ဝန်းကျင်လည်း မသိခဲ့ပါ။ 'မရမ်းသီး' တို့လည်းမသိခဲ့ပါ။ တူလေးများ ဂုဏ်ငယ်၍ လူအထင်သေးမည့်ကိစ္စကို မသိစေချင်ပါ။

'မရမ်းသီး' ကလည်း ကြဲ့ကြဲ့လေးဝင်ထိုင်ပြီး …

"'မေဖုန်း'ကိုလည်း ခွင့်လွှတ်ပါနော် ဆရာမ… ငယ်ငယ်တုန်းက သူတို့ကို အနိုင်ယူချင်တာတစ်ခုနဲ့ ရန်လိုရင်း ဆရာမကို စော်ကားမိခဲ့ပါတယ်… တကယ်တမ်း 'မေဖုန်း' ရင်ထဲက ဆိုးချင်လို့ မဟုတ်ပါဘူး… သူတို့တွေပြောင်းသွားပြီးတော့ ဆယ်တန်းအောင်ပြီးတော့ 'မေဖုန်း' ပြန်တွေးတိုင်း ရက်စိတ်… အားနာစိတ်… သတိရတဲ့စိတ်တွေ ဖြစ်ခဲ့ရပါတယ် … 'မေဖုန်း' မှာ အပြစ်ရှိခဲ့လို့ ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်ဆရာမ"

'မေဖုန်းနွယ်' က ရှိသေစွာထိုင်ကန်တော့နေသဖြင့် …

"ကလေးဘဝမှာ ဆိုးမိုက်ခဲ့တာ မဆန်းပါဘူးလေ… အသိတရားရလာတဲ့အချိန်ကြရင်သာ အဖြူအမဲခွဲခြားတတ်ဖို့လိုတာလေ… တို့ရဲ့တူ၊ တူမတွေ ခုလို ပညာတတ်ကြီးတွေဖြစ်ပြီး အလုပ်ကိုယ်စီနဲ့ တိုင်းပြည်တာဝန်ထမ်းဆောင်နေကြရတာကို မြင်တော့ ဘယ်လိုဝမ်းသာကြည်နူးမိမှန်းတောင် မသိတော့ပါဘူးကွယ်…"





ထမင်းစားသောက်ပြီးနောက် …

"ကိုကြီး မင်္ဂလာဆောင်ကြရင် 'အန်တီလေး' လိုက်ခဲ့မှာ မဟုတ်လား"

"ခွင့်ရရင်လိုက်တာပေါ့လေ"

'မေဖုန်းနွယ်' ကိုလည်း အတင်းခေါ်နေသဖြင့် …

"ဆရာမသွားရင်း ငါလည်းလိုက်ခဲ့ပါမယ်… အဖေါ်ရှိနေပြီပဲ… 'နု' ကလည်း အတင်းခေါ်နေတာ… ခရီးစရိတ်တောင် ထုတ်ပေးအုန်းမှာတဲ့… 'ဘူးသီး' ကိုလည်းခေါ်ထားတယ်"

"ငါတို့ဒီမှာ ဆုံနေကြတာသိရင် 'ဘူးသီး' လည်းရအောင်လာမှာပဲ ထင်တယ်"

"အင်း… ညကြမှ ဖုန်းဆက်ပေးလိုက်အုံးမယ်"

ဆက်သွယ်ရေး အဆင်ပြေသဖြင့် ပြည်နယ်တွေ၊ မြို့တွေ အသီးသီးရောက်နေကြသော်လည်း ဝေးလံသော နေရာရောက်နေကြသော်လည်း စကားပြောခွင့် ဆွေးနွေးခွင့်တွေ လျှင်မြန်စွာရရှိပြီး ကျေနပ်နေကြတော့သည်။

'နှင်း' အုံ့ညြသွားသည်။

မျှော်လင့်ထားသူက 'မရမ်းသီး'။

ယခု 'သီဟ' နှင့်အတူ ဘူတာရုံတွင် လာကြိုနေသူက 'ဘူးသီး' ဖြစ်နေသောကြောင့်ဖြစ်သည်။ ငယ်ငယ်ထဲက 'ဘူးသီး' က ဘာပြဿနာမှမရှိလှသူ။

ယခုလည်း ပြုံးစေ့စေ့နှင့်ကြည့်နေသဖြင့် ...

"ဟား... ငယ်ငယ်တုန်းက ရဝပုပု ဗိုက်ပူပူလေးမို့ 'ဘူးသီး' လို့ခေါ်တာ... အခုတော့ ဗိုက်မပူတော့ပါလားဟာ... နှင်းကြည့်ရတာ ဂျပန်မလေးကြနေတာပဲ"

"ကိုကြီးဟိုတစ်ယောက်ကိုမြင်ရင် ပိုအံ့ညြသွားမယ်... ကိုယ်လုံးကို ပျံနေတာပဲ... ဂစ်တာကြနေတာပဲ... ဆင်ဖင်လိပ်ခါးမဟုတ်တော့ဘူး"

'နှင်း' တကယ်ရင်ခုန်သွားပါသည်။ ငယ်ငယ်က သူမနှင့် မိမိတွေ့လိုက်သည်နှင့် ဦးသူက ပညာပြသွားစပြံ၊ ယခုတွေးကြည့်



တော့ ရက်မိပါသည်။ မိမိက ယောကျ်ားလေးဖြစ်ပြီး စိတ်ခါတ်အောက်တန်းကျခဲ့သည် မဟုတ်လား။

'မေဖုန်း' လည်း တွေ့ရမည့်အရေး ရက်နေပါသည်။

အပျိုပေါက်တစ်ယောက်ဖြစ်လျက် မိမိဂါဝန်ကြီးလန်ပြီး ခေါင်းမှာ အုပ်နေတုန်းက သူတို့ ဟားတိုက်ရယ်မောနောက်ပြောင်ခဲ့ကြသည်။ မညှာမတာ ဝေဖန်ခဲ့ကြသည်။

'နှင်း' ကဆိုလျှင် ရုပ်ကလေးချောသလောက် အလွန်မိုက်ရိုင်းသူ။ အထူးသဖြင့် မိန်းကလေးအားလုံးထဲတွင် မိမိကိုအနှိမ်ဆုံး၊ အစော်ကားဆုံး၊ အရက်စက်ဆုံး။

ထုတ်စီးတိုးတုန်းက မိမိကိုပြောင်လိမ်သဖြင့် အကျီစုတ်ပြဲသည်အထိ အမိဖမ်းခဲ့သည်။ ထိုစဉ်က သူလက်သဲနှင့်ကုတ်မိသည့်ခြစ်ရာသည် ယခုတိုင် အဝင်းဖြစ်၍ ကျန်နေခဲ့သည်။ အသားပါအောင်ကို ခြစ်သွားမိခဲ့ခြင်းဖြစ်သည်။

မည်သူမျှ မသိသော်လည်း 'မေဖုန်း' ကား နေ့စဉ် သတိရမိပါသည်။ ရေချိုးပြီး သနပ်ခါးလိမ်းတိုင်း ထိုဒဏ်ရာဟောင်းကို မြင်မိသောကြောင့်ဖြစ်သည်။

ငယ်ငယ်တုန်းက ဤဒဏ်ရာမြင်လျှင် 'နှင်း' ကို အမျိုးမျိုးကျိန်တွယ်မိခဲ့သော်လည်း တဖြေးဖြေးလူကြီးစိတ်ဝင်လာသောအခါ ကိုယ်မကောင်းလို့ သူပြန်မကောင်းတာပဲဟု တွေးပြီး ငယ်ငယ်က ဆော့ခဲ့၊ ကစားခဲ့၊ ရန်ဖြစ်ခဲ့၊ အကျင့်ယုတ်ခဲ့တာတွေကို ပြန်တွေးမိပြီး ပြုံးမိစမြဲ။

ယနေ့ညနေ ဆရာမကြီးအိမ်တွင် သူတို့စောင့်နေကြမည်။ နက်ဖြန်စနေနေ့ အားလုံး ဆရာမကြီးအိမ်တွင် အိပ်ကြမည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

BookSharing

Scanned by CamScanner

"'နွယ်' လား"

"ဟုတ်ကဲ့ 'မမသွယ်'"

"နင့်လူ ရန်ကုန်မှာရှိလား"

"ဟင်... ဘာကိုမေးတာလဲဟင်"

"'နန္ဒ' ရန်ကုန်မှာရှိလားလို့"

"ဟင့်အင်း... မော်လမြိုင်သွားတယ်"

"ဟင်... ငါကမန္တလေးမှာတွေ့လိုက်လို့ မန္တလေးများလာသလားလို့မေးတာ... ဘယ်နှယ့် မော်လမြိုင်သွားပြီး မန္တလေးရောက်နေရတာတဲ့လဲ"

"'မမသွယ်' များ လူမှားသလားမှ မသိတာ"

"ဟာ... လူမှားစရာလား ... ဒီကောင့်ပုံစံက လူတွေတပုံကြီးကြားမှာ အရပ်မြင့်မြင့်နဲ့ စတိုင်ထုတ်နေတဲ့ဟာ... ကိုယ့်ညီမနဲ့ယူမယ့်လူ... ကိုယ်အမြင်ကပ်တဲ့လူ... ဘာမှလူမှားစရာမလိုဘူး... ငါ့မျက်လုံးနဲ့ကိုတွေ့တာ... ဘူတာမှာ ကောင်လေးတစ်ယောက်နဲ့



ကောင်မလေးတစ်ယောက်က လာကြိုသွားတယ်"

"ဟုတ်လား"

'နွယ်' အသံက စိတ်ဆင်းရဲသွားမှန်း သိသာပါသည်။

"နင် ဘာမှစိတ်ဆင်းရဲမနေနဲ့... မယူခင်က ဒီကောင့်အကြောင်း များများပိုသိလေ ကောင်းလေပဲ... နောက်ဆုတ်စရာရှိဆုတ်လို့ရတယ်သိလား"

သူ့ချစ်သူမှ မဟုတ်ဘဲလေ၊ 'နွယ်' ရင်ထဲမှာ မီးလောင်နေပါပြီ မောင်ရယ်။

'မမသွယ်' ကိုလည်း ယုံရသည်မဟုတ်။ တမင်ညာပြောမှာလည်းကြောက်ရသည်။ ထို့ကြောင့် ကိုယ့်ကိစ္စ ကိုယ်တိုင်သိအောင် စုံစမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

အကြံရသွားသည်။ သူနေခဲ့သည့်လမ်းထဲရှိ 'ကြီးကြီးအုံး' နှင့် 'ကိုအောင်ခိုင်' တို့အိမ်သွားစုံစမ်းလျှင် နည်းနည်းတော့ သိရမှာသေချာသည်။

ငွေတစ်သောင်း လျှုထားသဖြင့် 'ကြီးကြီးအုံး' ဆီက သိချင်တာတွေသိရပါသည်။

"ပညာတော်တာနဲ့ ရုပ်ချောတာပဲရှိတယ်.... အကျင့်ကတော့ သိပ်အကောင်းကြီးထဲက မဟုတ်ဘူးကွယ်... ခုတစ်မျိုး တော်ကြာတစ်မျိုး ပြောတတ် လုပ်တတ်တယ်... ရိုင်းလည်းရိုင်းတယ်... သူ့အဒေါ်ဆို သူတို့သားအမိတွေနိပ်စက်လွန်းလို့ ဘာပစ္စည်းမှကို မယူပဲပြောင်း သွားခဲ့ရတာ... အမေမွေးကြော်ပေးတိုင်း ကလေးတွေက လျှောက်လုပ်တာ အဒေါ်ခမြာ သူတို့ကို ချစ်ရှာလွန်းလို့ အတော်သည်းခံပြီး နေတာ... 'နန္ဒ' တို့အမေက တော်တော်စိတ်ပုပ်ရှိတာကွဲ... မြတ်မွန်ခင်' ရတ်တရက် နှုတ်မဆက်ဘဲ ထွက်သွားတော့မှ ဘေးအိမ်တွေဆီက သိရတာလေ... မနေနိုင်အောင်

လုပ်လွှတ်လိုက်တယ်ဆိုတာ ငွေရေးကြေးရေးလည်း ချေးပြီးရင် ပြန်မပေးတတ်ဘူးဆိုတာ 'နွယ်' အသိပဲလေ... 'ကြီးကြီးအုံး' စေတနာနဲ့ အကြံပေးမယ်ကွယ်... ခုမှ ဖိတ်စာအပ်ထားတုန်း မဟုတ်လား... ဖိတ်စာရင်လည်း ကိုယ်ဝေမှ ဖြစ်တာပဲ... မဟုတ်ဘူးလား... ခုလိုလိုက်စုံစမ်းတာ သိပ်ကောင်းတာပေါ့... ဆင်ခြင်လို့ရတာပေါ့"

'ကြီးကြီးအုန်း' ထံမှ ကြားရသမျှ စိတ်မချမ်းသာရပါ။ သို့သော် 'နွယ်' သူ့ကို လုံးဝ မမေ့နိုင်ပါ၊ မပြတ်နိုင်ပါ၊ ဖြစ်ချင်ရာဖြစ် သူ့ကိုလက်ထပ်မည်။

"ဟော... 'နွယ်' ပါလား... 'နန္ဒ' ရော... 'မုန်လာဥ' တို့အိမ်သွားတာလား"

ပြန်တော့မည်ဟု ဆုံးဖြတ်ကာမှ 'ကိုအောင်ကို' ကဆိုင်ထဲဝင်လာသဖြင့် မထူးပါဘူးလေ မေးစရာရှိတာ မေးလိုက်ပါသည်။

"ခုချိန်မှတော့ စုံစမ်းမနေပါနဲ့တော့ဗျာ... ယူဖို့လည်းဆုံးဖြတ်ပြီးပြီ... ဖိတ်စာလည်း ရိုက်နေပြီ... နှစ်ဖက်လူကြီးတွေလည်း မင်္ဂလာပွဲအတွက် စီစဉ်နေကြပြီ... ပျက်သွားရင် အားလုံးစိတ်ဆင်းရဲတာထက် 'နွယ်' ပဲ ပိုစိတ်ဆင်းရဲရမယ်... ပိုခံစားရမယ်လေ... ငယ်ငယ်တုန်းက ကလေးမို့ဆိုးခဲ့တာပါ... ရည်းစားထားသလား ပွေသလားဆိုတာကတော့ ဒီကောင်တွေ ဆယ်တန်းဖြေတဲ့နှစ်မှာ ပြောင်းသွားတာဆိုတော့ နောက်ပိုင်းကိစ္စမသိတာအမှန်ပဲ"

"နင်လာတာနဲ့အတော်ပဲ 'အောင်ကို'... 'နွယ်' က 'နန္ဒ' မော်လမြိုင်သွားတာလား... မန္တလေးသွားတာလားဆိုတာ သိချင်တာတဲ့... 'မုန်လာဥ' ဆီမှာ စုံစမ်းရင်သိနိုင်မှာ အသေအချာပဲ"

"ဒါဆိုစောင့်နေလေ... ဒါမှမဟုတ် လိုက်ခဲ့မလား... သွားမေးရအောင်"





"ဟင့်အင်း... 'နွယ်' ဖုန်းနံပါတ်ပေးခဲ့မယ်... စုံစမ်းပြီးရင် 'နွယ့်' ဆီ ဖုန်းဆက်နော်... 'နွယ်' နဲ့တွေ့မှပြောနော်"

"စိတ်ချပါ"

'နွယ်' ကားကိုယ်တိုင်မောင်းပြီး ထွက်သွားသည်ကိုကြည့်ပြီး 'ကြီးကြီးအုံး' က မဲ့မဲ့ရွဲ့ရွဲ့ပြောပါတော့သည်။

"'နန္ဒ' လိုကောင်းမျိုးယူလို့ကတော့ ဒူးနဲ့မျက်ရည်သုတ်ရပြီသာမှတ်"

♥ ပြီး ♥ ပါ ♥



၁၃

'ဒေါ်မြတ်မွန်ခင်' အံ့သြရပြန်ပြီ။ မျက်ရည်တွေဝဲရပြန်ပြီ။

"သားကြီးပါလား"

" 'အန်တီလေး' ကျွန်တော့်ကို ခွင့်လွှတ်ပါနော်"

'နန္ဒ' က အဒေါ်၏ ခြေအစုံတွင် နဖူးတိုက်ကန်တော့၍ တောင်းပန်နေခြင်းဖြစ်သည်။

"ခိုးချင်လို့မှ မဟုတ်တာကွယ်... မိခင်လုပ်တဲ့လူတွေ ငွေကြပ်လို့ အကူအညီပေးခဲ့တာပဲ... ကလေးအရွယ်ဆိုတော့ မှားတယ် မှန်တယ် မပိုင်းခြားတတ်သေးဘူးလေ"

"ထားခဲ့တဲ့ ရွှေတွေလည်း ကျွန်တော်တို့ကျောင်းစရိတ်တွေနဲ့ ကုန်သွားတာပါပဲ"

"အဲဒီအတွက်ပဲ ရည်မှန်းပြီး ထားခဲ့ပေးတာပါပဲကွယ်... ခုလို





မင်းတို့ ပညာတတ်ကြီးတွေဖြစ်လာတာ မမြင်ရတော့ 'အန်တီလေး' တောင်းတဲ့ဆုနဲ့ ပြည့်သွားတာပေါ့"

"ကိုကြီးဆယ်တန်းတစ်နှစ် ကျသွားသေးတယ် 'အန်တီလေး' ရဲ့... 'အန်တီလေး' အိမ်က ထွက်သွားပြီး စိတ်ဆင်းရဲတာလည်း ပါတယ်... မေမေ့ကိုလည်း ကိုကြီးက အပြစ်တင်လို့ မဆုံးတော့ဘူး"

"အင်း... သူ့စိတ်ရင်းကတော့ သည်လောက်ဆိုးမယ် မထင်ပါဘူး... ဘေးပတ်ဝန်းကျင်က အမျိုးသမီးတွေက 'အန်တီလေး' နဲ့ ရွယ်တူတွေဆိုတော့ 'အန်တီလေး' အောင်မြင်တာကို မနာလိုကြဘူး... လူလေးစားတာကို မရှုစိမ့်ကြဘူး... သူတို့ယောကျ်ားတွေက 'အန်တီလေး' ကို ချီးကျူးရင် မကြိုက်ကြဘူး... အကြောင်းရင်းက ဒါပါပဲလေ... သားကြီးပင်ပန်းလာတယ်မဟုတ်လား... ရေမိုးချိုး ထမင်းစားပြီး အနားယူလိုက်ဦး"

'နန္ဒ' အနားမယူနိုင်ပါ။ 'မေဖုန်း' ၏ အဆောင်သို့ သွားလိုလှပြီ။ ပြန်လာမှ ထမင်းစားမည်ဟု မှာခဲ့ပြီး။ 'မေဖုန်း' တည်းခိုရာဆီသို့ ထွက်ခဲ့ကြသည်။ 'သီဟ' နှင့် 'ဘူးသီး' ကို လမ်းထိပ်တွင် ထားခဲ့ပြီး 'နန္ဒ' တစ်ယောက်တည်း ဧည့်ခန်းတွင် ထိုင်စောင့်နေပါသည်။ 'မေဖုန်း' ၏ ခြေလှမ်းများ ပျက်သွားကြောင့်သိလိုက်ပါသည်။ ယခုလို မိမိတစ်ယောက်တည်း ရောက်လာလိမ့်မည်ဟု သူမ ထင်ထားပုံမရ။

"ဟော့... ငါ့ကိုမှတ်မိလား"

"နောင်ဘဝအထတောင် မှတ်မိတယ်"

"ဟား... ဟား... ဟား အဲသလောက် စွဲလမ်းနေတာပေါ့လေ ဟုတ်လား... တွေးမိတိုင်း ငါ့ကိုမုန်းနေတာမဟုတ်လား"

'နန္ဒ' က ချစ်ခင်နှစ်လိုဖွယ် အပြောတွေ အပြုံးတွေနှင့် ချော့

နေခြင်းဖြစ်သည်။

"ငါငယ်ငယ်က အတော်ဆိုးခဲ့တာပဲနော်... အဲဒီအတွက် ဖြစ်နိုင်ရင် နင့်ကိုထိုင်ကန်တော့ပြီးတောင် တောင်းပန်ချင်နေတာ... နင်ကငါ့ထက် တစ်နှစ်ငယ်နေလို့ 'အန်တီလေး' ကိုတော့ ကန်တော့ခဲ့ပြီးပြီ"

"ငါလည်း ဆရာမကို စော်ကားခဲ့ဘူးလို့ ကန်တော့ခဲ့ပြီးပြီ"

'နှနှ' က 'မေဖုန်း' ကို ပြုံးစေ့စေ့စိုက်ကြည့်ပြီး ...

"နင်က ငယ်ငယ်ကနဲ့ လုံးဝမတူတော့ဘူးနော်... မျက်နှာလည် ပိုလှလာတယ်... ကိုယ်လုံးကလည်း သစ်တုံးကို ခုတ်ထစ်ပြီး ပုံ ဖော်လိုက်သလိုကို လှလာတာပဲ... နင်ရဲ့စိတ်ထားလည်း လုံးဝပြောင်းလွဲသွားတယ်... နတ်ရေကန်ထဲ ချလိုက်သလိုပါပဲလား"

"အချိန်က ဆုံးမပေးလိုက်တာလေ... အရွယ်ရောက်လာတော့ လှချင်လာတယ်... စာတွေဖတ်တတ်လာတော့ လိမ္မာယဉ်ကျေးလာတယ်"

"ရည်းစားလည်း ထားတတ်ပြီလား"

'မေဖုန်း' က မျက်စောင်းထိုးပြီး ...

"နင်သိစရာမလိုပါဘူး"

"ဟာ... သိချင်တာပေါ့... တကယ်ပြောတာ... ငယ်သူငယ်ချင်းတွေကိုတွေ့ချင်တယ်... ဒါကြောင့် တမင်ကို လိုက်တွေ့ခဲ့တာအော်... ဒါနဲ့ နင့်ကိုပြောစရာရှိတယ်ဟ... 'သီဟ' နဲ့ 'ဘူးသီး' မရှိတုန်းပြောထားရအုန်းမယ်"

"ဘာများတုံး"

"ငါရန်ကုန်ကကြားခဲ့တယ်နော်... 'ဘူးသီး' နဲ့ 'မုန်လာဥ' ရည်းစားဖြစ်ခဲ့ကြသေးတယ်ဆို"

"ခဏပါ... စိတ်ကစားတဲ့အရွယ်တွေတုန်း အနေနီးပြီး





သံယောဇဉ် တွယ်တဲ့သဘောလောက်ပါပဲ... နောက်ပိုင်းလူခြင်းကွဲသွားတော့လည်း ပြတ်သွားကြတာပဲပေါ့"

"'ဝေလင်း' က အခုပြန်ကပ်နေတယ်လို့ကြားတယ်... အလုပ်ကိစ္စအကြောင်းပြပြီး 'ဘူးသီး' ရှိတဲ့မြို့ကိုတောင် လိုက်သွားတယ်လို့ ကြားတယ်"

"'ဘူးသီး' ရှိလို့ သွားတာတော့မဟုတ်ဘူးလေ... 'မုန်လာဥ' က စီးပွားရေးကိစ္စနဲ့ အဲဒီဘက်တွေ အရင်ထဲက ခရီးထွက်ထွက်နေတာ... 'ဘူးသီး' နဲ့ မမျှော်လင့်ဘဲ သွားဆုံတာပါ"

"ဘာပဲဖြစ်ဖြစ် သူတို့နှစ်ယောက်က လုံးဝပြန်မဆုံသင့်တော့တဲ့သူတွေဖြစ်နေကြပြီ... ရည်းစားဟောင်းတွေဆိုတော့ အနေနီးရင် အချိန်မရွေး ပြန်ညိသွားနိုင်တယ်လေ... ငါသဘောပြောရရင်တော့ 'သီဟ' နဲ့ပေးစားရင်ကောင်းမလားလို့"

"အို... 'သီဟ' ကလည်း ဘွဲ့ရပြီးသား... အလုပ်နဲ့အကိုင်နဲ့ ရှိပြီးသား ဖြစ်နေမှာပေါ့"

"ဟာ... မရှိတာ သေချာတယ်... ငါတို့ချင်း အမြဲအဆက်အသွယ်ရှိနေတာပဲ... လိုက်ပိုးနေတာပဲရှိသေးတယ်... တိတိကျကျ မရှိသေးဘူး... မိန်းကလေးတွေက ချစ်သူဖြစ်သွားတာနဲ့ လက်ထပ်ဖို့ ပူဆာလွန်းလို့ ချစ်သူကို မထားသေးတာတဲ့"

"အမယ်လေး... ဒီလိုစိတ်ထားမျိုးရှိတဲ့ လူမျိုးကို ယုံးစားလို့ ဖြစ်မှာတဲ့လား... မိန်းကလေးတွေကို စော်ကားလိုက်တာ"

"သေချာပြန်တွေးကြည့်ရင် ဒီလိုလူမျိုးက ယူပြီးရင်စိတ်ချရမှာသေချာတယ်... ပွေမယ့်ပုံမပေါ်ဘူး"

'မရမ်းသီး' က မချိုမချဉ်အပြုံးဖြင့် 'နှနှ' ကို စိုက်ကြည့်ရင်း

"နင်ကလိပ်မျိုးပဲ... ကိုယ့်ညီဘက်ကိုယ်ယက်နေတာကို... 'သီဟ' ကိုအပြတ်ထောက်ခံပေးနေတဲ့ ကိုကြီးကရော ညီလိုပဲ စိတ်



Scanned by CamScanner

ချရလို့လား"

"ဟား... ဒါနင်ပူစရာမလိုဘူးလေ... ငါ့ကိုယူမယ့် 'နွယ်' ပူရမှာ... 'သီဟ' ဝါဒကို ငါလက်ခံတယ်ဟာသိလား... ရည်းစားမဖြစ်ခင်က ပိုးရတာအရသာရှိသလောက် ရည်းစားဖြစ်ပြီးတာနဲ့ 'နွယ်' က ငါ့ကို ကြိုးနဲ့တုတ်သလို တုတ်တော့တာ... ကျောင်းချိန် အဆောင်မှာနေတဲ့အချိန်ကလွဲရင် ငါ့ကို သူလွယ်အိတ်ထဲမှာ ထည့်လွယ်ထားချင်တာ... ကောင်မလေးတွေနဲ့ ရင်းရင်းနှီးနှီးနေရင် မကြိုက်ဘူး... နေ့တိုင်းတွေနေကျဖြစ်ပါလျက် စနေ၊ တနင်္ဂနွေလည်း တွေ့ချင်တယ်ဆိုလို့ အခစားဝင်ရပြန်ရော... ကြာတော့ ပြောစရာစကားတောင်ဘာမရှိတော့လို့ ဒီတိုင်းထိုင်နေရတာ... နယ်ကိုအလုပ်နဲ့ ပြောင်းသွားရတော့မှပဲ... နည်းနည်းသက်သာသွားတာ... ဒါတောင် တစ်ပတ်တစ်ခါ စာရေးရမယ်ဆိုလို့ ရေးရသေးတယ်... တယ်လီဖုန်းလည်း နေ့တိုင်းဆက်ရတယ်"

"နင်ကလည်းဟယ်... ဒါအပြစ်မှမဟုတ်တာ... သိပ်ချစ်လို့ ဖြစ်မှာပေါ့... အခုနင်ပြောတဲ့စကားတွေသာ သူကြားရရင် အရပ်းဝမ်းနည်းသွားမှာပဲ... တကယ်ချစ်တဲ့သူတွေဟာ ကိုယ့်ချစ်သူကို အပျောက်မခံနိုင်တာ ထုံးစံပဲလေ"

"နင်က ချစ်ဖူးလို့လား... ခံစားဖူးလို့လား"

"မြင်နေ တွေ့နေ ကြားနေရတာပဲဟာ"

"နင် တကယ်ရည်းစား မထားဘူးသေးဘူးလား"

"ဟင့်အင်း..."

"မဖြစ်နိုင်ပါဘူး... များလွန်းလို့ ရွေးနေတာလား"

"အပျိုပဲ ကြိုက်တဲ့သူတွေတော့ ရှိတော့ပေါ့... ဒါပေမယ့် နင်တို့လို ယောကျ်ားမျိုးနဲ့ တွေ့မှာစိုးလို့"

"ယူပြီးတော့ မပွေ့ရင်ပြီးတာဘဲ... 'မှန်လာဥ' လိုကောင်ကြ



တော့ လူကြည့်တော့ အေးပုံအေးလက် ရိုးပုံရိုးလက်နဲ့ 'ဘူးသီး' ကို တကယ်ချစ်ရင် 'အာလူး' ကိုမယူနဲ့ပေါ့... အစွဲ့တိုက်ချင်တာတစ်ခုနဲ့ ထင်ရာလျှောက်လုပ်တယ်... နင်ဘယ်လိုသဘောရလည်း 'သီဟ' နဲ့ 'ဘူးသီး' ကို သဘောတူလား"

"ကာယကံရှင်တွေနဲ့ပဲ ဆိုင်တာလေဟယ်... သူတို့ကိုမေးကြည့်ပေါ့"

"ကဲ... ဒါဆိုသွားကြစို့"

လမ်းထိပ်ရှိ တယ်လီဖုန်းရုံတွင် 'သီဟ' နှင့် 'ဘူးသီး' တို့ ဖုန်းဆက်နေကြသဖြင့် ရပ်စောင့်နေကြသည်။

"ကိုကြီးတို့ ဖုန်းပြောအုံးမလား... 'ဝေလင်း' ဆီဆက်နေတာ"

"ဟုတ်လား... ပြောမယ်... ပြောမယ်"

တယ်လီဖုန်းရုံသေးသေးလေးထဲ လေးယောက်ပြုပြီး ပြောနေကြခြင်းဖြစ်သည်။

"'ဝေလင်း' လား... 'နန္ဒ' ပါ ငါတို့ညီအစ်ကိုနဲ့ သူတို့ညီအစ်မတော့ ဒီမှာလာဆုံနေကြပြီကွ... 'သီဟ' နဲ့ 'ဘူးသီး' ကိုပေးစားဖို့ တိုင်ပင်နေကြတာလေ... ငါတောင် 'နွယ်' နဲ့သေချာသွားလို့ 'မရမ်းသီး' နဲ့သာ တောစောပြန်တွေ့ရင် 'နွယ်' ကျန်ရစ်ဖြစ်မှာပဲ ... အခု 'မရမ်းသီး' ကအရမ်းချောနေတာ... ငယ်ငယ်ကနဲ့ တခြားစီပဲ သိလား"

"ဟာ ... 'နန္ဒ' နင်ဘာတွေ လျှောက်ပြောနေတာလဲ... သူတို့အဟုဘ်ထင်ကုန်လိမ့်မယ်... ကဲပေါက်ကရတွေ ပြောအုန်း... ပြောအုန်း"

'မေဖုန်း' ထုရိုက်နေသဖြင့် 'နန္ဒ' က အူမြူးပြီး တဟားဟားရယ်မောနေသံကို 'ဝေလင်း' အတိုင်းသားကြားနေရပါသည်။ 'နန္ဒ' တို့ ငယ်ပေါင်းတွေတွေ့ပြီး အပျော်လွန်နေကြောင်း ရိပ်မိပါသည်။



Book Sharing

Scanned by CamScanner

ပြီးတော့ မိမိနှင့် 'ဘူးသီး' ပြန်မချိတ်မိအောင် ကြိုးစားနေကြကြောင်းလည်း ရိပ်မိပါသည်။

ရင်ထဲတွင် ဆွေးမြေ့သလို ခံစားလိုက်ရသလို 'ဘူးသီး' ကို မိမိ မပိုင်ဆိုင်သင့်ကြောင်း၊ မပိုင်ဆိုင်နိုင်တော့ကြောင်း နဂိုထဲက သိပြီးသားပါ။ မိမိကြောင့် 'ဘူးသီး' ၏ဘဝ မျှော်လင့်ချက်မကင်းမဲ့စေချင်ပါ။ အဖော်မမဲ့စေချင်ပါ။

စိတ်၏ ထွက်ပေါက်အနေဖြင့် အိမ်ထဲမှထွက်ခဲ့မိသည်။ 'အောင်ကို' ထံလာခဲ့ခြင်းဖြစ်သည်။ 'နန္ဒ' နှင့်ဆက်သွယ်လိုကြောင်း လာပြောထားသဖြင့် 'နန္ဒ' ရှိသည့်နေရာကို ပြောပြရန်လာခဲ့ခြင်းဖြစ်သည်။

"ကျေးဇူးပဲ 'ဝေလင်း' "

'အောင်ကို' က ရရှိသော တယ်လီဖုန်းနံပါတ်ကို လက်ဝါးတွင် သေချာရေးပြီး လမ်းထိပ်သို့ ထွက်ခဲ့သည်။ 'နွယ်' တို့အိမ်ကို ဖုန်းခေါ်ခြင်းဖြစ်သည်။

" 'မမေဝင်းနွယ်' နဲ့တွေ့ချင်လို့ပါ"

" 'နွယ်' ပြောနေတာပါ"

တကယ်တော့ 'နွယ်' အပြင်ရောက်နေပါသည်။

ယောကျ်ားသံကြားသဖြင့် 'နွယ်' ပုံစံဖြင့် နားထောင်နေခြင်းဖြစ်သည်။

" 'မနွယ်' ကျွန်တော် 'အောင်ကို' ပါ"

"အော်... ဟုတ်ကဲ့ 'ကိုအောင်ကို' ပြောပါ"

" 'မနွယ်' သိချင်လို့ စုံစမ်းခိုင်းထားတဲ့ 'နန္ဒ' ရဲ့ဖုန်းနံပါတ်ကိုသိခဲ့ပြီ"

"အော်... ကျေးဇူးတင်လိုက်တာ 'ကိုအောင်ကို' ရယ်..."

'သွယ်' က ဖုန်းနံပါတ်ရသည်နှင့် ချက်ချင်း ကောက်လှည့်





ပါတော့သည်။

"ဆရာမကြီး 'ဒေါ်မြတ်မွန်ခင်' နဲ့တွေ့ချင်လို့ပါ"

"ခဏကိုင်ထားပါရှင် သွားခေါ်ပေးပါ့မယ်"

ဖုန်းလာသည်ဆို၍ တူ၊ တူမများ စားဖို့၊ သောက်ဖို့၊ အိပ်ဖို့ ပြင်ဆင်ပေးနေသော 'ဒေါ်မြတ်မွန်ခင်' အပြေးလေးရောက်လာပါသည်။

"ဟုတ်ကဲ့... မြတ်မွန်ခင်' ပြောနေပါတယ်"

"ဆရာမကြီးက 'နန္ဒမောင်မောင်' နဲ့ဘယ်လိုတော်စပ်တာလဲ မသိဘူးရှင့်"

"အဒေါ်ပါ အခုဘယ်ကဆက်နေတာလဲ"

"ရန်ကုန်ကပါ... 'နန္ဒ' ရှိပါသလား"

" 'နန္ဒ' တို့တတွေ မြို့ထဲသွားကြတယ်ကွဲ့... အခုစကားပြောတာ ဘယ်သူလဲကွယ်"

" 'နွယ်' လို့ခေါ်တဲ့ 'မေဝင်းနွယ်' ပါ... 'နန္ဒ' နဲ့ လက်ထပ်ဖို့ လက်ခံထားတဲ့ကိစ္စကို ဖျက်ချင်လို့ပါ"

"အို... ဘာဖြစ်လို့လဲကွယ်... ဖိတ်စာတောင်ရိုက်နေပြီဆို... အန်တီတို့တတွေကိုတောင် ရန်ကုန်ကိုလိုက်ခဲ့ဖို့ ခေါ်ထားသေးတယ်"

"သူ့ကို စိတ်ပျက်လွန်းလို့ပါ ဆရာမ... တစ်သက်လုံးအတူတူနေရမယ့် ဇနီးလောင်းကို လိမ်ညာတာတွေများနေပါပြီ... သူ့အရင်က ဘာဖြစ်ခဲ့ဖြစ်ခဲ့ 'နွယ်' ခွင့်လွှတ်နိုင်ပါတယ်... ဒါပေမယ့် 'နွယ်' နဲ့ယူခါနီးရက်ပိုင်း အလိုမှာတောင် 'နွယ့်' ကိုညာရက်တယ်... ခရီးထွက်မယ်ဆိုတာတောင် ပြောမသွားဘူး... ပြီးတော့ မော်လမြိုင်သွားမယ်ဆိုပြီး သူ့ငယ်ရည်းစားတွေနဲ့တွေ့ချင်လို့ တခြားကိုလစ်ထွက်သွားတာ မသိဘူးမှတ်နေလားလို့ ပြောပေးစမ်းပါ"



Scanned by CamScanner

"ငယ်သူငယ်ချင်းတွေပါကွယ်… တလွဲမထင်ပါနဲ့… သူပြန်လာရင်ဖုန်းဆက်ခိုင်းလိုက်မယ်လေ"

"မဆက်ခိုင်းနဲ့. 'နွယ်' တို့တစ်အိမ်လုံးက သူ့အကျင့်စရိုက်ကိုရော… သူ့အသိုင်းအဝိုင်းကိုရော မကြိုက်လို့ သိပ်ဖေးစားချင်ကြတာမဟုတ်ဘူး… ဖိတ်စာမဝေဖြစ်တော့ဘူးလို့ပဲ ပြောပေးပါ"

တဖက်က ဖုန်းချသွားပြီဖြစ်၍ 'ဒေါ်မြတ်မွန်ခင်' ငိုင်ပြီး ကျန်ရစ်ခဲ့ပါသည်။

တူတွေကို သားအရင်းလိုချစ်ခဲ့သူမို့ ယခုလိုမင်္ဂလာပွဲပျက်သွားသည်ကို မထင်မှတ်ဘဲ သိလိုက်ရသောအခါ စောစောက ပျော်နေသမျှတွေ ပျောက်ပျက်သွားတော့သည်။

သားကြီးသိရလျှင် မည်မျှစိတ်ဆင်းရဲသွားမည်နည်း။ ပြီးတော့ 'မေဖုန်း' တို့ ညီအစ်မတွေကိုလည်း မသိစေချင်ပါ။ သူတို့လေးတွေပျော်နေကြတာကို မိမိပင်ကြည့်၍မဝသေးပါ။ မပြောလို့ကလည်း မဖြစ်။ ပြောမှ 'နွယ်' ထံ ဖုန်းဆက်တောင်းပန်း၍ရမည်မဟုတ်လား။ ချော့လိုက်လျှင် ကျေနပ်သွားနိုင်ပါသည်။

ကလေးတွေထမင်းစားပြီးချိန်အထိ သည်းခံစောင့်နေရသည်။ ပျော်ပျော်ပါးပါး နောက်ပြောင်ကျီစယ် စားသောက်နေကြသည်ကိုကြည့်ပြီး ရင်ထဲက ဝေဒနာပင် မေ့သလိုဖြစ်သွားခဲ့သည်။

" 'အန်တီလေး' ဟင်းတွေက စားကောင်းလွန်းလို့ စားပိုးတောင် နှင့်ချင်လာပြီ… ဒါပေမယ့် 'အန်တီလေး' ကျတော့ ထမင်းစားတာ စားမကောင်းသလိုပဲ"

"မင်းတို့စားတာကိုကြည့်ပြီး အလိုလိုဝနေလို့ပါကွယ်"



၁၄

အပြင်ကပြန်လာသည်နှင့် 'နွယ်' ကမေးသည်။

"မေမေ 'နွယ့်' ဆီဖုန်းလာသေးလားဟင်"

မိခင်ကြီးက မသာယာသော မျက်နှာဖြင့် ခေါင်းခါပြပါသည်။ 'နွယ်' သိလိုက်ပါပြီ။ မလိတ်တတ်၊ မညာတတ်သော မိခင်ကြီးခမြာ အကြောင်းတစ်ခုခုကြောင့် လိမ်လိုက်ပြီဆိုတာ။

ဟုတ်ပါသည်။ 'သွယ်' ပြောပြသဖြင့် 'နနွ' ၏ မတည်ငြိမ်သောစိတ်ခါတ်၊ လိမ်ညာတတ်သောအကျင့်၊ မယူခင်ကပင်လျှင် သမီးငယ်ကို တန်ဖိုးမထားဘဲရေ့တွင်တစ်မျိုး ကွယ်ရာတစ်မျိုး လုပ်တတ်သော အကျင့်များကို သိရလေသောအခါ နောင်ရေးအတွက် စိတ်မအေးတော့သဖြင့် 'သွယ်' ဘက်ကိုပါသွားခဲ့ပြီးဖြစ်သည်။

'နွယ်' ဂဏာမငြိမ်တော့ပါ။ မိုးချုပ်နေပြီဖြစ်၍ အပြင်ကို

ထက်ထွက်ခွင့်ရတော့မည်မဟုတ်။ 'ကိုအောင်ကို' ဆီကို ဖုန်းဆက်ချင်သော်လည်း 'ကိုအောင်ကို' ထံတွင်ဖုန်းမရှိ။ 'မုန်လာဥ' ဆိုသူထံတွင် ဖုန်းရှိသော်လည်း ဖုန်းနံပါတ်မမှတ်မိ။

ဒီတစ်ညတော့ 'နွယ်' ဘာမျှထပ်ကြိုးစား၍ မရနိုင်တော့သဖြင့် မျက်ရည်သုတ်ရင်း မိုးလင်းရတော့မည်ဖြစ်သည်။



'ဘူးသီး' တို့ညီအစ်မ အိပ်ရာဝင်လေမှ 'မွန်' တိတ်တဆိတ်ထွက်ခဲ့ပါသည်။ တူနှစ်ယောက်က မအိပ်သေး စကားတွေအားရပါးရပြောနေဆဲ။

"ကျွန်တော်က 'မရမ်းသီး' ကိုချိန်နေတာ... ကိုကြီးလုပ်တာနဲ့ အခက်တွေ့ပြီ"

" 'ဘူးသီး' ကိုမကြိုက်ဘူးလား... 'မရမ်းသီး' ကမင်းထက်တစ်နှစ်ကြီးမယ်ထင်တယ်... ပြီးတော့ သူကနည်းနည်းထန်တယ်... 'ဘူးသီး' ကတော့ ငယ်ငယ်ထဲက အေးတယ်... ပြဿနာမရှိဘူး... ပြီးတော့ 'မုန်လာဥ' က အတင်းကပ်နေလို့ မကြာခင် 'တင်လတ်' နဲ့ ပြဿနာတွေ တက်နိုင်လို့ မင်းနဲ့လော့မိတာပါ... မင်းမကြိုက်ရင်လည်း ဒီကိစ္စကို ဆက်မပြောဘဲ နေလိုက်ရင်ပြီးတာပဲ... ငါကတော့ ငယ်ပေါင်းတွေနဲ့ ပြန်တွေ့ပြီး ပျော်နေသလို မင်းတို့ချင်းလည်း ရစေချင်လို့ပါ... 'မရမ်းသီး' ကို ကြိုက်ရင်လည်း မင်းသဘောပဲလေ"

"ဟာ... ကိုကြီးက 'ဘူးသီး' ရှေ့မှာ ရန်ကုန်ကို ဖုန်းဆက်ပြောလိုက်တော့ ခက်ကုန်တာပေါ့"

"ငါမသိလို့ပါကွာ... မင်းရဲ့အချစ်ရေးကို ငါဝင်နှောင့်ယှက်သလိုဖြစ်သွားရင်တော့ တောင်းပန်ရတော့မှာပဲ"

'သိဟ' က အစ်ကိုဖြစ်သူကို မချိုမချဉ်မျက်နှာဖြင့် လှမ်းကြည့်ရင်း ...

"ကိုကြီးကို မသက်ာဘူး"

"ဟောဗျာ... ဘာကိုမသက်ာတာလဲ"

"'ကိုဝေလင်း' ဆီဖုန်းဆက်တုန်းက ပြောတာလေ... 'မရမ်းသီး' နဲ့သာ စောစောပြန်တွေ့ရင် 'နှယ်' တောင်ကျန်ရစ်ဖြစ်မယ်ဆိုတာလေ... ဒါ 'မရမ်းသီး' ကို သဘောကျ နှစ်ခြိုက်လို့ပြောတဲ့ စကားမဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်... ဒါပေမယ့် မင်းက 'မရမ်းသီး' ကိုစိတ်ဝင်စားတယ်ဆိုတာ ငါသိခဲ့ရင် ဒီစကားမျိုး ဘယ်ပြောပါ့မလဲ... 'ဘူးသီး' နဲ့လည်း ဘယ်လှော်ပါ့မလဲ... ပြီးတော့ အမှန်အတိုင်းပြောရရင် 'ဘူးသီး' ကို မင်းစိတ်ဝင်စားမယ်ထင်လို့ ပြောမိတာ"

"ကျွန်တော် သူများပစ္စည်းကို ငယ်ငယ်ထဲက ဝက်တတ်ယူတတ်ပေမယ့် ခုလိုသူများကြိုက်ပြီးသား သူများနဲ့ချစ်နေတဲ့ မိန်းကလေးမျိုးကိုတော့ အတင်းလုမယူချင်ဘူး... သူက ကိုယ့်ကို ကြိုက်လား မကြိုက်လားမသိဘူးလေ"

"အေးကွာ... ဆောရီးကွာ... မင်းပြောတာမှန်တယ်... မင်းနဲ့ငါက ညီအစ်ကိုအရင်းဖြစ်ပေမယ့် မင်းက ပြောတာဆိုတာ နေတာထိုင်တာ ငါ့ထက်အများကြီး စည်းရှိတယ်... ချီးကျူးပါတယ် ငါ့ညီ ကိုကြီးပါးစပ်သရမ်းခဲ့တဲ့အတွက် ပြန်ပြည်ပေးပါ့မယ်... ငါ့ညီကြိုက်တာ ငါ့ညီကို ပြန်ကြိုက်တာပဲရွေး... ဒါမှ တစ်သက်လုံး စိတ်ချမ်းသာရမှာပေါ့... မိန်းကလေးနှစ်ယောက်လုံးကို ကိုယ်တိုင်သာချဉ်းကပ်ပေတော့ ဟုတ်ပြီလား"





သူတို့ညီအစ်ကို နှစ်ယောက်လုံး၏ စွဲလမ်းမှုက အကြီးမထံရောက်နေမှန်း သိလိုက်ရပါသည်။

သားကြီးအနေဖြင့် လက်ထပ်ဖို့ဖိတ်စာရိုက်ပြီးသား ဖြစ်နေသည့် 'နှယ်' ကို ဖြစ်အောင် ယူသင့်သဖြင့် ....

"ဟာ... 'အန်တီလေး' ပါလား... မအိပ်သေးဘူးလား"

"အရေးကြီးတဲ့ကိစ္စရှိလို့ လာတာကွဲ..."

'နှယ်' ထံမှ ဖုန်းနှင့် ဆက်သွယ်ပြောကြားလာတာများကို ပြန်ပြောပြလိုက်သည်။ ပြောရင်း တူကြီး၏ မျက်နှာကို သေချာစိုက်ကြည့်နေမိသည်။ စိတ်ဆင်းရဲသွားမလား၊ ငိုမလား၊ ကြေကွဲမလား။

သို့သော် အံ့ဩယူရလောက်အောင် 'နန္ဒ' ပုံစံက ဟန်မပျက်ပါ၊ မျက်နှာကို မဲ့ရင်းရယ်ပါသည်။

"သူတို့ အသိုင်းအဝိုင်းရဲ့ ဆွဲခေါ်ရာပြန်ပါသွားတာပဲ နေမှာပါ... မယူခင် သူတို့ရဲ့ အဆင့်အတန်းခွဲတတ်တဲ့ စိတ်ဓါတ်ကို သိရလို့ ဝမ်းတောင်သာမိသေးတယ်"

"မိန်းကလေးမို့ သဝန်တိုတာပါ သားကြီးရယ်... မင်းကလည်း သူ့ကိုမှ နှုတ်မဆက်ခဲ့ဘဲကိုး"

"သူ့ကို နှုတ်ဆက်ရင်လည်း သည်လာခွင့်ပေးမှာ မဟုတ်ဘူး မယူခင်ထဲက သိပ်ချုပ်ချယ်လွန်းတယ်... ပြီးတော့ သူ့အစ်မက သဘောမတူလို့ အတင်းလိုက်ဖျက်နေဟာ... ပိုက်ဆံချမ်းသာတယ်ဆိုပြီး သိပ်ဘဝင်မြင့်တယ်"

"ဘာပဲဖြစ်ဖြစ်... ကိုယ့်ဘက်က အမှားမဖြစ်စေနဲ့လေ... မော်လမြိုင်ရောက်မှ ကြီးကြီးခေါ်လို့ လာတာလို့ပြောလိုက်ရင် သူ စိတ်ပြေသွားမှာပါ... ပွဲကနီးနေတော့ မိန်းကလေးနစ်နာသွားမှာကိုလည်း ထည့်တွက်ရသေးတယ်လေ... ဖုန်းထဲမှာ စကားပြောပြီးလို့မှ မပြေလည်ရင်တော့ သားကြီးသဘောပဲ... လာ... လာ... ဖုန်းသွား



Scanned by CamScanner

ဆက်ရအောင်"

၁၀ နာရီထိုးနေပြီဖြစ်၍ 'နှယ်' အိပ်လောက်ပြီ။

" 'နှယ်'နဲ့ စကားပြောချင်လို့ပါ မာမီ"

" 'မောင်နန္ဒ' လား"

"ဟုတ်ပါတယ်"

"မင်းကို သူအပြတ်ပြောပြီးပြီဆို လက်ထပ်ဖိတ်စာအပ်ထားတာတောင် သွားပြန်ပိတ်ခဲ့ပြီပဲ"

ယောက္ခမလောင်းကြီး၏ လေသံကလည်း ပြောင်းသွားခဲ့ပြီ။

"ဟုတ်ကဲ့... ကျွန်တော့်ကို သူကိုယ်တိုင်ပြောရင်တော့ လက်ခံရတော့မှာပေါ့... ညနေက ပြောတာက 'အန်တီလေး' ကိုပြောလိုက်တာဆိုတော့ ယုံရခက်နေလို့ပါ"

"ဟုတ်ပြီလေ... ဒါဆိုလဲ 'နှယ့်' ကိုခေါ်ပေးမယ်"

မိခင်ဖြစ်သူက ဓါးချွန်ချွန်တစ်လက်ယူလာပြီး ...

" 'မိနှယ်' မင်္ဂလာပွဲဖျက်လိုက်ပြီပြောနော်... နားမထောင်ရင် ဟောဒီ ဓါးချွန်ကို ငါ့ဗိုက်ထဲ ထိုးသွင်းပြမှာ... ရှင်းရှင်းပြောရရင် 'နန္ဒ' နဲ့ ဟိုအရင်ထဲက ငါသဘောမတူဘူး... အခုပိုမတူဘူး... ညည်းသတ္တိရှိရင် ပျော့ကြည့်လေ... ငါမလုပ်ရဲဘူး မထင်နဲ့"

မိခင်က ချွန်ထက်သော ဓါးထိပ်ကို လက်ဝါးပြင်တွင် သွေးထွက်သည်အထိ ဖိုက်ပြသဖြင့် 'နှယ်' ရှေ့မတိုးရဲတော့ပါ။

" 'နှယ်' ပြောနေပါတယ်"

"ဖိတ်စာတွေ သွားပြန်ပိတ်ခဲ့ပြီဆို"

"ဟုတ်တယ်"

"ဘယ်လိုဖြစ်သွားတာလဲ 'နှယ်' "

"လိမ်တတ် ညာတတ်လို့ 'နှယ်' မကြိုက်တာလုပ်လို့"

"မော်လမြိုင်ရောက်မှ နှစ်ပေါင်းများစွာ ကွဲနေတဲ့ ကြီးဒေါ်နဲ့



တွေ့ချင်လို့ 'နှယ့်' ဆီ အကြောင်းမကြားဘဲ တစ်ဆက်ထဲ ထွက်ခဲ့ရတာ"

"မော်လမြိုင်သွားတာလည်း ပြောမသွားပါဘူး... အဲဒီစရိုက်မျိုးကို 'နှယ်' မကြိုက်ဘူး... 'နှယ့်' အိမ်ကလည်း မကြိုက်ဘူး... ပြီးတော့ 'နှယ်' မပတ်သက်ရဘူးပြောထားပါလျက် ဟိုမိန်းကလေးနှစ်ယောက်နဲ့ သွားတွေ့တာကို ပိုစိတ်ပျက်တာ"

"နောက်မဖြစ်စေရဘူးလို့ ကတိပေးတယ်ဆိုရင်ရော"

"ရှင့်ကတိကို ကြောက်သွားပြီ... ရှင်လွယ်လွယ်ကျိန်သံလောက် ဂတိကို လွယ်လွယ်ဖျတ်တတ်တယ်... မယုံကြည်တော့ဘူး"

"ဒါဆို ကိုယ်မလာရတော့ဘူးလား"

"မလာနဲ့တော့... မလာပါနဲ့တော့"

'နှယ်' က ငိုသံဖြင့် ပြောပြီး ဖုန်းချသွားသဖြင့် 'နန္ဒ' ငိုင်သွားပါသည်။ မိမိကို တန်းတန်းစွဲချစ်လွန်းအားကြီးလို့ မျက်စေ့အောက်က အပျောက်မခံနိုင်လောက်အောင် ဖြစ်ခဲ့သော အမျိုးသမီးက၊ လက်ထပ်ဖို့ တဂျီဂျီပူဆာခဲ့သော အမျိုးသမီးက ယခုလို အဆက်ဖြတ်နိုင်သတဲ့လား။ တကယ်ဆို သူက မိန်းကလေးအရက်ရမှာ မကြောက်ဘူးတဲ့လား။

'နန္ဒ' က မေးကြောများထောင်လာသည်အထိ အံကြိတ်နေရင်းက ပြုံးနေပါသည်။

သူတကယ်ချစ်လျှင် မိမိကို ဘဝအဖော်အဖြစ်လက်တွဲလိုသေးလျှင် ပြန်ဆက်သွယ်လာပေလိမ့်မည်။

ဘယ်သူဘယ်လိုတားတား ဖျက်ဖျက် မိမိနောက်ကို သူကောက်ကောက်ပါအောင် လိုက်လာပေလိမ့်မည်။

မိမိဘက်က ဘာမျှမပျက်ကွက်ခဲ့ပါ။ ဘာမျှ မမှားခဲ့ပါ။ ထို့

Book Sharing

Scanned by CamScanner

ကြောင့် မိမိယခုထက် ပို၍ တောင်းပန်ဖို့မလိုပါ။

"ဘာတဲ့လဲ သားကြီး"

"ကျွန်တော့်အကျင့်ကို အကြိုက်ဘူးတဲ့... လာစရာမလိုတော့ဘူးတဲ့"

'သီဟ' က လှောင်သလို ရယ်ရင်း ...

"အဲဒါ ဘာမှမဟုတ်ဘူး ကိုကြီး စကားစီးသွားတာ... 'မရမ်းသီး' ဆိုကို စိတ်ရောက်သွားလို့ ယူခါနီးမှ 'နွယ့်' အပေါ် သစ္စာဖောက်လို့ ခုလိုဖြစ်သွားတာ"

"ဟုတ်တယ်... ရန်ကုန်မှာတုန်းက ငါနဲ့ 'မရမ်းသီး' ဖုန်းပြောတုန်းက 'နွယ်' အနားမှာရှိတယ်... ငယ်သူငယ်ချင်းမို့ အပျော်လွှန်ပြီး စမိနောက်မိတာကို သူသဝန်တိုတာလေ... အခုလည်း 'မရမ်းသီး' ကိုလာတွေ့တယ်လို့ပဲ သူကစွပ်စွဲနေတာ"

'သီဟ' က ခေါင်းတငြိမ့်ငြိမ့်နှင့်ရယ်ရင်း ...

"ကဲ... အခုဘယ်လိုလုပ်မလဲ"

"အချုပ်အနှောင်လွတ်သွားပြီပေါ့ကွာ... နောက်ထပ်အသစ်ထပ်ရှာခွင့်ရသွားတာပေါ့... ဒါပေမယ့် မင်းစိတ်ဝင်းစားနေတဲ့ 'မရမ်းသီး' ကို ငါမနှောင့်ယှက်ဘူး... ငါ့ညီစိတ်ဆင်းရဲအောင် မလုပ်ဘူးယုံ"

"ဟား... ဟား... ဟား ကတိပေးမှာလား... 'နွယ်' ကတော့ကိုကြီးကတိကို ကြောက်သွားပြီ"

"မယုံဘူးလား... သွားရင်းလာရင်း ကားတိုက်ပါစေကွာ"

'မြတ်မွန်ခင်' က လက်ဝါကာပြီး ...

"ဟိတ်... ဟိတ် တော်ပြီ... တော်ပြီ ဒီအရွယ်ကြီးတွေအထိကျိန်နေကြတုန်းလား... လာ... လာ... အိပ်ကြစို့ မိုးချုပ်ပြီ"





## ၁၅

"'မနွယ်'... 'မနွယ်'"

"အော်... 'ကိုအောင်ကို' ပါလား... ဆေးရုံကိုဘာလာလုပ်တာလဲ"

"ကျွန်တော့် မိန်းမဆေးရုံတက်နေလို့ပါ"

"ဟုတ်လား... 'နွယ်' မသိလို့နော်... လာလေ ဘယ်အဆောင်မှာလဲ"

'ကိုအောင်ကို' က သူ့ဇနီးရှိရာခေါ်သွားရင်း ...

"'နနွ' က သူ့လက်ထပ်ပွဲကြရင် ဖိတ်မယ်ပြောပြီး ပေါ်မတောင်မလာဘူး... ခုဆို လက်ထပ်ပြီးတာ သုံးလလောက်ရှိပြီထင်တယ်... ဒီကောင်ရော ရန်ကုန်မှာပဲလား"

'နွယ်' က မချိပြုံးလေးဖြင့် ...

"လက်မှမထပ်ဖြစ်တာရင်"

"ဟောဗျာ... ဘယ်လိုဖြစ်ကုန်တာလဲ"

"မှုးစာမပါလို့ပေါ့ရင်... ဒါနဲ့ ဟိုတလောက သတင်းစာထဲမှာ 'ကိုတင်လတ်' ရဲ့နာရေးကို တွေ့လိုက်ရတယ်... အိမ်လိပ်စာအတိုင်းဆို 'ကိုနန္ဒ' ရဲ့ သူငယ်ချင်းပဲမဟုတ်လား"

"ဟုတ်တယ်လေ"

"ဘာရောဂါနဲ့ ဆုံးတာလဲ"

"ရုတ်တရက်ဆုံးတာပါ... သူ့ယောက်ဖနဲ့ ရန်ဖြစ်ရင်း ခြေလွန်လက်လွန်တွေ ဖြစ်ကုန်တာ"

"ဟို 'မှန်လာဥ' ဆိုတာက သတ်တာလား"

"တမင်သတ်တာတော့ မဟုတ်ဘူးပေါ့လေ... ဒါပေမယ့် သူတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက်အမြဲစောင်နေကြတာ... တစ်နေ့မဟုတ်တစ်နေ့ တစ်ယောက်ယောက်တော့ သေမှာပဲလို့ တွက်ထားကြတာ စိတ်မှ မထိန်းကြဘဲ"

"ဒါဆို ဟိုတစ်ယောက်က ထောင်ကျသွားပြီပေါ့"

"ဒါပေါ့... 'မှန်လာဥ' ဆိုတဲ့ကောင်က လူပုံသာပျော့တာ... စိတ်ကအရမ်းမာတာ... သူ့နှမကို နှိပ်စက်လွန်းလို့ မခံနိုင်တော့ဘူးထင်ပါရဲ့"

"သူတို့တွေရဲ့ စိတ်ဓါတ်တွေကလည်း ကြောက်စရာကြီးတွေနော်... အသည်းမာလိုက်ကြတာ... ရက်စက်လိုက်ကြတာ... သစ္စာဖောက်လိုက်ကြတာ... တော်ပါသေးရဲ့ အဲဒီအသိုင်းအဝိုင်းထဲ ရောက်မသွားလို့"

'နွယ်' ကစကားဖြတ်ပြီး ဇနီးသည်ကို နားကြပ်နှင့် ဟိုထောက်သည်ထောက်လုပ်နေသဖြင့် 'အောင်ကို' လည်း ပါးစပ်ပိတ်ထားလိုက်ပါတော့သည်။



'ကိုကြီး'

ညီသတိရခြင်း... လွမ်းခြင်းတွေနဲ့ စာရေးလိုက်ပါတယ်... ဖုန်းဆက်လို့မရတဲ့နေရာမှ ရောက်နေလို့ ပြီးတော့ တောတွေတောင်တွေထဲမှာ မဲဇာရောက်သလိုဖြစ်ပြီး ဟိုလွမ်းရမလို ဒီလွမ်းရမလိုနဲ့ နေရထိုင်ရခက်လို့ စာရေးလိုက်မိတာပါပဲ...

မေတ္တာဆိုတာ လုပ်ယူလို့ မရဘူး ကိုကြီး... 'ဘူးသီး' က ကျွန်တော့်ကို စိတ်မဝင်စားလို့ အပျိုကြီးပဲ လုပ်တော့မှာဆိုပြီး 'အန်တီလေး' ကိုပြောသွားခဲ့တယ်...

'မရမ်းသီး' နဲ့ အနေကလည်းနီး... အခွင့်အရေးကလည်း ပေးနေလို့ အလုပ်ပိတ်ရက်တိုင်း သူနေတဲ့အိမ်ကိုသွားတယ်... သူ့ကျောင်းကိုသွားတယ်... ကောင်းကောင်းမွန်မွန် ဖော်ဖော်ရွေရွေ ဆက်ဆံပေမယ့် ဟိုသွားမယ်... ဒီသွားမယ်ဆိုရင် ဘယ်လိုမှ ခေါ်လို့မရဘူး... ဒါပေမယ့် ကိုကြီး ဘယ်မြို့ရောက်နေလဲ... ဘယ်တော့လာအုံးမလဲဆိုတဲ့ မေးခွန်းမျိုးကိုတော့ ခဏခဏမေးတယ်... 'အန်တီလေး' ဆီကိုလည်း ကျောင်းအားတဲ့ တစ်ညအိပ်သွားတတ်တယ်...

ကိုကြီးကိုများ မျှော်လင့်နေသလားမသိဘူး... ခွင့်ရရင် တစ်ခေါက်လာခဲ့ပြီး စိတ်စမ်းကြည့်ပါလား... ပြောသာပြောရတယ်... ကိုကြီးက စွံတဲ့လူဆိုတော့ နောက်တစ်ယောက်များ ထပ်တွေ့နေပြီလား... ဒါမှမဟုတ် 'မနွယ်' နဲ့များ ပြန်ချိတ်မိနေပြီလား...

ပြန်ချိတ်နေပြီ... အသစ်တွေ့နေပြီဆိုရင်တော့ 'မရမ်းသီး' ကို အလွမ်းတွေ မပေးသွားဖို့ တောင်းပန်ပါတယ်...

စာဖတ်ပြီး 'နန္ဒ' ပျော်သွားသည်။

သူမနှင့် ပြန်တွေ့ပြီးထဲက ခဏခဏသတိရနေပါသည်။

'နွယ့်' သတိရလျှင် သူမကိုပါ သတိရစမြဲ။ 'နွယ်' ၏ ပြတ်

Scanned by CamScanner

သားမှုကိုလည်း မိမိအံ့သြရသည်။ သူမဘက်က ဘာအဆက်အသွယ်မှ မလုပ်တော့။ သူမအိမ်က သူတို့သဘောတူသည့် စီးပွားရေးသမား ကုန်သည်တစ်ယောက်နှင့် အတင်းပေးစားတာကိုလည်း လက်မခံ။

မိမိကိုလည်း စိတ်ဝင်စားပုံမပြတော့။ လူပုံပျော့ခွဲ့ခွဲ့နှင့် စိတ်မာသော လူနှစ်ယောက်ကို မိမိတွေ့ဖူးခဲ့ပြီ။ 'နွယ်' နှင့် 'မုန်လာဥ' ပင်ဖြစ်သည်။ ရန်ကုန်ရောက်လျှင် 'အာလူး' နှင့် 'ပိုးဟပ်ဖြူ' တို့ သမီးယောင်းမ နှစ်ယောက်ကို သွားတွေ့အုန်းမည်။ အားပေးစကားပြောအုန်းမည်။

ယခုလောလောဆယ်တော့ နားလည်မှု ခွင့်ရအောင်ယူပြီး 'မရမ်းသီး' ထံသွားမည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ် 'အန်တီလေး' ထံသွားမည်။ 'သီဟ' နှင့် တွေ့ခွင့်ရလျှင်လည်း အမြတ်ပေါ့လေ။



"ဟင်"

ညှော်သည်ရောက်နေသည်ဆို၍ 'သီဟ' ထင်ပြီး ထွက်ခဲ့ခြင်းဖြစ်သည်။ ကျောင်းဧည့်ခန်းထဲတွင် မတွေ့၍ အပြင်တွင် ရှာကြည့်သောအခါ ကျောင်းပန်းခြံထဲတွင် ဂျာကင်မီးခိုးရောင်၊ ဘောင်းဘီရှည် မီးခိုးရောင်နှင့် နေကာမျက်မှန်တပ်ပြီး ရပ်ကြည့်နေသူကိုမြင်သောအခါ 'မေဖုန်း' သိသိသာသာလှုပ်ရှားသွားပါသည်။ ပြီးတော့ မျက်နှာလေးနီသွားပြီး ရှက်ပြုံးလေးဖြင့် ပြေးလာပါသည်။

"'နန္ဒ' နင်ဘယ်တုန်းကရောက်နေတာလဲ... 'သီဟ' ရောပါလာတာလား"

"ခုပဲရောက်တာ... နင့်ဆီအရင်လာတာ... 'သီဟ' က ခရီးထွက်နေတယ်... 'အန်တီလေး' ဆီ မသွားခင် နင့်ကိုအရင်လာတွေ့တာ... နက်ဖြန် စနေဆိုတော့ နင်လိုက်လာချင်ရင်လည်း လိုက်လာလို့ရအောင် လာဝင်ပြောတာ... ရော့... နင့်အတွက်လက်ဆောင်"

"ဟယ်... အလကားပိုက်ဆံကုန်အောင် ပျော့က်ဝယ်လာတယ်"

"ပေးစရာလှမှ မရှိတော့တာ... အဖေအမေကလည်း သူ့အလုပ်နဲ့သူ ညီကလည်းသူ့အလုပ်နဲ့သူ တွေ့တဲ့အချိန်စုလို ဝယ်ခြမ်းသွား လိုက်တာပဲ... ဒီတစ်ခေါက် နှင့်အလှည့်ကျတယ်"

'မေဖုန်း' က ကျေနပ်စွာပြုံးရင်း ...

" 'အန်တီလေး' အတွက်ရော ကျန်သေးရဲ့လား"

"အိတ်ထဲမှာ ပါပါတယ်... ကဲငါသွားမယ်... နှင်လာခဲ့မှာလား"

"ဟယ်... နှင်သွားမှတော့ ခွင့်ယူပြီး တစ်ခါတည်းလိုက်ခဲ့လိုက်မယ်လေ... ခဏလေးစောင့်နေအုံးနော်... ငါလက်မှတ်သွားထိုးလိုက်အုန်းမယ်"

'နှင်း' နှုတ်ခမ်းများကို တစ်ဖက်တွင်စု၍ ကျေနပ်စွာ ပြုံးပြပါသည်။ ထိုအပြုံး ထိုစတိုင်ကို 'မေဖုန်း' ဟိုးငယ်ငယ်လေးထဲက စွဲလမ်းခဲ့ရတာပါလေ။ သူကတော့ ဘယ်သိပါ့မလဲ။

လှပကျော့ရှင်းစွာ လျှောက်လှမ်းသွားသော 'မေဖုန်း' ၏ ကိုယ်လုံးလှလှကိုကြည့်ပြီး 'နှင်း' သဘောပေါက်သွားသည်။ ကျေနပ်သွားသည်။

'သီဟ' ကို မပေးသော အခွင့်အရေးကို မိမိမတောင်းဘဲရခဲ့ပြီလေ။ မိမိကို သူမ မည်မျှစွဲလမ်းနေကြောင်း ချက်ခြင်းသိလိုက်ရသဖြင့် သူမကို သနားသွားမိသည်။

တစ်ချိန်တုန်းက ငယ်ငယ်တုန်းက မိမိသူမကို စကားဖြင့်လည်းကောင်း၊ မျက်လုံး မျက်နှာဟန်ပန်တို့ဖြင့်လည်းကောင်း လှောင်ပြောင်ကျီစယ်ပြီး နှိမ်ခဲ့ဖူးပါသည်။ နောက်ဆုံး သူမကို အညိုးကြီးကြီးဖြင့် ဒဏ်ရာရအောင်ပင် လုပ်ခဲ့ဖူးပါသည်။

ထိုအတွေးကြောင့် ရင်ထဲတွင် ကျင်ခနဲခံစားလိုက်ရပြီး ယနေ့ချိန်မှစ၍ သူမကို အချစ်တွေပုံပေးပြီး အလိုလိုက် အကြိုက်



ဆောင်သွားတော့မည်ဟု ဆုံးဖြတ်လိုက်မိသည်။

'မေဖုန်း' ခြင်းတောင်းလေးဖြင့် ထွက်လာသည်ကိုမြင်ကထဲက ကြိုစောင့်နေလိုက်ပါသည်။ ကျောင်းထဲမှ ဆရာမများ ထွက်ကြည့်နေတာကို မြင်သဖြင့် သူမသိက္ခာကို မထိခိုက်စေချင်ပါ။ ထို့ကြောင့် ...

"နှင်တို့ ဆရာမကြီးဆီမှာ ငါပါလိုက်ခွင့်တောင်းပေးမယ်"

"ရပါတယ်... ငါပြောခဲ့ပြီးပြီ"

"ဘယ်လိုပြောခဲ့လဲ"

"ဟယ်... ဟောင်နှမလိုခင်တဲ့ ငယ်သူငယ်ချင်းနဲ့ 'အန်တီလေး' ဆီသွားမလို့ပေါ့"

"ဘာပြောကြမလဲ... အပျိုဆရာမက လူပျိုတစ်ယောက်နဲ့ ခရီးဝေးကို နှစ်ယောက်ထဲ ထွက်သွားတယ်ဆိုပြီး ဘာညာကွိကွ လျှောက်ပြောတော့ နှင်သိက္ခာကျမှာပေါ့"

"ဟင်... ဒါဆို နောက်မှ သပ်သပ်လိုက်ခဲ့ရမှာလား"

"အဲဒါကြောင့် နှင့်အတွက် ဂုဏ်မညိုးရအောင် ဆရာမကြီးဆီ အကောင်းဆုံးခွင့်ကို တင်ပေးမလို့... လာ ရုံးခန်းထဲမှာ ဆရာမကြီး ရှိတယ်မဟုတ်လား"

သူမက နောက်မှအပြေးလိုက်လာခဲ့ခြင်းဖြစ်သည်။

"ဆရာမကြီးဆီ ပို့ပေးလေ"

"ဟိုမှာ ဝဝပုပုနဲ့ မျက်မှန်ဝိုင်းဝိုင်းနဲ့"

ဆရာမကြီးရှေ့ရောက်သောအခါ ...

"ကျွန်တော် ခေါက်တာ 'နှင်းမောင်မောင်' ပါဆရာမကြီး ... 'မေဖုန်း' ရဲ့ငယ်သူငယ်ချင်းပါ... ကျွန်တော်နဲ့ သူမကြာခင် လက်ထပ်တော့မယ့်အကြောင်း ဆရာမကြီးကို ကြိုတင်အသိပေးဖို့လာခဲ့တာပါ"

"အော်... ဝမ်းသာလိုက်တာကွယ်... ဘယ်တော့လက်ထပ်ဖြစ်မလဲကွယ်"

"ဖြစ်နိုင်ရင် ခွင့်ရရင် အမြန်ဆုံးပေါ့ဆရာမကြီးရယ်"

" 'မေဖုန်းနွယ်' အတွက်ခွင့်ကိုတော့ အချိန်မရွေး စီစဉ်ပေးနိုင်ပါတယ်... သူ့ဘာခွင့်မှ ယူမထားဖူးဘူးလေ"

"ဟုတ်ကဲ့ပါ... ကျေးဇူးတင်ပါတယ်... ကျွန်တော်တို့ကို ခွင့်ပြုပါအုန်း"

'မေဖုန်း' အရက်လွှန်ပြီး ခေါင်းလေးငုံ့၍ ရှေ့မှ ခပ်သုတ်သုတ်ထွက်သွားသဖြင့် 'နန္ဒ' က ပြုံးစေ့စေ့ ခပ်ဖြေးဖြေးလျှောက်ရင်းလိုက်ခဲ့ပါသည်။ ကျောင်းဝင်းအပြင် အဝေးပြေးလမ်းမကြီးသို့ ရောက်ပြီး သစ်ပင်ကြီးတစ်ပင်အောက်တွင် ရပ်နေစောင့်နေပါသည်။ အခြားခရီးသည်များလည်း ရှိနေသဖြင့် 'မေဖုန်း' အိနြေ့မပျက်နေဆဲပါ။ သို့သော် ရက်စိတ်ကြောင့် 'နန္ဒ' မျက်နှာကိုလည်း ကောင်းကောင်းမကြည့်၊ စကားလည်း ကောင်းကောင်းမပြော။ ကားတစ်စီးရောက်လာတိုင်း ခရီးသည်များ အလုအယက်တိုးခွေ့တက်သွားသဖြင့် 'မေဖုန်း' တို့နှစ်ယောက်သာ ကျန်တော့သည်။

"ဟိတ်... သိပ်နောက်ကျသွားလိမ့်မယ်... ရတဲ့ကားကို ဖြစ်သလိုပဲ စီးသွားလိုက်ရအောင်"

"သဘောပဲ"

ကားအသွားအလာရှိသလောက်ဖြစ်သွားပြီး၊ ကျောင်းဆင်းချိန်နီးလာသဖြင့် 'မေဖုန်း' ဤနေရာက သွားလိုလှပြီ။ ထိုစဉ် သစ်ကားကြီးတစ်စီး တအိအိလာနေသည်ကိုမြင်သဖြင့် ဝမ်းသာအားရ လှမ်းတားလိုက်သည်။

"ဟာ... ဘယ်လိုစီးမှာလဲ 'မေဖုန်း' ရဲ့... ရှေ့ခန်းမှာလည်း လူအပြည့်"





"နောက်ဘက်ကစီးမယ်လေ"

"စီးရဲလို့လား"

"စီးရဲတာပေါ့... ဒီဘက်မှာ ကားပြတ်ရင် ကြုံသလိုစီးရတာပဲ... ဒီကားကမှ ဘော်ဒီအကာအရံရှိလို့ တော်သေးတယ်... တချို့ဆို သံကြိုးနဲ့ပတ်ထားတဲ့ ကားပေါ်တက်စီးသွားကြတာ"

"အန္တရာယ်များပါတယ်ကွာ... 'မေဖုန်း' တော့မစီးနဲ့နော်... ဒီတစ်ခါတော့ ကိုယ်ပါလို့ ကိစ္စမရှိဘူး... လာ... လာ..."

ကားသမားက ရှေ့မှာနေရာစီစဉ်ပေးဖို့ တိုင်ပင်နေသေးသည်။

"ရတယ်ဗျို့... နောက်ပဲလိုက်တော့မယ်... ခင်ဗျားတို့မှာကလည်း ကလေးတွေနဲ့ ( * ) မြို့အဝင် စေတီမှာရပ်ပေးနော်"

သစ်လုံးများပေါ်တွင်ထိုင်ရင်း လေတဖြူးဖြူးနှင့် ကြည်နူး၍ မဆုံးတော့။

"ဟေ့... ဘာဖြစ်လို့ နှုတ်ခမ်းကြီးစူပြီး မျက်နှာလွှဲလွှဲနေတာလဲ"

'မေဖုန်း' မဖြေပါ။

"ဆရာမကြီးကို ပြောခဲ့တဲ့ စကားမကြိုက်လို့လား"

"ဟုတ်တယ်လေ... ဒါနောက်စရာမှ မဟုတ်တာ... နင်ခွင့်တောင်းမှ ငါသိကြာကျတော့တာပဲ"

"ဟာ... နောက်နေတာမဟုတ်ဘူး... တကယ်ပြောနေတာ... 'အန်တီလေး' ဆီရောက်ရင် နက်ဖြန်ရုံးမှာ လက်မှတ်ထိုးဖို့ စီစဉ်ခိုင်းမယ်... ဒီမှာသုံးလေးရက်နေပြီးရင်ပြန်မယ်... ခွင့်ရရင်ပြန်လာပြီး လက်ထပ်ဖို့ တစ်ခါထဲစီစဉ်ခဲ့မယ်... ပြီးရင် တစ်ခါထဲ ခေါ်သွားမယ်"

"အို... ရေးကြီးသုတ်ပြာနဲ့ သူ့ကိုဖြင့် ဘယ်သူကယူမယ်ပြော



Book Sharing

Scanned by CamScanner

သေးလို့လဲ"

"မယုံဘူးလား... မရတော့ဘူးနော်... တစ်ကျောင်းလုံး သိကုန်ပြီ"

"အဲဒါကြောင့်ပြောတာပေါ့... လျှာအရိုးမရှိတိုင်း လျှောက်ပြောတာ အရေးမကြီးဘူး... 'မေဖုန်း' အရက်ရမှာကို ငဲ့အုန်းမှပေါ့... 'နွယ်' နဲ့ပြတ်လားမပြတ်လားတည်း မသိရဘူး"

"ဟာ... ဟိုတစ်ခါ နင့်ဆီလာထဲက ငါ့ကိုဖြတ်သွားတာ"

"ကဲ... ဟိုက ပြန်ဆက်ရင်ရော"

"ငါ့ကို ဝန်ချတောင်းပန်စေချင်နေတာ... ငါ့မှမသွားတာ... သူလည်း သဘောပေါက်သွားရောပေါ့"

"နင်ဟာလေ... နမမရှိတိုင်း နမချင်းမစာနာတတ်ဘူး... အချစ်ရေး အိမ်ထောင်ရေးကို ရုပ်ရှင်ရိုက်သလို လုပ်မနေနဲ့... ငါတော့ နင့်ကိုကြောက်တယ်"

"မကြောက်ပါနဲ့... ငါ နင့်ကို တကယ်ချစ်တာပါ... မယုံဘူးလား... အခုကားပေါ်မှာနော်... ကား... ကား..."

'မေဖုန်း' ပါးစပ်အတင်းပိတ်လိုက်သဖြင့် ဆက်မပြောတော့ပါ။ သို့သော် ပြုံလဲကျလာသော 'မေဖုန်း' ကို အတင်းဖက်ထားရင်း

"ငယ်ငယ်က အနိုင်လိုချင်လို့ ဗိုလ်လုခဲ့တာ ရိုင်းခဲ့တာတွေအတွက် ငါအနူးအညွတ်တောင်းပန်ပါတယ်... ရှိခိုးဆိုလည်း ,ထိုင်ရှိခိုးပါ့မယ်"

"အို... အဲ့သလို စိတ်မြန်လက်မြန်တာတွေက ခက်နေတာပေါ့ ငယ်ငယ်တုန်းကလည်း သူများအင်္ကျီကို ဆွဲဖြဲပြစ်တယ်"

"ဟုတ်ပါတယ်... အဲဒီကိစ္စအတွက် ငါဘဝတစ်လျှောက်လုံး နင့်ကို အားနာပြီး သနားနေတာ... တောင်းပန်ချင်နေတာ... အဲဒီအချိန်ကစပြီး ငါနင့်ကို ရန်မှမလုပ်တော့တာ... နင့်ကသာ ငါ့ကို





အမုန်းကြီးမုန်းပြီး တွေ့တာနဲ့ ထွီထွမ်လုပ်ပြီး မျက်နှာကိုတောင် တံတွေးနဲ့ထွေးချင်နေတာ မဟုတ်လား... မှန်မှန်ပြောစမ်း 'မေဖုန်း', နင်ငါ့ကို စိတ်ထဲက မုန်းနေတုန်းပဲလား... သတိရောရလား"

'မေဖုန်း' က အတင်းရုန်းထွက်ရင်း ...

"သတိရတာပေါ့... နေ့တိုင်းသတိရတယ်"

"ဟာ... တယ်ဟုတ်ပါလား... ဘာကြောင့်လဲ"

"ဟောဒီ ငါ့လက်မောင်းရင်းမှာ နင်လက်သဲနဲ့ကုတ်ထားတဲ့ ဒဏ်ရာက အနာရင်းပြီး အသားသီးအစင်းလိုက်ကြီးဖြစ်နေတာ... ရေချိုးပြီး သနပ်ခါးလူတိုင်း နင့်ကိုသတိရတယ်သိလား... မုန်းတာ မမုန်းတာထက် ဝမ်းနည်းတဲ့စိတ်နဲ့ သတိရတာ... ဇာစ်မိုးအောက်မှာ နေခဲ့တဲ့ မိန်းကလေးတွေထဲမှာ နင်က ငါ့ကို အနိမ်ဆုံး... အရှုံးဆုံး အလှောင်ခံရဆုံး... အမုန်းဆုံးဆိုတာ သိနေလို့"

'နှဲ' က သူမနှုတ်ခမ်းကို သူ၏ ပါးပြင်နှင့်ဖိကပ်ရင်း ...

"ဒါပေမယ့် နင်မသိတာက ငါနင့်ကိုစွဲလမ်းခဲ့တာကိုပဲလေ... အခုအချိန်မှာ ဇာစ်မိုးအောက်က မိန်းကလေးအားလုံးထဲမှာ နင့်ဟာ ငါရဲ့အချစ်ဆုံး..အမြတ်နိုးဆုံးဆိုတာ မြင်ပြီမဟုတ်လား..လက်ထပ်ပြီးရင် 'ပိုးဟပ်' တို့ဆီသွားလည်ရအောင်နော်"

"မကောင်းဘူးထင်တယ်... သူတို့ယောကျ်ားတွေက တစ်ယောက်ကသေ... တစ်ယောက်ကထောင်ကျနဲ့ သွားကြွားသလို ဖြစ်နေပါ့အုံးမယ်"

" 'အန်တီလေး' တော့ အရမ်းအံ့သြပြီး အရမ်းဝမ်းသာသွားမှာပဲနော်"

'မေဖုန်း' က မျက်ရည်လေးဝဲရင်း ...

"အမေတို့ အမေတို့သာရှိရင် ဘယ်လောက်ကောင်းမလဲ... သူ့သမီးကို ငယ်ငယ်တုန်းက နိုပ်စပ်ခဲ့တဲ့ အကောင် အခုရှာကျွေးရ



Scanned by CamScanner

ပြီဆိုပြီး ဝမ်းသာနေကြမှာ"

"ယူပြီးရင် ကျောင်းထွက်ခဲ့တော့"

"ဟာ... မလုပ်ပါနဲ့... အလုပ်ရှိမှ ဂုဏ်ရှိတာ... ကျောင်းပြောင်းရင်ရတာပဲ... အဟင်း...ဟင်း တကယ်ဆို 'ဘူးသီး' နဲ့ နင်နဲ့ ယူသင့်တာ"

"ဟာ... နင်လို့မပြောနဲ့လေ... နားထောင်ရတာ ကြောက်စရာကြီး"

"နှုတ်ကျိုးနေပြီ"

"ပြင်ခေါ်... မောင်လို့ခေါ်"

"ဟာ... ရှက်တယ်... ရှက်တယ်..."

'မေဖုန်း' က နားနှစ်ဖက်ကို လက်နှစ်ဖက်နှင့်အုပ်ပြီး မျက်လုံးစုံမှိတ်၍ အော်နေခြင်းဖြစ်သည်။ ချစ်စရာကောင်းလွန်းသဖြင့် အတင်းဆွဲပွေ့ မွှေးကြူမိတော့သည်။

"ခုနက 'ဘူးသီး' နဲ့ယူသင့်တယ်လို့ ဘာကြောင့်ပြောတာလဲ"

"အော်... သူက သူနာပြုဆိုတော့ နင့် အဲ သူ့အတွက်အဖော်ရတာပေါ့"

"ဒါဆိုသူ့ကို ယူရမယ်ပေါ့"

"ဟွန်း"

'မေဖုန်း' မျက်စောင်းထိုး ကျောခိုင်းထိုင်နေသဖြင့် ပြန်ဆွဲခေါ်ရင်း ...

"ဒီမှာ... အချစ်ဆိုတာ လုပ်ယူလို့ကိုမရဘူး... သူကလည်း ငါ့ကိုချစ်မှာမဟုတ်ဘူး... ငါကလည်း နင့်ကိုပြန်တွေ့ပြီး လက်ထပ်မို့စီစဉ်ထားတာတွေတောင် ဖျက်ခဲ့တဲ့ကောင် သည်လောက်ဆိုသဘောပေါက်ပါတော့နော်... 'ဒေါ်မရမ်းသီး' ရယ်... မုန်းစမ်း ချဉ်လားလို့ မြည်းကြည့်အုံးမှပဲ"





ပြောရင်း လက်ချောင်းများကို ကိုက်ကြည့်ပြီးမှ ...

"ဟောဗျ... မချဉ်တော့ဘူး... ချိုသွားပြီ... ဇီးသီးဖြစ်သွားပြီ"

"ကဲ... ကဲ... ပေါက်ကရပြောအုံး"

"ဟား... ဟား... ဟား"

ရယ်သံမည်မျှ ကျယ်သွားသည်မသိ၊ ကားစက်ခေါင်းထဲမှ လှမ်းကြည့်နေကြကြောင်း တွေ့လိုက်ရသည်။



Scanned by CamScanner



## ၁၆

"'ဘူးသီး' လား"

"ဟုတ်တယ်... 'ဝေလင်း' အကြောင်းသိပြီးပြီလား"

"ဟင့်အင်း... ဘာဖြစ်လို့လဲ (*) ထောင်ထဲမှာဆို"

"ဟုတ်တယ်... အဲဒီထောင်ကနေ ကျောက်ထုတ်လုပ်ရေးစခန်းမှာ ကျောက်ထုနေရင်း မိုးကြိုးပစ်ခံရပြီး ဆုံးသွားပြီတဲ့"

"ဟယ်... ဖြစ်မှဖြစ်ရလေ... ဘုရား... ဘုရား... အဖြစ်ဆိုးလိုက်တာ 'မှန်လာဉ' ရယ်... လူပုံလေးချောချောနဲ့ မင်းသားလိုနုနုနယ်နယ်နေခဲ့ပြီး လူသတ်မှုဖြစ်လို့ဖြစ်... ထောင်ကျလို့ကျနဲ့ အဖြစ်ဆိုးလှပြီမှတ်တာ... အခုမိုးကြိုးပစ်ခံရပြန်ပြီတဲ့လား... ဘယ်လိုဘဝကဝင်ကြွေးတွေများ ပါခဲ့ပါလိမ့်...ကောင်းရာသုဂတိလားပါစေ 'ဝေလင်း' ရယ်..."

'မေဖုန်း' က တုံရီသောအသံဖြင့် ပြောနေပြီးမှ ...



"နင်စိတ်မကောင်းဖြစ်နေတယ်ထင်တယ်... နင်တောင် သည်လောက်ခံစားနေရရင် သူ့မိန်းမနဲ့ သူ့ကလေးတွေက ပိုဆိုးမှာပေါ့ 'ပိုးဟပ်ဖြူ' တို့လည်း သိပြီးရောပေါ့"

"သူမှန်းဆက်လို့သိတာ... သူတို့အတွက်တော့ သောကဆိုတာဘယ်လိုမှ မနေတော့ဘူးထင်ပါရဲ့... 'ဝေလင်း' ကိုယ်တိုင်ကလည်း လူသတ်ပြီး ထောင်ကထွက်လာရမယ့်အရေး တွေးတွေးပြီး စိတ်ဆင်းရဲနေတာတဲ့... သေချင်လို့များ ဆုတောင်းနေသလားမှ မသိတာတဲ့"

"အင်း... ငါတို့သူငယ်ချင်းတွေ အသေဆိုးနဲ့သေရတာကိုတော့ တကယ် ထိတ်လန့်အံ့ဩမိပါတယ်ဟယ်... 'ကိုနန္ဒ' နဲ့ ငါနဲ့ လက်ထပ်တဲ့ကိစ္စရော နင်ဘယ်လိုသဘောရလည်း အဲဒီနေ့က 'အန်တီလေး' ရော ငါရော ရုံးမှာလက်ထပ်ဖို့ကိစ္စကို နောက်တစ်ခေါက်မှ တစ်ခါထဲစီစဉ်ပါဆိုတာ ဘယ်လိုမှပြောလို့မရဘူး... တကျီကျီနဲ့ အရှက်မရှိပြောနေတာနဲ့ 'အန်တီလေး' တောင် လက်မြှောက်လိုက်ရတယ်... ငါလည်းနားအေးသက်သာအောင်ဆိုပြီး ရုံးလိုက်သွားပြီး လက်မှတ်ထိုးလိုက်ရပေမယ့် သူ့ကိုတော့ မယုံတာအမှန်ပဲ"

"မကြီးကိုတော့ သူတော်တော်စွဲလမ်းပုံရတယ်... ခုလိုပြန်တွေ့ရတာကို အရမ်းပျော်နေတာကြည့်ပါလား... 'နှယ်' ဆိုတဲ့မိန်းမခမြာလည်း မကြီးနဲ့ယှဉ်တော့ မှိန်သွားပုံရတယ်"

"အဲဒီစိတ်ဓါတ်ကြီးကို မကြိုက်တာပေါ့... ငါးစိမ်းမြင် ငါးကင်ပစ်တဲ့ လူမျိုးနဲ့မတူဘူးလား... နှစ်တွေအကြာကြီးကြိုက်လာတဲ့ လူကိုတောင် လွယ်လွယ်နဲ့ မေ့ရက်တယ်"

"မကြီးနဲ့ အတူနေခဲ့ရတဲ့ ရက်တွေ နှစ်တွေက ပိုများခဲ့သလို ငယ်သံယောဇဉ်ကို ပိုတွယ်တာလို့နေမှာပေါ့... ငယ်ငယ်တုန်းက

မတည့်ခဲ့ကြဘဲ ရန်ဖြိုးတွေနဲ့ ခွဲခွာခဲ့ရလို့ စိတ်မကောင်းဖြစ်နေတယ် ထင်ပါရဲ့... ဘာပဲဖြစ်ဖြစ် လက်ထပ်ပြီးသွားခဲ့ပြီပဲ လူကြီးတွေ ဆွေမျိုးမိတ်သင်္ဂဟတွေရှေ့မှာ ပွဲထွက်ပြီးသွားရင် စိတ်မချရတဲ့ကိစ္စတွေလည်း ပြီးသွားမှာပါ... ဘယ်တော့လောက် ပွဲခင်းဖြစ်မှာလဲ"

"သူငါတို့မြို့ကို ပြောင်းရွှေ့ဖို့ ကြိုးစားမယ်တဲ့... သုံးလထက်တော့ ပိုမကြာပါဘူး... သူ့မိဘတွေလည်း မန္တလေးပြန်ပြောင်းလာကြမှာ... အားလုံး ဒီနားအနီးတစ်ဝိုက်မြို့တွေမှာရှိတဲ့ သဘောပေါ့... နင်လည်းငါတို့ဘက် ပြောင်းခဲ့တော့... ဒါဆိုအားလုံး သွားကြလာကြဆုံကြ တွေ့ကြရတာပေါ့"

"ဟုတ်တယ်နော်... အဲသလိုဆို ပျော်စရာကောင်းမှာပဲ"

အလွန်ကိုပျော်စရာကောင်းပါသည်။

'နန္ဒ' တစ်ယောက် (၁၀) ရက်မပြည့်ခင် ပြန်ရောက်လာသဖြင့် အံ့သြသွားရသည်။ လက်မှတ်ထိုးပြီးသားဖြစ်၍ ကျောင်းမှ ဆရာ၊ ဆရာမများထံ ခပ်တင်းတင်းဝင်တွေ့သလို ကိတ်မုန့်တွေဝယ်လာပြီး လက်ဖက်ရည်ပင် ပျော်တိုက်လိုက်သေးသည်။

သတင်းစာထဲတွင် လက်ထပ်ပြီးစီးခြင်း သတင်းပါလာကြောင်း ထုတ်ပြသောအခါ တစ်ကျောင်းလုံးဝမ်းသာအားရ လက်ခုတ်တီးနေကြပြီး ဖြစ်သော်လည်း မပျော်လင့်ဘဲရောက်လာခြင်း၊ မထင်မှတ်တာတွေ လုပ်လာခဲ့ခြင်းတွေကြောင့်လည်းကောင်း၊ ရက်စိတ်ကြောက်စိတ်များကြောင့်လည်းကောင်း 'မေဖုန်း' ၏မျက်နှာမှာ နီလိုက် ပြာလိုက်ဖြစ်နေမည်ထင်သည်။ သူ့မျက်နှာကိုလည်း မကြည့်ရဲတော့ပါ။ သူကတော့ အလွန်ပျော်နေရှာပါသည်။

သူ့ခရီးဆောင်အိတ်နှစ်လုံးကိုကြည့်ပြီး ပို၍နေရခက်သွားသည်။ သူဘယ်မှာအိပ်မှာလဲ။

ဆရာမကြီးက နားလည်မှုရှိစွာဖြင့် နေ့တစ်ဝက်ခွင့်ပေးလိုက်





ပါပြီ။

"ကောင်မလေးတစ်ယောက် ရှက်နေတာလား... ဒါမှမဟုတ် ခွင့်မပြုဘဲလာလို့ စိတ်တိုနေတာလား... အဝေးကြီးက လာခဲ့ရတဲ့ သူ့ကိုမျက်နှာပုပ်ကြီးနဲ့ နေပြတော့ မျက်နှာလည်းငယ်တယ်... အားလည်းငယ်တယ်"

ထိုစကားကြောင့် သူ့ကိုတကယ်သနားသွားမိပါသည်။ ထို့ကြောင့် သူ့အိတ်ကို ကူဆွဲပေးခြင်းအားဖြင့် သူကျေနပ်မည်ထင်ပါသည်။ ကားဂိတ်မှ ထွက်ခွာသည်အထိ သူ့ကို 'မေဖုန်း' အိန္ဒြေရရဆက်ဆံနေရပါအုန်းမည်။ တစ်ကျောင်းလုံး၏ မျက်လုံးများက ဂရုစိုက်ကြည့်နေကြသည် မဟုတ်လား။ ဆရာ၊ ဆရာမများ အထင်မသေး သွားစေလိုပါ။ ကျောင်းသူကျောင်းသားများ အတုခိုး မမှားစေလိုပါ။

" 'အန်တီလေး' ဆိသွားမလို့လား"

"ဟာ... ဘယ်ဖြစ်မှာလဲ... အပျိုကြီးဆီသွားရင် ဟိုတစ်ခါလို သူ့နားခေါ်သိပ်ထားမှာပေါ့"

"ဟာ... ဘာတွေလျှောက်ပြောနေမှန်း မသိပါဘူး"

"အေးအေးဆေးဆေး စကားပြောချင်တယ်... ရေ့ရေးတွေ ဆွေးနွေးချင်တယ်... စနေ.. တနင်္ဂနွေနှစ်ရက်ရယ်... ခွင့်တစ်ရက်လောက်ထပ်ယူပြီး ပြင်ဦးလွင်ဘက် သွားလည်ရအောင်"

"ရွာပြန်ပြီး အဝတ်အစားယူရင်း ခရီးထွက်မယ့်အကြောင်း သွားပြောလိုက်အုန်းမယ်... 'အန်တီလေး' ဆီလည်း ဝင်အုန်းမယ် မဟုတ်လား"

"အပြန်ကြမှ ဝင်မယ်... တညအိပ်လိုက်မယ်"

" 'သီဟ' ဆီရော"

"သူမရှိဘူး ခရီးထွက်နေတယ်"

"စုနေ့ဘက်ပိုင်း 'သီဟ' လုံးဝကို ပေါ်မလာတော့ဘူး"

"ပိုင်ရှင် ရှိသွားလို့နေမှာပေါ့"

ဆွဲဆိတ်ခြင်းကို ခံလိုက်ရသဖြင့် ကျေနပ်စွာရယ်မောနေပါတော့သည်။

ပြင်ဦးလွင်ရှိ လှပသောဟိုတယ်တစ်ခုတွင် အသစ်ချပ်ချွတ် မင်္ဂလာစနိုးမောင်နှံနှစ်ယောက် အေးချမ်းသာယာလှပသော ရာသီဥတုနှင့် ပတ်ဝန်းကျင် အလှအပများကို ငေးမောကြည့်ရှုရင်း ချစ်ခြင်းစကားများကို သိကုံးဖွဲ့နွဲ့နေကြပါသည်။

"မင်္ဂလာသတင်းကို ခုလောက်ရှိ 'အန်တီလေး' ရော မောင့်မိဘတွေရော သိပြီးကြရောပေါ့နော်"

"ဒါပေါ့... မြန်မာတစ်ပြည်လုံးသိတာ မပူနဲ့... မောင့်မိဘတွေကို ပြောပြီးတာကြာပြီပဲ သူတို့တောင်လိုက်လာဖို့ စီစဉ်နေလောက်ပြီ မန္တလေးအိမ်အရင်ဝင်ရှင်းလင်းကြအုံးမှာ"

"ဟိုတစ်ယောက်ကော့ ဒေါ်ပွပြီး ဝမ်းနည်းနေမှာပဲ"

"ဘယ်တစ်ယောက်လဲ"

"'နွယ်'"

"ဒီ 'နွယ်' လား"

"ဟင့်အင်း... ဟို 'နွယ်'"

"သူကစကြမ်းတာပဲ"

"စိတ်စမ်းတာနေမှာပါလေ"

"ဟာ... ခဏခဏ စမ်းတော့နာတယ်ဗျ"

"ယောကျ်ားတွေကိုက ငါးစိမ်းမြင် ငါးကင်ပြစ်တတ်ကြလွန်းတယ်... ကွယ်ရင်မေ့တတ်ကြလွန်းတယ်"

"အဲဒီစကားနှစ်ခုလုံးမှားတယ်နော်... ဟောဒီ ငါးစိမ်းက အစွဲထဲက သံယောဇဉ်ရှိခဲ့ရတာ... အကြာကြီးကွဲနေပေမယ့် မေ့မရလို့





အခုအပိုင်ယူလိုက်တာပေါ့"

"ဒါပေမယ့် မောင့်အကျင့်ကို မကြိုက်ပါဘူး... အာကိစ္စမဆို ဖုတ်ပူမီးတိုက် လုပ်တတ်လွန်းတယ်... လောလွန်းတယ်... အခုလည်း ဘာမှမတိုင်ပင်ထားဘဲ စိတ်ကူးပေါက်တိုင်း လျှောက်လုပ်လာတယ်"

"တွေ့ချင်လွန်းလို့ ချစ်လွန်းလို့ပါကွာ... ဒါကြောင့် ကြံဖန်ပြီးထွက်လာတာ"

"မကြာခင် အတူနေရတော့မှာကိုများ"

"ဟာ... အဲသလောက်ကို သည်းခံပြီး စောင့်မနေနိုင်တော့လို့ ထွက်ချလာတာ... ဒီသတင်းစာနဲ့ သက်သေထူချင်လို့ ယုံပြီလား"

"ယုံလိုက်တော့မယ်"

"မယုံသေးရင်လည်း"

"ဟိုး... ဟိုး... ယုံပြီနော်... ကျိန်တော့မပြပါနဲ့တော့"

"ဟား... ဟား... ဟား ဒီကောင့်ကို အဲသလောက်အထိ ကြောက်တာတဲ့လား"

"ကြောက်တာမဟုတ်ဘူး... မယုံတာ"

"မယုံရင်...."

"အော်... အခုယုံပါပြီဆို... မကျိန်ပါနဲ့တော့... ဘယ်တော့မှ မကျိန်ပါနဲ့တော့နော်"

ငယ်ငယ်တုန်းက မသင့်မြတ်ဘဲ အမုန်းကြီးမုန်းခဲ့ကြသူ နှစ်ယောက်၏ ချစ်ခြင်းက ဘယ်သူမှ ဖျက်ဆီးရတော့မည် မဟုတ်ပါ။

သုံးရက်ခန့် ပြင်ဦးလွင်၊ မန္တလေးတစ်ဝိုက် ပျားရည်ဆမ်းခရီး ထွက်ခဲ့ပြီးနောက် 'ဒေါ်မြတ်မွန်ခင်' ကို ဝင်ကန်တော့ကြသည်။

"မင်း ဘယ်တော့ပြန်ရောက်လာမလဲ... သူတို့ကျောင်းမှာပဲ ညည့်ခံပွဲလုပ်မလား"

"'မေမုန်း' ကြိုက်ရာမှာသာ စီစဉ်ပါစေ... ကျွန်တော်က



Book Sharing

Scanned by CamScanner

ညှိခံဖို့ ပစ္စည်းအားလုံးဝယ်ခဲ့မယ်... မိဘမောင်နှမတွေခေါ်ခဲ့မယ် ပြီးရင် 'အန်တီလေး' ကိုဝင်ခေါ်မယ်... အမှန်အတိုင်းပြောရရင်တော့ ဒါတွေက အပိုအလုပ်တွေဖြစ်သွားပြီ ဘာလို့လဲဆိုတော့ သူတို့ ကျောင်းမှာ လက်ထပ်တချုပ်ပြပြီး သတင်းစာထဲက မင်္ဂလာသတင်း ကိုပြပြီး ကျေးပြီးသွားပြီ"

"ဒါကတော့ ထုံးစံကိုကွယ်... သူတို့ရွာခံတွေနဲ့ ကိုယ့်မိဘ ညီအစ်မ ညီအစ်ကိုတွေ ကျန်သေးတယ်... 'အန်တီလေး' ရဲ့ မိတ် ဆွေတွေကျန်သေးတယ်လေ... မင်းတို့အတွက် 'အန်တီလေး' က မြို့ခံလိုဖြစ်နေတော့ ဒီက မြို့ကျက်သရေခန်းမမှာပဲ လုပ်ပေးမလား လို့... 'အန်တီလေး' ရဲ့ မိတ်တွေတွေ အများကြီးပဲ... ကိုယ်ကပေး ခဲ့ရတာများပြီ ပြန်ယူလိုက်အုံးမယ်"

"သဘော... သဘော 'အန်တီလေး' သဘောပဲ...အလွန်ဆုံး နှစ်လပဲ စောင့်ရမှာပါ"

"ဟုတ်ပြီ... ဒါဆို ဒီမှာရက်ချိတ်ထားလို့ရတယ်... ပြင်ဆင် ထားလို့ရတာပေါ့.... 'သီဟ' တို့ 'ဘူးသီး' တို့ကိုလည်း ခွင့်ရအောင် ကြိုအကြောင်းကြားထားအုန်း"

"ဟုတ်ကဲ့"

'အန်တီလေး' က တူ၊ တူမနှစ်ယောက်ပြန်ခါနီး အိမ်ထဲခဏ ဝင်သွားသည်။ ပြန်ထွက်လာသောအခါ ဆွဲကြိုးနှစ်ကုံး ယူလာပြီး တစ်ယောက်တစ်ကုံး ဆွဲပေးနေသဖြင့် ...

"ဟာ... သူ့ကိုပဲပေးပါ 'အန်တီလေး' ရာ... ကျွန်တော် ဟို တစ်ခါကယူပြီးပါပြီ"

ပြောရင်းမျက်ရည်တွေဝဲလာသဖြင့် ...

"ဒါက မင်္ဂလာလက်ဖွဲ့ အမှတ်တရပေးတာ... မယူလို့မရဘူး 'အန်တီလေး' မှာ ပေးစရာ မင်းတို့ညီအစ်ကို နှစ်ယောက်ပဲရှိတာ...



'သီဟ' ယူရင်လည်း ပေးမှာပဲ... 'အန်တီလေး' သေသွားတဲ့တနေ့ 'အန်တီလေး' စုဆောင်းထားတဲ့ ရွှေငွေအပြင် မင်းတို့ညီအစ်ကို နှစ်ယောက်အတွက် ဒီမြို့မှာ မြေနှစ်ကွက်နဲ့ အိမ်လေးတွေ ဆောက် ထားတယ်ဆိုရင်ရော"

"ကျွန်တော်တို့အတွက်ကြီး စုဆောင်းနေလို့ 'အန်တီလေး' ဘာမှကို မသုံးရဘူးထင်တယ်"

"စည်းနဲ့ကမ်းနဲ့ နေလို့ စုဆောင်းနိုင်တာပေါ့ကွယ်... တ ကယ်လို့ မသေခင် ပွဲခြာသွားပြီး ဆေးဘိုးဝါးခ လိုမယ်ဆိုရင်တော့ ဒါလေးတွေကို ထုခွဲရမှာပေါ့... ဒါပေမယ့် 'အန်တီလေး' အစား အသောက်အနေအထိုင် ဆင်ခြင်ပြီး ကျန်းမာရေးကို ဂရုစိုက်လို့ ရောဂါကြီးကြီးမားမား ဘာမှမရှိပါဘူး... ကဲ... ကဲ... 'မေဖုန်း' ကို လိုက်ပို့ပြီး 'သီဟ' ဆီ ဝင်အုံးမှာမဟုတ်လား... သွားကြတော့... မိုးချုပ်သွားမယ်"

လက်ပြနှုတ်ဆက်သွားသော ငယ်သူငယ်ချင်းဘဝမှ အကြင် လင်မယားဘဝသို့ ကူးပြောင်းသွားသော ကလေးနှစ်ယောက်ကို 'ခေါ်မြတ်မွန်ခင်' ကျေနပ်ဖွာပြုံးကြည့်ရင်း ကျန်ရစ်ခဲ့ပါသည်။

Scanned by CamScanner

## ၁၇

'ဒေါ်မြတ်မွန်ခင်' တစ်ယောက် မိုးလင်းမိုးချုပ် မအားပါ။ နောက်တစ်ပတ်ဆယ်ရက်ဆိုလျှင် နှစ်ပေါင်းများစွာ ခွဲခွာဝေးကွာနေခဲ့သော အစ်ကိုကြီးနှင့် ပြန်တွေ့ရတော့မည်။ မိမိထံအရှုံးပေးပြီး ရောက်လာရမည့် ရွှေယောင်းမတို့ သန့်သန့်ပြန့်ပြန့်ကျယ်ကျယ်ဝန်းဝန်း လွတ်လွတ်လပ်လပ်နေနိုင်ရန် 'သီဟ' တို့ ညီအစ်ကိုနှစ်ယောက်အတွက် ဝယ်ထားသော အိမ်ကလေးများကို သွားရောက်ပြင်ဆင်နေသောကြောင့် ဖြစ်သည်။ နဂိုထဲက ပစ္စည်းပစ္စယ အစုံဝယ်ထားပြီးသားဖြစ်၍ လိုက်ကာ၊ ခေါင်းအုံး၊ ခြင်ထောင် စသည်တို့ ပြင်ဆင်နေခြင်းဖြစ်သည်။ ချက်ပြုတ်စားသောက်ရန် အိုးခွက်ကအစ အရံသင့်လုပ်ပေးထားသည်။ 'ခင်စောဦး' နှင့်တပည့်များကလည်း ဝိုင်းကူကြသည်။ ခြံကလေးထဲတွင် နှင်းဆီ၊ သစ်ခွတို့ကလည်း ပွင့်လန်းနေကြသည်။





"ဆရာမကြီး သတင်းထူးတစ်ခု ကြားပြီးပြီလား... ဈေးထဲမှာပြောနေကြတာ ကြက်သီးထစရာကြီး"

"ဒီအိမ်လေးမှာ ရောက်နေတာ (၂) ရက်ရှိပြီဆိုတော့ မြို့ထဲနဲ့ အဆက်နည်းနည်း ပြတ်နေသလိုပဲ"

"ကျွန်မလည်း အမေတို့ဆီက ပြန်လာပြီးမှ ကြားရတာ မနေ့ကထင်တယ်... ဆရာမတစ်ယောက်ကို စပါးကြီးမြွေမျိုလိုက်လို့တဲ့"

"ဟဲ့... အမယ်လေး... ကြောက်စရာကြီးပါလား... ဘယ်နားမှာလဲ... ဘယ်မြို့မှာလဲ..." ဟုတ်ရောဟုတ်ရဲ့လား... လူတွေကအရမ်းစကားကားတာနော်"

'ဒေါ်မြတ်မွန်ခင်' က ခြံထဲတွင် မနေရဲတော့သဖြင့် အိမ်ပေါ်ပြေးတက်ရင်း ပြောခြင်းဖြစ်သည်။

"ကြားရတဲ့သတင်းအရ ဒီမြို့နယ်အတွင်းမှာပဲတဲ့ ကြားရတဲ့သတင်းက နှစ်မျိုးဖြစ်နေတယ်... တစ်မျိုးက ဆရာမတစ်ယောက် ရွာကနေ သူ့အမျိုးရှိတဲ့ နေရာသွားဖို့ သောကြာနေ့တုန်းက ကျောင်းဆင်းပြီး ရွာကနေ ကားထွက်စီးတာတဲ့ မှောင်တဲ့အထိ ကားမရလို့ သစ်ကားပေါ်တက်စီးတာတဲ့... ဆရာမဆင်းမယ့်နေရာရောက်တော့ ဆင်းဘို့အော်ပြောတော့ ထူးသံမကြားလို့ ကားသမားတွေတက်ကြည့်တော့ ဆရာမကို မြွေမျိုထားတာ ခြေနှစ်ဖက်ပဲ ကျန်တော့တယ်တဲ့"

'ဒေါ်မြတ်မွန်ခင်' က စဉ်းစားသလိုလုပ်နေပြီးမှ ...

"မဖြစ်နိုင်ပါဘူးဟယ်... ကားပေါ်မြွေက ဘယ်လိုပါလာမှာလဲ"

"သစ်တောထဲက လာတဲ့ကားဆိုတော့ လူမသိတုန်း ကားပေါ်တက်နေတာဖြစ်နိုင်တာပဲ"

"အင်း..."

'ခေါ်မြတ်မွန်ခင်' မျက်နှာက သောကဖိစီးသွားပါပြီ။

သောကြာနေ့ဆိုလျှင် 'မေဖုန်း' မိမိထံလာတာ ဖြစ်နေလျှင်ရော...

"နောက်သတင်းတစ်ခုက ပိုဖြစ်နိုင်တယ်"

"ဟင် အင်း... ပြောပါအုံး"

"အမျိုးဆီ ကျောင်းနှစ်ရက်ပိတ်လို့ ပြန်ချင်တဲ့ ဆရာမကို ရွာခံတွေက တားကြတယ်... မှောင်နေပြီ နောက်နေ့မှသွားပါလို့လေ... ဒါပေမယ့် ဆရာမကို တားမရဘူးတဲ့... ကားလမ်းမမှာ ဆရာမက ကားတွေလှမ်းတားပေမယ့် နေရာမရှိလို့ ရပ်မပေးကြဘူး... ဒါနဲ့ သစ်ကားတစ်စီးကို လှမ်းတားတော့ သူတို့သစ်တင်ပြီး ပြန်လာရင် ခေါ်တင်သွားမယ်လို့ ပြောခဲ့တယ်... နာရီဝက် တစ်နာရီကြာမယ်... စောင့်နိုင်ရင်တော့ စောင့်ပါလို့ မှာသွားတယ်... အဲဒီသစ်ကား ပြန်လာတော့ ဆရာမကို မတွေ့ရဘဲ ဆရာမရဲ့ ခြင်းတောင်းအနီလေးနဲ့ ဖိနပ်ကိုပဲတွေ့ရလို့ စိတ်ပူပြီး ရွာခံတွေကို ပြန်အကြောင်းကြားပေးပြီး လိုက်ရှာကြတော့ တောထဲမှာ စပါးကြီးမြွေမျိုထားတာ ခြေနှစ်ဖက်ပဲ ကျန်တော့တယ်တဲ့"

"ဘုရား... ဘုရား လွဲပါစေ... ဖယ်ပါစေ... ငါ့တူမလေး မဖြစ်ပါစေနဲ့"

'ခေါ်မြတ်မွန်ခင်' ၏ မျက်နှာပေါ်တွင် သွေးမရှိတော့။

"ဟုတ်မဟုတ် စုံစမ်းကြည့်ပါလား ဆရာမကြီး"

"အေး... ကားအော်ဒါငှားပေးစမ်း... ငါအရမ်းစိတ်ပူနေလို့ ဘာမှကို မလုပ်နိုင်တော့ဘူး"

ထိုစဉ် ကျောင်းစောင့် ရုံးစာရေး အပြေးအလွှားရောက်လာပြီး

"ဆရာမကြီးဆီကို 'ကိုသီဟ' ဆိုတဲ့လူ ဖုန်းဆက်တယ်...



ဆရာမ 'မေဖုန်းနွယ်' ဆုံးသွားလို့ (*)ဆေးရုံကို လိုက်ခဲ့ပါတဲ့"

"ဟင်... လုပ်ကြပါအုံး... ကယ်ကြပါအုံး... ဘုရား... ဘုရားကလေးရယ်.. သမီးလေးရယ် ဘယ်လိုဖြစ်ရတာလဲကွယ်... 'အနှိတီလေး' ဘယ်လိုမှ မဖြေနိုင်တော့ပါလားကွယ်... အီး... ဟီး... ဟီး..."

'ခေါ်မြတ်မွန်ခင်' လှေကားထစ်တွေ ဝုန်းခနဲထိုင်ချပြီး အသံထွက်၍ စိတ်လွှတ်လက်လွှတ်ငိုနေပါတော့သည်။

သူမကို အလွန်ချစ်မြတ်နိုးရှာသော သားကြီးများ ဤသတင်းကိုကြားရလေလျှင် ဘယ်လိုခံစားရမည်နည်း။ အိပ်မက်သာ ဖြစ်လိုက်ပါတော့။

အိပ်မက်သာ ဖြစ်လိုက်ပါတော့... ဟု ဆုတောင်းလိုက်မိသည်။

Scanned by CamScanner

" 'နန္ဒ' ဆိုအကြောင်းကြားပြီးပြီလား"

"အားလုံးဆီအကြောင်းကြားပြီးပြီ 'အန်တီလေး' လေယာဉ်နဲ့လာကြမယ်ပြောတယ်"

'ဘူးသီး' အရင်ရောက်လာပါသည်။

အစ်မဖြစ်သူ၏ အဖြစ်ဆိုးအတွက် ယူကြုံးမရဖြစ်ပြီး စကားပင်မပြောနိုင်တော့ပါ။ ပြန်လည်ရရှိသော ဖိနပ်၊ ခြင်းတောင်းနှင့် ဆွဲကြိုးလေးကိုကိုင်ရင်း၊ တရှုံ့ရှုံ့ငိုရင်း ပြန်လည်မရရှိနိုင်တော့သော အစ်မဖြစ်သူ၏ ခန္ဓာကိုယ်နှင့် အပိုင်ဖွည်းတစ်ခုဖြစ်သော နှစ်လသားခန့်ရှိ သန္ဓေသားလေးကို နမြောတသစွာ ငေးစိုက်ကြည့်နေပါတော့သည်။

'ကိုနန္ဒ' သာသိလျှင် မည်မျှကြေကွဲမည်နည်း။

သူအလွန်ချစ်သော ငယ်ချစ်၊ ဘဝကြင်ဖော်ကို ဆုံးရှုံးရသည့်အပြင် သူတို့နှစ်ဦး၏ ကိုယ်ပွားလေးပင် အစစ်ပါသွားခဲ့သည် မဟုတ်လား။

သို့သော် 'နန္ဒ' ကိုမျှော်လင့်နေကြသော်လည်း အချိန်လွန်



သည်အထိ ပေါ်မလာသဖြင့် 'မေဖုန်း နှယ်' ကို မီးသင်္ဂြိုဟ်လိုက်ရတော့သည်။

အစ်မဖြစ်သူအတွက် ဖြေမဆည်နိုင်ဖြစ်ပြီး သတိလက်လွတ်ဖြစ်ကာ မေ့၍လဲကျသွားသော 'ဘူးသီး' ကို 'ဒေါ်မြတ်မွန်ခင်' နှင့် 'သီဟ' က ပွေ့ချီပြီး သတိရအောင် လုပ်ပေးနေကြရသည်။ အားပေးစကားပြောကြားပေးနေကြရသည်။

'နန္ဒ' ဘာကြောင့် ရောက်မလာပါလိမ့်ဟု စိတ်ပူကြရပြန်သည်။

'နန္ဒ' တာဝန်ကျရာ ဆေးရုံကို စုံစမ်းတော့လည်း သတင်းကြားကြားခြင်း လေယာဉ်လက်မှတ်ရအောင် ဝယ်ယူသွားနိုင်သလို စီးနင်းလိုက်ပါသွားကြောင်းလည်း သိရသည်။ ဒါဆိုလျှင် လေယာဉ်ကွင်းနှင့် ဆေးရုံအကြား မိုင် (၁၀၀) အတွင်း ပျောက်ဆုံးနေကြောင်း သေချာသည်။

ထို့ကြောင့် 'သီဟ' နှင့် 'ဒေါ်မြတ်မွန်ခင်' တို့၏ ခင်ရာမင်ရာ မိတ်ဆွေများနှင့် ရဲစခန်းများသို့ အကြောင်းကြားနိုင်းပြီး ဆေးရုံများသို့ အသီးသီးစုံစမ်းသောအခါ ...

လေယာဉ်ကွင်းမှထွက်ပြီး နာရီဝက်ခရီးတွင် 'နန္ဒ' စီးလာသော ဗင်ကားနှင့် ကုန်တင် (၁၀)ဘီးကားတို့ မျက်နှာချင်းဆိုင်တိုက်မိပြီး ဗင်ကားပေါ်ပါလာသည့် ခရီးသည် သုံးဦးပွဲချင်းပြီးသေဆုံးသွားကြောင်း သိရသည်။ ထိုသုံးဦးထဲတွင် 'နန္ဒ' လည်း ပါသွားခဲ့သည်။

'ဒေါ်မြတ်မွန်ခင်' 'သီဟ' နှင့် 'ဘူးသီး' တို့သုံးယောက် 'နန္ဒ' အလောင်းရှိရာ ဆေးရုံဆီသို့ ကားဖြင့် ချက်ချင်းလိုက်ခဲ့ကြသည်။

အရှိန်ပြင်းလွန်းသဖြင့် တစ်ကိုယ်လုံး ကြိုးကြေသလို ဖြစ်နေသော်လည်း မျက်နှာကတော့ အကောင်းပကတိ မှတ်မိနိုင်လောက်

သဖြင့် မသေချာစရာမရှိ။ ရဲစခန်းတွင်သိမ်းဆည်းထားသော ဆွဲကြိုးလေးကို ပြန်လည်လက်ခံရရှိသဖြင့် 'ဒေါ်မြတ်မွန်ခင်' ယူကြုံးမရဖြစ်ရပါတော့သည်။

ဆရာမကြီး၏ လက်ပွေ့အိတ်ထဲတွင် 'မေဖုန်းနွယ်' ၏ ကြိုးလေးလည်းရှိနေသဖြင့် ထိုနှစ်ကုံးစလုံးရောင်းပြီး သူတို့နှစ်ဦးအတွက် လှူဒါန်းပေးလိုက်တော့မည်ဟု စိတ်ကူးလိုက်မိသည်။

'အစ်ကိုနန္ဒ' အတွက် ပိုပြီးခံစားရပါသည်။

ဇနီးသည်နှင့်အတူ ရင်သွေးလေးပါသွားရသည်ကို သူသိမသွားရှာ။ မိဘတွေလည်း 'ကိုနန္ဒ' ၏ နောက်ဆုံးခရီးကို လိုက်မပို့နိုင်တော့ပါ။

အစ်မနှင့်ခဲအို၏ နောက်ဆုံးခရီးကို တာဝန်ကျေစွာ ကံကောင်းစွာ ကြည့်ရှုကူညီနိုင်သူက 'ဝေပြုံးချယ်' ခေါ် 'ဘူးသီး' ပါပဲ။

ထို့အတူ အစ်ကိုနှင့်မရီး၏ နောက်ဆုံးခရီးကို တာဝန်ကျေစွာ ကံကောင်းစွာ ကြည့်ရှုကူညီနိုင်သူက 'သီဟ'။

'ဒေါ်မြတ်မွန်ခင်' က 'သီဟ' နှင့် 'ဘူးသီး' တို့နှစ်ယောက်၏ လက်ကိုဆွဲရင်း ထွက်ခဲ့ပါသည်။

ကားပေါ်တက်ခါနီး 'နန္ဒ' ၏ မိးခိုးငွေ့များကို လှမ်းကြည့်ရင်း ....

"သေခြင်းတရားကို ဘယ်သူမှ မလွန်ဆန်နိုင်ကြဘူးပေါ့လေ တစ်သက်မှာ တစ်ခါတော့ သေကြရတာကြီးပါပဲ... ဒါပေမယ့် သားကြီးနဲ့ 'မေဖုန်း' လိုသေခြင်းကတော့ ဆိုးဝါးလွန်းလှပါတယ် မင်းတို့တွေနောက်ကို လွယ်လွယ်နဲ့ မကျိန်ကြစမ်းပါနဲ့ကွယ်... မင်းတို့အားလုံးဟာ ဟိုးငယ်ငယ်လေးတည်းက ပါးစပ်ထဲမှာ ကျိန်တွယ်ပြောဆိုရတာကို လွယ်လွယ်သုံးတတ်လွန်းတယ်... 'ဝေပြုံး' လည်း အဝေးကြီးမှာ အထီးကျန်တစ်ယောက်ထဲ မနေပါနဲ့တော့



နော်... 'အန်တီလေး' နဲ့လာနေပါ... သွားလေသူနှစ်ယောက်အတွက် ရည်ရွယ်ထားတဲ့ အိမ်ကလေးနဲ့ ခြံကလေးကို 'ဝေပြုံး' အတွက် အပိုင်ပေးလိုက်မယ်... 'ဝေပြုံး' ကို အန်တီရဲ့ သမီးအရင်းလေးလို မွေးစားပါ့မယ်... ဒီလောကကြီးမှာ 'အန်တီလေး' သံယောဇဉ်အထားရဆုံးကတော့ ဟောဒီ တူလေးပဲရှိပါတော့တယ်... ဟောဒီ တူမလေးရယ်... ငါတို့သုံးယောက် စည်းစည်းလုံးလုံးနေချင်တယ်ကွယ်"

'အန်တီလေး' ဘာကိုဆိုလိုကြောင်း နှစ်ယောက်လုံး သဘောပေါက်ပါသည်။

သွားလေသူ အစ်ကိုကြီး 'နန္ဒ' နှင့် 'မေဖုန်းနွယ်' တို့ကလည်း မိမိတို့နှစ်ဦးကို ဆုံစည်းပေးချင်ခဲ့ကြသည်။

ယခု 'အန်တီလေး' ကလည်း တောင်းဆိုနေပြီဖြစ်၍ မငြင်းတော့ဘူး၊ ခွဲမသွားတော့ဘူးဟု နှစ်ယောက်လုံး ဆုံးဖြတ်ချက်ချလိုက်ကြပါသည်။

ထိုဆုံးဖြတ်ချက်ကြောင့် 'သီဟ' နှင့် 'ဝေပြုံးချယ်' တို့ တစ်ဦးလက်ကို တစ်ဦးတွဲပြီး 'ဒေါ်မြတ်မွန်ခင်' နောက်မှ လိုက်ပါလာခဲ့ကြတော့သည်။

အားလုံးရွှင်လန်းချမ်းမြေ့ပါစေ
ဆွေဆွေအောင်

Book Sharing

Scanned by CamScanner